ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 8 August 2018 ၉၇၇၂

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၅၁)နှစ်မြောက် အာဆီယံနေ့ သဝဏ်လွှာပေးပို့

## လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံအသိုက်အဝန်းထူထောင်မှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ရန် အားပေးတိုက်တွန်း

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

**လေးစားအပ်ပါသောပြည်သူအပေါင်းတို့ခင်ဗျား-**

ဒီကနေ့ဟာ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အသင်းကြီး ထူထောင်တာ ၅၁ နှစ်ပြည့်မြောက်တဲ့ အခါသမယဖြစ်ပါတယ်။ အရှေ့တောင်အာရှဒေသရှိ နိုင်ငံပေါင်း ၁၀ နိုင်ငံနဲ့ ဖွဲ့စည်းထားတဲ့ အာဆီယံအသင်းကြီးဟာ ဒေသတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူသန်းပေါင်း ၆၀၀ ကျော်အတွက် ပိုမိုကောင်းမွန်တဲ့ မျှော်လင့်ချက်၊ ရည်မှန်းချက်နှင့် ယုံကြည်မှုတွေကို ဖော်ဆောင်ပေးဖို့ ရည်ရွယ်ချက်နဲ့ ခရီးဆက်လျက်ရှိပါတယ်။ ယနေ့ကျရောက်တဲ့ အထိမ်းအမှတ်အခါသမယမှာ မြန်မာနိုင်ငံအတွင်းနဲ့ အာဆီယံဒေသတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူပြည်သားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများဟာ ယဉ်ကျေးမှုနဲ့ သမိုင်းအစဉ်အလာများအရ ရှေးနှစ်ပေါင်းများစွာကတည်းက ဆက်စပ်ဆက်နွှယ်မှုများရှိခဲ့ကြပါတယ်။ ဒီဆက်စပ်ဆက်နွှယ်မှုများဟာ မတူကွဲပြားခြားနားတဲ့ကြားက လက်ရှိစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာမှာ မိမိတို့ကို ပိုမိုစည်းလုံးစေပြီး ကွဲပြားခြားနားမှုများကို လျော့နည်းစေကာ အာဆီယံကို ပိုမိုစည်းလုံးညီညွတ်စေခဲ့ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဒိန်းမတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

စာမျက်နှာ » ၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

စာမျက်နှာ » ၅

ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ အစည်းအဝေးကျင်းပ

စာမျက်နှာ » ၈

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ စီးပွားရေးစကားဝိုင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ပြုလုပ်

စာမျက်နှာ » ၁၀



ကြေးမုံ

## ပူးပေါင်းဆောင်ရွက် ချစ်ကြည်ရင်းနှီးမှုတိုးတက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနိုတို့သည် ဩဂုတ်လ ၆ ရက်နေ့က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံခဲ့သည်။ တွေ့ဆုံပြီးသောအခါ မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲကိုကျင်းပခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ချစ်ကြည်ရင်းနှီးမှုတိုးတက်ရေး စသည်တို့ကို နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးက ပွင့်ပွင့်လင်းလင်း ရှင်းလင်းပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီထောက်ပံ့ပေးသွားမည့် အခြေအနေ၊ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ဂျပန်နိုင်ငံ၏ သဘောထားတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် ထိရောက်စွာ ဆောင်ရွက်သွားမည့်အခြေအနေနှင့် ဂျပန်နိုင်ငံမှ ကူညီထောက်ပံ့ပေးမည့်အခြေအနေတို့နှင့်စပ်လျဉ်း၍ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

ထိုသို့ ဖြေကြားခဲ့ရာတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ဖို့ဆိုရင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှစ်ခုစလုံး တိုးတက်အောင်လုပ်ဖို့လိုပါတယ်"ဟု ပြောကြားခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် ရုပ်ပိုင်းဆိုင်ရာဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာဆိုသည်မှာ ပြည်သူလူထုအချင်းချင်းကြားတွင် ပိုမို၍ နားလည်မှုရှိဖို့၊ ပိုမို၍ ခင်မင်မှုရှိဖို့ ဆိုလိုသည်ကို သိရှိခဲ့ရသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ဂျပန်နိုင်ငံအနေဖြင့် အကူအညီများစွာ ပေးနေသည်ကို မြင်တွေ့နိုင်သည်။ မြန်မာနှင့် ဂျပန် နှစ်နိုင်ငံ အစိုးရနှင့် ပြည်သူများကြားတွင် ရှေးအစဉ်အဆက်ကတည်းက မိတ်ဆွေကောင်းပီသသည့် ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပြီးဖြစ်သည်။ နှစ်နိုင်ငံပြည်သူများအကြား ပိုမို၍ နားလည်မှုရှိဖို့၊ ခင်မင်မှုရှိဖို့၊ ခင်မင်မှုများ ပိုမိုခိုင်မာလာဖို့အတွက် နှစ်နိုင်ငံလူငယ်အချင်းချင်း ပိုမို ထိတွေ့မှုရှိအောင် ဆောင်ရွက်ခြင်းဖြင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုထက် ပိုမို တိုးတက်ခိုင်မာစေမည်ဖြစ်သည်။

နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် ထိရောက်စွာဆောင်ရွက်သွားမည့် အခြေအနေ၊ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ နိုင်ငံ၏ သဘောထားတို့နှင့် ဂျပန်နိုင်ငံမှ ကူညီထောက်ပံ့မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းရှင်းလင်းလင်း ပြောကြားခဲ့သည်။ ရခိုင်ပြည်နယ်အရေးမှာ သိမ်မွေ့နက်နဲပြီး ရှုပ်ထွေးသောကြောင့် ပြဿနာများကို တစ်လှမ်းချင်း၊ တစ်လှမ်းချင်း ဖြေရှင်းသွားကြရမည်သာဖြစ်ပြီး ဂျပန်နိုင်ငံ၏ အပြုသဘောဆောင်သည့် ကူညီထောက်ပံ့မှုများကို ကြိုဆိုလက်ခံရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံခြင်းသည် နှစ်နိုင်ငံ ကောင်းသောအကျိုးရလဒ်များကို ဆောင်ကြဉ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ယခုတွေ့ဆုံမှုသည် နှစ်နိုင်ငံရေရှည်ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံ ပြည်သူများ ခင်မင်ရင်းနှီးမှုများမှာ ပိုမို၍အဓိကကျကြောင်း ပြသလိုက်ခြင်းလည်းဖြစ်သည်။ နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား အပြန်အလှန်နားလည်မှု၊ အပြန်အလှန် လေးစားမှုဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့ခြင်းဖြစ်ရာ မြန်မာနှင့် ဂျပန်နှစ်နိုင်ငံ၏ အနာဂတ်တွင် ပိုမိုကောင်းမွန်သော အကျိုးရလဒ်များကို ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm




လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ ( စနေ၊ တနင်္ဂနွေ၊ တနင်္လာ )

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## ၂၀၁၈ ခုနှစ် အာရှကလပ် (အမျိုးသား) ဘော်လီဘောပြိုင်ပွဲတွင် အီရန်ကလပ်အသင်း ပထမရရှိ



**နေပြည်တော် ဩဂုတ် ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၈ ခုနှစ် အာရှကလပ် အမျိုးသား ဘော်လီဘောပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ယမန်နေ့က ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ဗိုလ်လုပွဲစဉ်အဖြစ် ညနေ ၆ နာရီခွဲတွင် အီရန်ကလပ် KHATAM ARDAKAN အသင်းမှ ကာဇက်စတန်ကလပ် ATYRAU VC အသင်းကို ၂၉-၂၇၊ ၂၅-၂၃၊ ၂၅-၂၂ ဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမ အကောင်းဆုံးအစွန်ရိုက်ဆု ရရှိသော အီရန်ကလပ်အသင်းမှ AMIRI Hossein (N0.11)၊ ဒုတိယ အကောင်းဆုံးအစွန်ရိုက် ဆုရရှိသော ကာဇက်စတန်ကလပ် အသင်းမှ Netalin Aibat(N0.7)၊ ပထမ အလယ်ပိတ်ဆို့မှု အကောင်းဆုံးဆု ရရှိသော အီရန်ကလပ်အသင်းမှ Gholami Adel (N0.9)၊ ဒုတိယ အလယ်ပိတ်ဆို့မှု အကောင်းဆုံးဆု ရရှိသော ဗီယက်နမ်ကလပ်အသင်းမှ Nguyen Dinh Nhu (N0.12)၊ စွယ်စုံရိုက် အကောင်းဆုံးဆုရရှိသော ပါကစ္စတန်ကလပ်အသင်းမှ KHAN Aimal (N0.8)၊ ပင့်ထောင် အကောင်းဆုံးဆုရရှိသော ကာဇက်စတန်ကလပ်အသင်းမှ Khaldrolin Roman (N0.2)၊ လီဗရိုအကောင်းဆုံးဆုရရှိသော အီရန်ကလပ်အသင်းမှ Yousefi Mojtaba (N0.17)နှင့် တန်ဖိုးအရှိဆုံး အားကစားသမားဆု ရရှိသော အီရန်ကလပ်အသင်းမှ Zarini Hamzeh (N0.7)တို့အား မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က လည်းကောင်း၊ တတိယဆုရရှိသော ပါကစ္စတန်ကလပ် WAPDA အသင်းအား အာရှဘော်လီဘောအဖွဲ့ချုပ်မှ Mr. Songsak Chareonpong ကလည်းကောင်း၊ ဒုတိယဆုရရှိသော ကာဇက်စတန်ကလပ် ATYRAU VC အသင်းအား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း၊ ပထမဆုရရှိသော အီရန်ကလပ် KHATAM ARDAKAN အသင်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်ကလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၇**

ရန်ကုန်(ရွှေဈေး) ၉၄၉၀၀၀ - ၉၄၉၀၀၀ မန္တလေး(ရွှေဈေး) ၉၄၉၀၀၀ - ၉၄၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၆၀/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၅/၉၆၀ ကျပ်၊ | ၁၀၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၈၀/၉၁၀ ကျပ်၊ | ၉၅၀/၉၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၅/၉၅၀ ကျပ်၊ | ၉၇၀/၉၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၃/၈၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၀/၉၀၅ ကျပ်၊

အောက်တိန်း ၉၂ တစ်လီတာ ၈၅၅/၈၆၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၃၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၆၂.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၉.၈၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၃.၁၄၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၅၂.၂၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၈၉၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၉၂.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၇၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၃.၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၁.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

☆ ရှေ့ဖုံးမှ

၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ အာဆီယံအဖွဲ့အစည်း စတင်ထူထောင်ခဲ့တဲ့ အချိန်ကာလဟာ ဒေသတွင်း မတူကွဲပြားမှုနဲ့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရတဲ့ အချိန်ဖြစ်တဲ့အတွက် အသင်းကြီးရဲ့ ရေရှည်တည်ရှိမှု အပေါ် သံသယတွေရှိခဲ့ပါတယ်။ ဒါပေမယ့် တူညီတဲ့ရည်မှန်းချက်နဲ့ ခိုင်မာတဲ့ ဆုံးဖြတ်ချက်တို့က အာဆီယံကို ပိုမိုစည်းလုံးညီညွတ်ပြီး ပိုမိုခိုင်မာတောင့်တင်းစေခဲ့ပါတယ်။

၁၉၆၇ ခုနှစ်ကစပြီး စတင်အကောင်အထည်ဖော်လာခဲ့တဲ့ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများဟာ တူညီဆန္ဒကို အခြေခံတဲ့ ချဉ်းကပ်မှုနည်းလမ်းများရဲ့ အခြေခံအုတ်မြစ်ဖြစ်ခဲ့ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို အထောက်အကူဖြစ်စေခဲ့ပါတယ်။

ယနေ့ကျရောက်တဲ့ (၅၁)နှစ်မြောက် အထိမ်းအမှတ်နေ့ကို ကျင်းပနေချိန်မှာ မိမိတို့အနေနဲ့ အလားအလာရှိတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းအဖြစ် ရပ်တည်စေတဲ့ ဗန်ကောက်ကြေညာစာတမ်းကို လက်မှတ်ရေးထိုးပြီး အာဆီယံအသင်းကြီးကို စတင်တည်ထောင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးများရဲ့ အမြော်အမြင်ကို မေ့လျော့မထားဖို့ တိုက်တွန်းလိုပါတယ်။ မိမိတို့အနေနဲ့ အာဆီယံကို စတင်ထူထောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးများရဲ့ ဉာဏ်အမြော်အမြင်၊ မျှော်မှန်းချက်နဲ့ အားထုတ်ကြိုးပမ်းမှုတွေကို ချီးကျူးဂုဏ်ပြုပြီး အာဆီယံရဲ့ ရှေ့အနာဂတ်ခရီးလမ်းမှာ အခြေခံအုတ်မြစ်များအဖြစ် လက်ဆင့်ကမ်း အသုံးပြုသွားကြရမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသောပြည်သူအပေါင်းတို့ခင်ဗျား-**

အာဆီယံအနေနဲ့ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုတိုးမြှင့်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲပြီး အခိုင်အမာပေါင်းစည်းတဲ့ စီးပွားရေးကို တည်ဆောက်ရေးနဲ့ အာဆီယံပြည်သူများရဲ့ လူနေမှုဘဝ တိုးတက်မြင့်မားစေရေးတို့အတွက် တူညီတဲ့မျှော်မှန်းချက်နဲ့ ခိုင်မာတဲ့ကတိကဝတ်ရှိပါတယ်။

(၅၁)နှစ်တာဖြတ်သန်းခဲ့ကြပြီးတဲ့နောက် ယနေ့အချိန်မှာ အာဆီယံအသင်းကြီးဟာ လျော့ရဲတဲ့အဖွဲ့အစည်းတစ်ခုအဖြစ်ကနေ ကိုယ်ပိုင်ပဋိညာဉ်၊ ဥပဒေကြောင်းအရ တည်ရှိမှုနဲ့ ဥပဒေကိုအခြေခံတဲ့ အဖွဲ့အစည်းကြီးအဖြစ် ပြောင်းလဲရပ်တည်လျက်ရှိပါတယ်။ အာဆီယံအနေနဲ့ နိုင်ငံရေးအရညီညွတ်ပြီး စီးပွားရေးအရပေါင်းစည်းကာ လူမှုရေးအရတာဝန်ယူမှုရှိတဲ့ ပြည်သူကို ဦးတည်၊ ပြည်သူကိုဗဟိုပြုပြီး ဥပဒေကိုအခြေခံတဲ့ အာဆီယံအသိုက်အဝန်းအဖြစ် ရှေ့ဆက်လျှောက်လှမ်းလျက်ရှိပါတယ်။

အာဆီယံဟာ ယခုအချိန်မှာ စီးပွားရေးအရ မှန်မှန်တိုးတက်လျက်ရှိပြီး ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံး ဈေးကွက်တစ်ခုဖြစ်လာခဲ့ပါတယ်။ ယခုအခါ အာဆီယံဟာ ကမ္ဘာမှာ ဆဋ္ဌမမြောက်အကြီးဆုံး စီးပွားရေးအသိုက်အဝန်းကြီးတစ်ခုအဖြစ် ရပ်တည်ပြီး ၂၀၃၀ ပြည့်နှစ်မှာ ကမ္ဘာ့စတုတ္ထမြောက်အကြီးဆုံးတစ်ခုတည်းသော ဈေးကွက်အဖြစ် ဖော်ဆောင်နိုင်ဖို့မျှော်မှန်းထားပါတယ်။ ဒါ့အပြင် အာဆီယံဒေသဟာ ကမ္ဘာပေါ်မှာ တတိယမြောက် လုပ်သားအင်အားအများဆုံးဖြစ်ပြီး ကြီးမားတဲ့လုပ်သားဈေးကွက်ရှိနေခြင်းဟာလည်း ဒေသအတွက် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလာဖို့ အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါတယ်။

> ❛ အာဆီယံအသိုက်အဝန်းအနေနဲ့ ကြိုးပမ်းအားထုတ်မှုများကြောင့် သိသာထင်ရှားတဲ့ အောင်မြင်မှုများစွာ ရရှိခဲ့ပေမယ့်လည်း အာဆီယံဟာ ယနေ့အချိန်အခါမှာ သမားရိုးကျနဲ့ သမားရိုးကျမဟုတ်တဲ့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ နိုင်ငံဖြတ်ကျော်မှုခင်း၊ အကြမ်းဖက်တိုက်ခိုက်မှု၊ ဆိုက်ဘာလုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု၊ အစားအစာနဲ့ စွမ်းအင်ဖူလုံရေး စတဲ့ အားလုံးနဲ့သက်ဆိုင်တဲ့ စိန်ခေါ်မှုတွေဖြစ်ပြီး ၎င်းတို့ကို ရင်ဆိုင်ဖြေရှင်းတဲ့နေရာမှာ အာဆီယံအသင်းကြီးဟာ အခြေခံအုတ်မြစ်ဖြစ်တဲ့ စုပေါင်းအင်အားကို ထုတ်ဖော်ပြသနိုင်တဲ့အပြင် စိန်ခေါ်မှုတွေကို ကြံ့ကြံ့ခံနိုင်မှုရှိလာပြီး ပိုမိုစည်းလုံးညီညွတ်လာခဲ့ပါတယ် ❜

အာဆီယံအဖွဲ့အစည်းဟာ တန်းတူညီမျှရှိခြင်း၊ အပြန်အလှန်လေးစားခြင်း၊ တူညီတဲ့ ကတိကဝတ်နဲ့ စုပေါင်းတာဝန်ယူခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းနဲ့ တူညီဆန္ဒ၊ ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းစတဲ့ အာဆီယံလမ်းစဉ်အပေါ် အခြေခံပြီး အာဆီယံအသိုက်အဝန်းကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ အလားတူပဲ အာဆီယံအဖွဲ့အစည်းဟာ အာဆီယံပြည်သူများရဲ့ လူနေမှုအဆင့်အတန်း တိုးတက်မြင့်တင်ဖို့အတွက် ၂၀၁၅ ခုနှစ်မှာ အာဆီယံခေါင်းဆောင်များ သဘောတူချမှတ်ခဲ့တဲ့ "၂၀၂၅ ခုနှစ် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်" နဲ့ ကုလသမဂ္ဂအဖွဲ့က ချမှတ်ခဲ့တဲ့ "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (၂၀၃၀)"တို့ရဲ့ အပြန်အလှန် သဟဇာတဖြစ်မှုရဲ့ အရေးပါမှုကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံအသိုက်အဝန်းအနေနဲ့ ကြိုးပမ်းအားထုတ်မှုများကြောင့် သိသာထင်ရှားတဲ့ အောင်မြင်မှုများစွာ ရရှိခဲ့ပေမယ့်လည်း အာဆီယံဟာ ယနေ့အချိန်အခါမှာ သမားရိုးကျနဲ့ သမားရိုးကျမဟုတ်တဲ့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ နိုင်ငံဖြတ်ကျော်မှုခင်း၊ အကြမ်းဖက်တိုက်ခိုက်မှု၊ ဆိုက်ဘာလုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု၊ အစားအစာနဲ့ စွမ်းအင်ဖူလုံရေးစတဲ့ အားလုံးနဲ့သက်ဆိုင်တဲ့ စိန်ခေါ်မှုတွေဖြစ်ပြီး ၎င်းတို့ကို ရင်ဆိုင်ဖြေရှင်းတဲ့နေရာမှာ အာဆီယံအသင်းကြီးဟာ အခြေခံအုတ်မြစ်ဖြစ်တဲ့ စုပေါင်းအင်အားကို ထုတ်ဖော်ပြသနိုင်တဲ့အပြင် စိန်ခေါ်မှုတွေကို ကြံ့ကြံ့ခံနိုင်မှုရှိလာပြီး ပိုမိုစည်းလုံးညီညွတ်လာခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၈ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌက အနာဂတ်စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းနိုင်ပြီး မိမိတို့ရဲ့ ကြိုးပမ်းအားထုတ်မှုကို ပိုမိုခိုင်မြဲစေဖို့ရည်ရွယ်ပြီး "ကြံ့ခိုင်၍ ထိထွင်ဆန်းသစ်မှုရှိသည့် အာဆီယံ"ဆိုတဲ့ ဦးတည်ချက်ကို ချမှတ်ခဲ့တာဖြစ်ပါတယ်။ ဒါဟာ လျော်ကန်သင့်မြတ်မှုရှိပြီး အချိန်ကိုက်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

**လေးစားအပ်ပါသောပြည်သူအပေါင်းတို့ခင်ဗျား-**

အားလုံးပါဝင်ပြီး စည်းလုံးညီညွတ်ကာ ထိထွင်ဆန်းသစ်မှုရှိတဲ့ အာဆီယံအသိုက်အဝန်းကို အကောင်အထည်ဖော်တဲ့နေရာမှာ အာဆီယံဟာ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနဲ့ သဘာဝအရင်းအမြစ် ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာတို့မှာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပြည်သူများရဲ့ လူနေမှုအဆင့်အတန်း မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တူညီတဲ့ သွင်ပြင်လက္ခဏာကို ဖော်ဆောင်ဖို့ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုနဲ့ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ တာဝန်သိတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံ အကောင်အထည်ဖော်ခြင်း၊ ဒေသတွင်း ပေါင်းစည်းညီညွတ်ခြင်းနဲ့ အာဆီယံအသိုက်အဝန်း တည်ထောင်ခြင်းတို့မှာ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ယနေ့အချိန်အခါသမယမှာ ဒေသတွင်းနဲ့ နိုင်ငံတကာရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ သာယာဝပြောမှုကို အထောက်အကူဖြစ်စေမယ့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ အာဆီယံအသိုက်အဝန်း ထူထောင်မှုလုပ်ငန်းစဉ်တို့မှာ ဆတက်ထမ်းပိုး ကြိုးပမ်းအားထုတ်ပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဖို့ ပြည်သူတစ်ရပ်လုံးကို အားပေးတိုက်တွန်းလိုက်ရပါတယ်။ ။

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၇**

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် ဂျာမနီသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mrs. DorotheeJanetzke-Wenzel နှင့်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ အသိပညာပေးရေးတို့နှင့်ပတ်သက်၍ ဆောင်ရွက်နေသည့်အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ သတင်းပေးတိုင်ကြားသူများအား အကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂) နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ခြောက်လတာ ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ဆွေးနွေးခြင်းနှင့် သဘာဝရော်ဘာ ထုတ်လုပ်သော နိုင်ငံများအသင်းသို့ ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)ကို လွှတ်တော်က သဘောတူအတည်ပြု

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ဒီဇင်ဘာ ၈ ရက်တွင် အဆိုပါ သဘောတူစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပါကြောင်း။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အရ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)ကို အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၆) ဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစုအဖွဲ့ စသည်ဖြင့် အစုအဖွဲ့ ၃ ဖွဲ့ အဖွဲ့ဝင် ၄၈ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ထိုသို့ဖွဲ့စည်းထားသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)တွင် ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်ချက်များ၊ ဆွေးနွေးရမည့် ခေါင်းစဉ်များ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိလာသော သဘောထားစုစည်းချက်များကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ အခြေခံမူ အဆိုပြုလွှာများအဖြစ် အဆိုပြုတင်သွင်းခဲ့ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီက အဆိုပြုတင်သွင်းသော အခြေခံမူအဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများ အဆင့်ဆင့် ကျင်းပပြီး ရရှိလာသည့် အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါကြောင်း၊ အဆိုပါ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂) တွင် နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၄)ချက်၊ စီးပွားရေးကဏ္ဍ အခြေခံမူသဘောတူညီချက် (၁)ချက်၊ လူမှုရေးကဏ္ဍအခြေခံမူသဘောတူညီချက် (၇)ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍအခြေခံမူသဘောတူညီချက် (၂)ချက် စုစုပေါင်း (၁၄)ချက် ပါဝင်ပါကြောင်း။

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အပိုဒ်(၂၀) အပိုဒ်ခွဲ (င)အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက ၂၀၁၈ခုနှစ် ဇူလိုင် ၁၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အပိုဒ်(၂၀) အပိုဒ်ခွဲ (စ) တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်းဟု လည်းကောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အခန်း(၈) အပိုဒ် (၂၈) တွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများကိုလည်းကောင်း၊ ပြည်ထောင်စု သဘောတူစာချုပ်တစ်ရပ်လုံးကို လည်းကောင်း အနီးဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရယူရမည်ဟူ၍လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ၏ လုပ်ငန်းလမ်းညွှန်အပိုဒ်(၃) အပိုဒ်ခွဲ(ဈ)တွင် UPDJC သည် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများကိုလည်းကောင်း၊ ပြည်ထောင်စုသဘောတူစာချုပ်တစ်ရပ်လုံးကိုလည်းကောင်း အနီးဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရယူနိုင်ရေးအတွက် ဆောင်ရွက်ရမည်ဟူ၍လည်းကောင်း ဖော်ပြပါရှိသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် လက်မှတ်ရေးထိုးရရှိလာသည့် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂)ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသော မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့အတွင်းရှိ မြို့၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာအဖွဲ့များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်းက အစီရင်ခံစာအပေါ်တွင် လွှတ်တော်ကိုယ်စားလှယ် ကိုးဦးက ဆွေးနွေးတင်ပြထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးထားသည်မှာ ဥပဒေအထောက်အကူပြုအဖွဲ့သည် ပြည်သူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် မုဒိမ်းမှုကို မိမိတို့ကူညီသည်ဆိုပါက မိမိတို့အဖွဲ့၏ ရည်ရွယ်ချက်များ ပျောက်သွားမည်လားဆိုသည်ကို စဉ်းစားရမည်ဖြစ်ပါကြောင်း၊ သို့သော် တိတိကျကျပြောနိုင်သည်မှာ မုဒိမ်းမှုကို လိုအပ်သည့် ဥပဒေအထောက်အကူပေးရုံဖြင့် အဆိုပါ အမှုမှာ ပျက်မသွားပါကြောင်း၊ မိမိတို့ အဖွဲ့အနေဖြင့် တရားရုံးမှ ကိုင်တွယ်နေသည့် အမှုကို လွတ်စေ သို့မဟုတ် ကျစေဆိုသည့် သဘောဖြင့် ကူညီမည် မဟုတ်ပါကြောင်း၊ ဥပဒေအရ လိုအပ်ချက်များ၊ ဥပဒေတွင်ရှိသည့် အခွင့်အရေးများကို မသိသည့် ပြည်သူများကို သိအောင်အထောက်အကူပေးရန် ဖြစ်ပါကြောင်း။

ထို့ပြင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဦးစားပေး အစီအစဉ်ကျင့်သုံးရန် အကြံပြုသွားပါကြောင်း၊ အကြံပြုချက်ကို ကြိုဆိုပါကြောင်း၊ သို့သော် မည်သည့်အကြောင်းအရာကို ချက်ချင်းဦးစားပေးရမည်ဆိုသည်ကို လုပ်ဆောင်ရန် မလွယ်ကူပါကြောင်း၊ တစ်ပြည်လုံးတွင်ရှိသည့် ရာဇဝတ်မှုများ၏ သတင်းအချက်အလက် အစုံအလင်ရပြီးမှသာ စဉ်းစားရမည် ဖြစ်ပါကြောင်း၊ အဆိုပါ အချက်ကို ထည့်သွင်းစဉ်းစားပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဥပဒေအရ တရားရုံး ရောက်ရှိနေသည့် အမှုများတွင် အာမခံကိစ္စပေါ်သည့်အခါ အာမခံတန်ဖိုးကို စာရွက်စာတမ်းမပြနိုင်၍ အာမခံမရခြင်းများသည် နစ်နာသည်ဟု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးပါကြောင်း၊ အာမခံရသင့်သည့် အမှုတွင် အာမခံမရပါက နစ်နာသည်မှာ မှန်ပါကြောင်း၊ လွှတ်သင့်၊ မလွှတ်သင့်ဆိုသည့် ကိစ္စရပ်မှာ တရားရုံး၏ စီရင်ပိုင်ခွင့်သာဖြစ်သည့်အတွက် တရားရုံးက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ အစီရင်ခံစာနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြသည်ကို အထူးကျေးဇူးတင်ပါကြောင်း၊ အစီရင်ခံစာကို မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး တရားသူကြီး ဦးသာဌေးက ဆက်လက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ သက်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## သဘာဝရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်းသို့ ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန် လွှတ်တော်က သဘောတူအတည်ပြု

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သဘာဝရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်းသို့ ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၈)မှ ဦးမျိုးဝင်းက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် Association of Natural Rubber Producing Countries-ANRPC အသင်းသို့ ဝင်မည်ဆိုပါက စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၇၄၅ ဒေါ်လာ ထည့်ဝင်ရမည်ဟု သိရပါကြောင်း၊ ယင်းအသင်းတွင် အဖွဲ့ဝင် ၁၂ နိုင်ငံ၏ ရော်ဘာထုတ်လုပ်မှုအနေဖြင့် တစ်ကမ္ဘာလုံး၏ ၉၀ ရာခိုင်နှုန်းရှိသောကြောင့် မြန်မာနိုင်ငံအနေဖြင့် ယင်းအသင်းတွင် ပါဝင်ခြင်းသည် ခေတ်နောက်ကျနေသည့် မိမိတို့နိုင်ငံ၏ ရော်ဘာစိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချမှုစနစ်အားလုံးသည် ကမ္ဘာနှင့်ချိတ်ဆက်မိမည်ဟု ထင်မြင်မိပါကြောင်း။

ယင်းအသင်းသို့ဝင်လိုက်ရုံဖြင့် မြန်မာနိုင်ငံ၏ Rubber Industry တစ်ခုလုံးကို ချက်ချင်းပြောင်းလဲသွားရန် လုပ်နိုင်မည်မဟုတ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံအနေဖြင့် ရရှိလာမည့် အခွင့်အလမ်းကို အသုံးချပြီး မိမိနိုင်ငံ၏ မဖွံ့ဖြိုးသေးသည့် ရော်ဘာဈေးကွက်ကို ကမ္ဘာနှင့်ချိတ်ဆက်မိရန် လုပ်နိုင်မည့် နည်းလမ်းကို လက်မှတ်ရေးထိုးမည့် ဝန်ကြီးဌာနအနေဖြင့် ရှာဖွေအသုံးချနိုင်ရန် အရေးကြီးပါကြောင်း၊ မိမိအနေဖြင့် ANRPC အသင်းသို့ ဝင်ရောက်စေလိုပါကြောင်း၊ ရော်ဘာမှ နိုင်ငံခြားငွေအမြောက်အမြားကို ရှာဖွေရရှိနေသည့် အဖွဲ့ဝင်နိုင်ငံအစိုးရများ၏ လုပ်နည်းလုပ်ဟန်များကို လေ့လာသင့်ပါကြောင်း၊ နှစ်စဉ်ထည့်ဝင်ရမည့် အသင်းဝင်ကြေးကို မိမိနိုင်ငံ နိုင်ငံခြားဝင်ငွေတိုးရန်အတွက် အကျိုးရှိရှိ အားထုတ်လုပ်ဆောင်ပေးပါရန် တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက Association of Natural Rubber Producing Countries-ANRPC ဟုခေါ်သည့် အဖွဲ့သည် ရော်ဘာထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုကိစ္စများ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ဈေးနှုန်းကောင်းမွန် တည်ငြိမ်ရေး၊ သဘာဝရော်ဘာလုပ်ငန်းထိခိုက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ရည်ရွယ်၍ ဖွဲ့စည်းထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်ခြင်းသည် ရော်ဘာထုတ်လုပ်မှုအထွက်နှုန်း၊ အရည်အသွေး၊ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာ၊ နည်းဗျူဟာ၊ ဈေးကွက်၊ မူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာများတွင် အခွင့်အလမ်း ပိုမိုတိုးတက်ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ အသင်းဝင်ရောက်မည်ဆိုပါက အခြေခံအသင်းဝင်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့် ရော်ဘာထုတ်လုပ်မှုအချိုးအရ အမေရိကန်ဒေါ်လာ ၄၇၄၅ ဒေါ်လာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၇၄၅ဒေါ်လာ ထည့်ဝင်ရမည်ဖြစ်ပါကြောင်း၊ ယင်းငွေအတွက် ၂၀၁၈ ခုနှစ် ခြောက်လ ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ကြောင်းကိုလည်း သိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရော်ဘာကုန်ကြမ်းကို ပြည်တွင်းတွင် ကုန်ချောထုတ်လုပ်နိုင်မည့်စက်ရုံ၊ အလုပ်ရုံများ ရင်းနှီးမြှုပ်နှံနိုင်ရန်၊ ရော်ဘာကုန်ကြမ်းအရည်အသွေး မြင့်မားရေးအတွက် ဆောင်ရွက်ရန်၊ ရော်ဘာကုန်ကြမ်း ဈေးကောင်းရရှိရန်အတွက် ဈေးကွက်ရှာဖွေရန်၊ ရော်ဘာစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်နှင့် အထွက်နှုန်းကောင်းသည့် ရော်ဘာမျိုးများနှင့် မြေ၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုအခြေအနေများလေ့လာ၍ သုတေသနပြုရန် စသည်တို့ လိုအပ်မည်ကို တွေ့ရပါကြောင်း၊ သဘာဝရော်ဘာထုတ်လုပ်သည့် နိုင်ငံများအသင်းကို ဝင်ရောက်ခြင်းဖြင့် နိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားများအတွက် အကျိုးရှိနိုင်မည်ဖြစ်ပါကြောင်း၊ အသင်းဝင်ကြေး အမေရိကန်ဒေါ်လာ ၉၇၄၅ ဒေါ်လာ ထည့်ဝင်ရန်အတွက် ကန့်ကွက်ရန်မရှိပါကြောင်းနှင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ ကော့သောင်း မဲဆန္ဒနယ်မှ ဦးခင်ဇော်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးကင်းရှိန်၊ ချောင်းဆုံ မဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါက်တာဝင်းမြင့်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်နွယ်နွယ်အောင်၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိုင်သီဟ၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း၊ ရေဖြူ မဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းတို့က ဆက်လက် ဆွေးနွေးကြသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ယခုဝင်ရောက်မည့် သဘာဝရော်ဘာ ထုတ်လုပ်သောနိုင်ငံများအသင်း (Association of Natural Rubber Porducing Countries-ANRPC) သည် နိုင်ငံများ၏အစိုးရများကသာ အသင်းဝင်အဖြစ် ဝင်ရောက်ခွင့်ရှိသည့် အသင်းဖြစ်ပါကြောင်း၊ အသင်းဝင်နိုင်ငံများ၏ ကောင်းမွန်သည့် မူဝါဒ၊ အစီအစဉ်များကို လေ့လာခွင့်ရရှိပြီး မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအတွက် ရေခံ၊ မြေခံကောင်းများ တည်ရှိနေမှုအပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းကောင်းများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် လိုအပ်ချက် ရှိနေဆဲဖြစ်သည့် ရော်ဘာခြံရှင်ငယ်များ၏ ရော်ဘာလုပ်ငန်းတွင် နည်းပညာ၊ သုတေသနနှင့် ဈေးကွက်အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ယခုထက်ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၈ သို့ ❖**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အစ္စရေးနိုင်ငံ သံအမတ်ကြီး H. E. Mr. Daniel Zonshine အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အစ္စရေး နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၇**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E. Mr. Daniel Zonshine အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေးညှိနှိုင်း**

တွေ့ဆုံစဉ် မြန်မာနှင့် အစ္စရေးနိုင်ငံတို့အကြား အနာဂတ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၌ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။ တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု စောင့်ကြည့်လေ့လာအကဲဖြတ်ရေးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၇**

ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း(၂၀၁၇-၂၀၂၁) အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် စောင့်ကြည့်လေ့လာအကဲဖြတ်ရေးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ စောင့်ကြည့်လေ့လာအကဲဖြတ်ရေးအဖွဲ့ဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့် ဦးဆောင်သော အဖွဲ့ဝင်များ၊ UN-ACT(မြန်မာ)မှ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ရင်ရင်ဟန်နှင့် UN-ACT မှ ဒေသတွင်း စောင့်ကြည့်လေ့လာရေး၊ အကဲဖြတ်ရေးအရာရှိ Ms. Ubonwan Boonrattanasamai၊ IOM (မြန်မာ)မှ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ရွှေယင်းမာစောနှင့် IOM(မြန်မာ)မှ Programme Manager, Ms. Sophie Nuon စုစုပေါင်း ၁၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် စောင့်ကြည့်လေ့လာအကဲဖြတ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး စောင့်ကြည့်လေ့လာအကဲဖြတ်ဆန်းစစ်ရေးမူဘောင်(M & E Framework)ဖော်ထုတ်ရပုံကို တပ်ဖွဲ့မှူးက ရှင်းလင်းတင်ပြခြင်း၊ UN-ACT ဒေသဆိုင်ရာရုံးမှ Ms. Ubonwan Boonrattanasamai က စောင့်ကြည့်လေ့လာအကဲဖြတ်ဆန်းစစ်ရေးမူဘောင်မူကြမ်းကို ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာသော အဖွဲ့ဝင်များက ဆွေးနွေးခြင်းနှင့် စောင့်ကြည့်လေ့လာအကဲဖြတ်ရေးအဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်တွင်းပုဂ္ဂလိကဘဏ်များကို ဇူလိုင် ၂၇ ရက်မှစတင်၍ အမေရိကန်ဒေါ်လာများ ရောင်းချ

**ရန်ကုန် ဩဂုတ် ၇**

အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်တွင်းပုဂ္ဂလိကဘဏ်များကို ဇူလိုင် ၂၇ ရက်မှစတင်၍ အမေရိကန်ဒေါ်လာများ ရောင်းချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်းက ပြောသည်။

**ပိုမိုမြှင့်တင်ရောင်းချ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်တွင်းပုဂ္ဂလိကဘဏ်များကို ရောင်းချပေးသည့် ဒေါ်လာပမာဏမှာ တစ်ရက်လျှင် တစ်သိန်းဝန်းကျင်ရှိပြီး ဇူလိုင် ၂၇ ရက်မှ ယနေ့အထိ အမေရိကန်ဒေါ်လာ ရှစ်သိန်း ရောင်းချပေးပြီးဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်တွင်းပုဂ္ဂလိကဘဏ်များကို အမေရိကန်ဒေါ်လာများ ပိုမိုမြှင့်တင်ရောင်းချပေးသွားရန် အစီအစဉ်ရှိကြောင်းလည်း သိရသည်။

**ဆက်လက်မြင့်တက်လျက်ရှိ**

ဗဟိုဘဏ်က ထိုသို့ အမေရိကန်ဒေါ်လာများ ရောင်းချပေးနေသော်လည်း ပြည်တွင်းငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုး ဆက်လက်မြင့်တက်လျက်ရှိရာ ဩဂုတ် ၆ ရက်က နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၄၅၇ မှ ၁၄၆၄ ကြားရှိခဲ့ကြောင်း သိရသည်။

**ဈေးနှုန်းတစ်ရပ်ဖြစ်စေရန်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေဈေးကွက်၏ အနေအထားကို ပုံမှန်စောင့်ကြည့်စစ်ဆေးနေပြီး ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်စေမည့် ဈေးကစားမှုများကို ကြပ်မတ်ကွပ်ကဲလျက်ရှိကြောင်း၊ ထို့ပြင် ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းသည် ဘဏ်အချင်းချင်းအကြား အရောင်းအဝယ်ရှိမှုအပေါ် အဓိကမူတည်သတ်မှတ်နေခြင်းကြောင့် ဈေးကွက်နှင့် အနီးစပ်ဆုံးဖြစ်သည့် ဈေးနှုန်းတစ်ရပ်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်းက ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အားလျှော့စရာ မလိုပါ

## ■ အန်ကယ်ပညာ

မိမိကိုယ်မိမိ ဥယျာဉ်မှူးတစ်ယောက်အဖြစ် ခံယူထားသူပီပီ အရှိန်ရအောင်မြင်နေသည့် အခြားသောဥယျာဉ်မှူးများထံ တပည့်ခံ လေ့လာသင်ယူလိုစိတ်က ထာဝစဉ် ကြီးစိုးလျက်ရှိ၏။ ထို့အတူ မိမိလေ့လာသိရှိသမျှကို ဆရာစားမချန် မျှဝေပေးလိုသည့်စိတ်ကလည်း အတူယှဉ်တွဲရှိနေပြန်ပေသည်။ သို့ဖြစ်၍ တစ်ကြိမ်တစ်ခေါက် သွားရောက်ကာ တပည့်ခံလေ့လာပြီးဖြစ်နေ၍ တစ်ခွန်းတလေ မျှဝေပေးရပေဦးမည်။

နေပြည်တော်မှ ရေတာရှည်မြို့နယ် ဆတ်သွားရွာလေးသို့ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း သွားရောက်ခဲ့ခြင်းဖြစ်၏။ ဆတ်သွားရွာမှာ လမ်းမကြီးပေါ်တွင်ရှိပြီး သွားရောက်လေ့လာခဲ့သည့် ဥယျာဉ်ခြံမှာလည်း လမ်းမကြီး၏အရှေ့ဘက် လမ်းဘေးမေးတင်ပင်ဖြစ်၏။ ခြံထဲသို့ဝင်လိုက်သည်နှင့် ခြံရှင်မိသားစုနေထိုင်သည့် တစ်ထပ်တိုက်အိမ်လေးကို ဦးစွာတွေ့ရ၏။ ထိုတိုက်အိမ်၏ကျောဘက် တစ်ဆက်တည်းတွင် ဧက ၂၀ ကျယ်သည့် ဥယျာဉ်ကြီးတစ်ခုကို ဖန်တီးထားလေ၏။

ဥယျာဉ်အတွင်းသို့ ခြံရှင်နှင့်အတူလှည့်ပတ်ကြည့်ဖြစ်ခဲ့၏။ ခြံရှင်ဟုဆိုသော်လည်း ကျားကျားလျားလျားယောကျ်ားကြီးကားမဟုတ်။ အသက် ၃၀ ဝန်းကျင်ခန့်ရှိ မိန်းမသားတစ်ဦးသာ ဖြစ်၏။ မိဘများမှာ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သည့်အပြင် အမျိုးသားမှာလည်း ဝန်ထမ်းဖြစ်နေ၍ ခြံလုပ်ငန်းကိုသူသာလျှင် ဦးစီးဦးဆောင် လုပ်ကိုင်နေသူဖြစ်ကြောင်း စကားဦးသန်းလေ၏။

ခြံအတွင်းတွင် သက်တမ်း ၁၀ နှစ်ရှိပြီဖြစ်သော စိန်တလုံးသရက်အပင် ၇၀၀၊ ကျွဲကောပင် ၃၀၀နှင့် ကျန်မြေပေါ်တွင် သံပရာပင်များကို သူ့အကန့်နှင့်သူ စိုက်ပျိုးထားသည်ကိုတွေ့ရ၏။ သရက်မှာရာသီကုန်ချိန်ဖြစ်သော်လည်း ကျွဲကောနှင့် သံပရာပင်တိုင်းတွင် အသီးဖြိုင်ဖြိုင်သီးနေကြလေ၏။ အပင်အားလုံး၏ အခြေတွင် မြေတောင်မြှောက်ထားပြီး ကြက်ချေး မြေဆွေးနှင့် ပြာမှုန့်တို့ကို အပုံလိုက်ပုံထားသည်ကို တွေ့ရ၏။ ထူးခြားသည်မှာ သရက်ပင်တို့၏အခြေတွင် ထိုနှစ်မျိုးအပြင် ၁၅ ပတ်လည် ဓာတ်မြေဩဇာကို ပါးပါးဖြူးပေးထားသည်ကို တွေ့ရခြင်းပင် ဖြစ်၏။

ထို့အပြင် သရက်ပင်တန်းများ အကြားတွင် အိတ်သွတ်ပြီးဖြစ်သည့် အစေ့ပျိုးသရက်၊ ကိုင်းကူးသရက်၊ ကိုင်းကူးကျွဲကောနှင့် ကိုင်းကူးသံပရာပျိုးပင်ပေါင်း သောင်းနှင့်ချီ၍ စီထားသည်ကိုလည်း တွေ့ရပေသည်။ ဤသည်မှာ ထိုမျှကျယ်သောခြံအတွင်းတွင် မည်သို့သောအပင်တို့ကို စိုက်ပျိုးထားသည်ကို ပေါ်လွင်ရုံမျှ ပြောလိုခြင်းဖြစ်၏။ အဓိကပြောလိုသည်မှာ တောင်သူတို့ နောက်ပြောင်ပြောဆိုနေကျဖြစ်သည့် တော်ရုံအကုသိုလ်နှင့် မစိုက်ဖြစ်ဘူးဟူသည့် စိန်တလုံးသရက်အကြောင်းပင် ဖြစ်၏။

စိန်တလုံးသရက်အကြောင်းကို ပြောမည်ဆိုလျှင် ယခုနှစ်သရက်ရာသီကို ပြန်ပြောင်းပြောမှ သင့်ပေလိမ့်မည်။ ရာသီအစတွင် အဖူးအပွင့်တို့မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှ၏။ သရက်သမားတို့ ဖဲသမားစကားကို ခဏယူသုံးခဲ့ကြသည်ကိုလည်း မှတ်မိကြလိမ့်ဦးမည် ထင်ပါသည်။ ဒီနှစ်ကတော့ စိန်တလုံးအတွက် ဘာလာလာ ဒေါင်းမည့်နှစ်ဟူ၍ပင် ဝမ်းမြောက်စကားဆိုခဲ့ကြ၏။ အရည်အသွေးကောင်း သရက်သီးမှည့်ရရှိရေးအတွက်လည်း တတ်နိုင်သမျှ ကြိုးစားခဲ့ကြ၏။ အဖူးမှအပွင့်၊ အပွင့်မှအကင်း၊ အကင်းမှအရင့်၊ အရင့်မှအမှည့် ထိုသို့သော အဆင့်တိုင်းတွင် အဆင်လှခဲ့ကြ၏။ အမှည့်မှဈေးကွက် အဆင့်သို့ ရောက်ချိန်တွင်မူ ဈေးကွက်ပျက်သည်ဆိုသော စကားနှင့်ပင် ရာသီမကုန်မီ သရက်သမားတို့ လက်မှိုင်ချခဲ့ကြရ၏။ အသီးအရည်အသွေးကောင်းခဲ့သော်လည်း ဈေးကွက်တွင် မျက်နှာငယ်ခဲ့ရလေ၏။

ဤသည်ကိုသင်ခန်းစာယူ၍ စိန်တလုံးသရက်ကို မစိုက်သင့်သောအပင်အဖြစ် မြင်ကြသူတွေ ရှိလာ၏။ စတင်စိုက်ပျိုးလိုသူတို့ကလည်း မဝံ့မရဲဖြစ်လာကြ၏။

စိုက်ပျိုးထားသူအချို့ကလည်း အရွယ်ရောက်ပြီး သရက်ပင်တို့ကို မြေတူးစက်ဖြင့် တူး၍ အခြားအပင်

> ❛ စိန်တလုံးသရက်သည် မစိုက်သင့်သည့်အပင် ဖြစ်ပါ၏လား။ စိုက်ပျိုးထားပြီးသူတို့အနေဖြင့် စွန့်လွှတ်ရမည့်အပင် ဖြစ်နေပြီလော။ စိုက်ပျိုးရန် စိတ်ကူးရှိနေသူတို့အတွက် စိုးရွံ့စရာအပင် ဖြစ်ပါ၏လော။ မိမိတို့၏ဆောင်ရွက်ချက်နှင့် ထင်မြင်ချက်များကို အထက်တွင် တင်ပြခဲ့သည့် အောင်မြင်နေသူတစ်ဦး၏ စကားတို့နှင့် ချိန်ထိုးကြည့်ရန် လိုပေလိမ့်မည် ❜

ပြောင်းစိုက်ကြသည်ကို တွေ့ရ၏။ စိန်တလုံးသရက်စိုက်ပျိုးရေးအပေါ် အချို့သောသူများအနေဖြင့် ဤသို့မြင်၊ ဤသို့တွေး၊ ဤသို့ပြုလာကြသော်လည်း လေ့လာဖြစ်ခဲ့သည့်ခြံရှင်မှာ စိန်တလုံးအပေါ် အားရဆဲ၊ တက်ကြွမြဲ၊ ယုံကြည်စိတ်ချမြဲဖြစ်ကြောင်း တွေ့ရ၏။ သူ့ထံမှ တွေ့မြင်ကြားသိရသည်မှာ အားတက်ဖွယ်ဖြစ်ပေစွ။

တွေ့မြင်ကြားသိခဲ့ရသည်များကို စီးပွားဖြစ်စိုက်ကြသူများ၊ မိသားစု တစ်နိုင်စိုက်ပျိုးထားသူများသာမက တစ်ပင်စိုက် နှစ်ပင်စိုက်ဟူသည့် အပျော်စိုက်သမားများအတွက်ပါ အသုံးတည့်လိမ့်မည်ဟု ယူဆလျက် သူ့စကားအတိုင်းရေးသားဖော်ပြအပ်ပါသည်။

"တစ်နှစ်တစ်ခါ ခေါင်းဖွင့်ပေးရင်ရပြီလေ၊ ကျန်တဲ့အကိုင်းအခက်တွေမဖြတ်ပါဘူး၊ အသီးသီးမယ့် အကိုင်းအခက်တွေဖြတ်ပစ်တော့ ဘယ်ကလာ အသီးရတော့မလဲ"

သူ့အပင်တို့ကို သူပြောသည့်အတိုင်းသာ လုပ်ထားသည်ကိုတွေ့ရသည်။ အပင်ငယ်စဉ်တွင် ပုံသွင်းရန်အတွက် လိုအပ်သလိုဖြတ်သည်ကိုတော့ မဆိုလိုကြောင်း ဆက်ပြောပြန်၏။

"အခုအချိန်မှာတော့ပိုးသတ်ဆေးတို့၊ မှိုဆေးတို့ မဖျန်းသေးပါဘူး၊ အဲဒါတွေက ဖူးချိန်၊ သီးကင်းဝင်ချိန်နဲ့ အိတ်မစွတ်ခင်အချိန်တွေမှာပဲ လုပ်ပါတယ်။ ပင်စည်ထိုးပိုးကတော့ အခေါက်ရှိတဲ့အရွယ်မှာ အပင်တိုင်းလိုလိုဝင်တာပဲ။ အပင်တွေကိုလိုက်ကြည့်၊ အပင်အခြေမှာပိုးချေးတွေ့ရင် ဝက်အူလှည့်အပြားလေးနဲ့ အပေါက်ထိုးခွာ၊ ပိုးတွေ့ရင်လည်းတွေ့၊ မတွေ့ရင်လည်း ပိုးပေါက်အဝကို တရုတ်ကလာတဲ့ အင်းဆက်ကေလာနဲ့ဖျန်းပြီး ရွှံ့နဲ့ပိတ်ထားလိုက်ရင်ရပါတယ်"

ပင်စည်ထိုးပိုးမှာ ကျရောက်လေ့ရှိသော ပိုးဖြစ်သော်လည်း ပင်စည်တစ်ပတ်မပြည့်မီ နှိမ်နင်းနိုင်လျှင် အဆိုးမရှိဟု ပြောလေ၏။

"တစ်ပင်ကို ကြက်ချေးနဲ့ပြာဖြူ ရှစ်ပြည်စီ အပင်ခြေမှာ ပုံကျွေးပေးပါတယ်၊ ၁၅ ပတ်လည် မြေဩဇာကိုတော့ တစ်ပင် နို့ဆီဘူးတစ်ဘူးနှုန်း ပက်ကျွေးလိုက်တာပဲ၊ မိုးတွင်းမှာ ၁၅ ပတ်လည်မြေဩဇာကို ၂၁ ရက်တစ်ကြိမ် ပက်ပေးပါတယ်။ ပြာကတော့ ဘယ်ကရတဲ့ပြာပဲဖြစ်ဖြစ် အသီးသီးစေတဲ့ ဓာတ်ဖြစ်လို့ နှစ်စဉ်မဖြစ်မနေထည့်ပေးရတာပါ"

သဘာဝမြေဩဇာကို ထည့်သွင်းအသုံးပြုသည့်အတွက် အသီး၏ အရသာလည်း ထူးကဲကောင်းမွန်စေသည်ဟု ဆိုပါသည်။

"အသီးသီးတဲ့အချိန် ရေသွင်းပေးပါတယ်၊ မြေဩဇာကျွေးထားတယ်၊ ရေပေးတယ်ဆိုတော့ အသီးထွားတယ်၊ အသီးကိုလည်း အိတ်စွပ်ပေးရတယ်။

"အရောင်လည်းကောင်းတယ်၊ အသီးလည်းလှတယ်၊ အရသာလည်းရှိတယ်ဆိုတော့ ကျွန်မတို့ခြံနာမည်တံဆိပ်နဲ့ဆိုရင် ပို့သမျှ အမြန်ကုန်တယ်" ခြံတွင်ထုပ်ပိုးပြီးသည့် သရက်သီးဖာများကို ရန်ကုန်သို့ ကိုယ်ပိုင်လိုက်ထရပ်ဖြင့် သူ့အဖေကိုယ်တိုင်မောင်း၍ပို့သည်ဟု ဆိုပါသည်။

"အပင်ကလည်း ၇၀၀ ပဲရှိတာဆိုတော့ အလုပ်သမားအများကြီး မလိုဘူးလေ၊ အိတ်စွပ်ကတည်းက အိတ်မှာအရောင်ခွဲပြီး စွပ်တာဆိုတော့ ခူးတဲ့ရက်မှာအရောင်တူအိတ်တွေကြည့်ပြီး ခူးလိုက်တာပဲ၊ ခူးပြီးသရက်သီးတွေကို သန့်ရှင်းရေးလုပ် ဖာသွတ်ပြီးတာနဲ့ အိမ်ကကားနဲ့ ည ၈ နာရီလောက် ရန်ကုန်မောင်း ပွဲရုံပို့ မနက် ၅ နာရီဆို အကုန်ရောင်းပြီးသွားပြီ၊ ပြီးတာနဲ့ခြံကို ပြန်လာတာပဲ"

အသုတ်လိုက်ခူးသည့်စနစ်နှင့် ဈေးကွက်သို့ ပို့ဆောင်ပုံကို ရှင်းပြ၏။

"ဒီနှစ်က သရက်သီးဈေးကွက်ပျက်တဲ့ နှစ်လို့တော့ ပြောကြတာပဲ၊ ဒါပေမယ့် ကျွန်မတို့ခြံကထွက်တဲ့ သရက်သီးမှန်သမျှကတော့ အကြီး၊ အလတ်၊ အသေး အကုန်ရောင်းထွက်ပါတယ်၊ ဈေးကတော့ သူ့ဈေးနဲ့သူပေါ့၊ ဒီနှစ်ရောင်းရငွေ သိန်း ၄၀၀ လောက်ရလိုက်တယ်။ အခုတော့မြင်တဲ့အတိုင်း လာမယ့်နှစ်အတွက် ကျွေးမွေးပြုစုတဲ့အလုပ်တွေ ပြန်စနေပါပြီ၊ သူပေးတဲ့အထဲက သူ့ပြန်ကျွေးနေတဲ့ သဘောပါ"

ရချင်လျှင် ကျွေးရမည်။ ကျွေးမှ ရမည်၊ ကိုယ်ကျွေးမှ သူပြန်ပေးလိမ့်မည်ဟူသည့် သဘောတရားကား ထင်ရှားလှပေ၏။ ကြားရသည်မှာ အားရသည့်အပြင် အားလည်း ကျမိ၏။

"သာဂရစက်မှုဇုန်ဘက်မှာ ဧက ၂၀စိုက်ထားသေးတယ်။ စိုက်တာ သုံးနှစ်ရှိပြီ။ အစေ့စိုက်ကော၊ ကိုင်းဆက်ကော နှစ်မျိုးစလုံး စိုက်ထားတာ၊ ကိုင်းဆက်ကတော့ ဒီနှစ် အသီးရပြီ၊ အစေ့စိုက်လည်း ပန်းပြနေပါပြီ။ လိုအပ်တဲ့ရေ၊ အာဟာရနဲ့ပြုစုစောင့်ရှောက်မှုကိုသာပေးရင် အစေ့စိုက်တွေ၊ ကိုင်းဆက်တွေဆိုပြီး မကွာပါဘူး၊ အတူတူသီးကြတာပါပဲ" ဤအချက်ကိုတော့ လက်တွေ့နှင့်ယှဉ်၍ လက်ခံလိုက်နိုင်သည်။ မိမိခြံတွင်လည်း ဤနှစ်တွင် သုံးနှစ်သားအချို့ ပန်းပြသည်ကို မြင်တွေ့ခဲ့ရခြင်းကြောင့် ဖြစ်၏။

အထက်ပါစကားတို့သည် စိန်တလုံးသရက်စိုက်ပျိုးရေးကို စိတ်ပျက်နေသူတစ်ဦး၏ စကားများ မဟုတ်ပေ။ ယုံကြည်မှုရှိရှိနှင့် ကိုယ်တိုင်ကိုယ်ကျလုပ်ကိုင်နေသူတစ်ဦး၏ ပြောစကားများ ဖြစ်ပေသည်။ ထိုစကားများအနက် လက်တွေ့လုပ်ကိုင်ထားသည်ကို မြင်တွေ့ခဲ့ရသည်များရှိသလို အချိန်အခါနှင့်ကိုက်ညီမှု မရှိတော့သဖြင့် စကားအဖြစ်သာ ကြားခဲ့နိုင်သည်များလည်း ပါဝင်လျက်ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ ရာသီကိုက်လုပ်ဆောင်ရမည့် အပင်ပြုပြင်ခြင်း၊ မြေတောင်မြှောက်ခြင်း၊ မြေဆီအာဟာရကျွေးခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ထားရှိပြီး ဖြစ်သည်ကိုကြည့်ရခြင်းဖြင့် စကားအဖြစ်သာ ကြားခဲ့ရသည့် အချက်အလက်တို့သည်လည်း လက်တွေ့အတိုင်းပင် ဖြစ်လိမ့်မည်ဟု ယုံကြည်ရန်အကြောင်း ရှိပါသည်။

ဤသို့ဆိုလျှင် စိန်တလုံးသရက်သည် မစိုက်သင့်သည့်အပင် ဖြစ်ပါ၏လား။ စိုက်ပျိုးထားပြီးသူတို့အနေဖြင့် စွန့်လွှတ်ရမည့်အပင် ဖြစ်နေပြီလော။ စိုက်ပျိုးရန် စိတ်ကူးရှိနေသူတို့အတွက် စိုးရွံ့စရာအပင်ဖြစ်ပါ၏လော။ မိမိတို့၏ ဆောင်ရွက်ချက်နှင့် ထင်မြင်ချက်များကို အထက်တွင်တင်ပြခဲ့သည့် အောင်မြင်နေသူတစ်ဦး၏ စကားတို့နှင့်ချိန်ထိုးကြည့်ရန် လိုပေလိမ့်မည်။ ထိုစကားတို့နှင့် နှိုင်းယှဉ်စဉ်းစားကြည့်ရပေလိမ့်မည်။ ဤနေရာတွင် မိမိ၏တင်ပြချက်သည် နာဂတိုင်းရင်းသားရိုးရာ စကားပုံတစ်ခုဖြစ်သည့် "တောင်အကြီးကြီး၏ပုံကို တစ်ဖက်တည်းမှ မြင်ရုံဖြင့် မသိနိုင်"ဟူသကဲ့သို့ စိန်တလုံးသရက်စိုက်ပျိုးရေး တစ်ခုလုံးကို ခြုံငုံမိမည် မဟုတ်သည်ကိုကား ဝန်ခံအပ်ပေသည်။ ဆတ်သွားဟူသည့် ရွာလေးရှိ ဥယျာဉ်ခြံတစ်ခြံသို့ သွားရောက်လေ့လာ တပည့်ခံယူရာက မြင်တွေ့ရသည့် တစ်ဖက်သတ်မြင်ကွင်းမျိုးသာ ဖြစ်နေပါသည်။ သို့ရာတွင် ထိုခြံတွင် အောင်လံတစ်ခု စိုက်ထူထားသည်ကား မလွဲပေ။ ။

## မိတ္ထီလာ ဝန်ဇင်းရပ်ကွက်တွင် ကျည်ဆန်တောင့်များနှင့် ဗုံးသီးဟောင်းအခွံတွေ့ရှိ

**မိတ္ထီလာ ဩဂုတ် ၇**

မိတ္ထီလာမြို့နယ် ဝန်ဇင်းရပ်ကွက်တွင် အုတ်ရေကန်ပြုလုပ်ရန် မြေတူးရာမှ အနက်တစ်ပေခန့်အရောက်တွင် မြေကြီးအတွင်းမှ ရိုင်ဖယ်ကျည်ဆန်တောင့်(သံချေးတက်များ)အပါအဝင် အခြားကျည်ဆန်တောင့်များနှင့် ဗုံးသီးဟောင်းအခွံ တစ်ခုကို ယမန်နေ့ ညနေ ၅ နာရီက တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝန်ဇင်းရပ်ကွက် ပြည်ထောင်စုတိုးချဲ့နယ်မြေ ၃ ၌ အုတ်ရေကန်ပြုလုပ်ရန်အတွက် မြေတူးစက်ဖြင့် မြေတူးရာမှ မြေအနက် တစ်ပေခန့်အရောက်တွင် မြေကြီးအတွင်းမှ ၃၀၃ ရိုင်ဖယ် ကျည်ဆန် ၁၄၃ တောင့်(သံချေးတက်)၊ ၃၀၃ ရိုင်ဖယ်ကျည်ထိပ်ဖူး ငါးခု၊ ၃၀၃ ရိုင်ဖယ်ကျည်ဆန်အခွံ ၆၀၀ (သံချေးတက်)၊ စတင်းကျည်ဆန်အခွံ ၂၃၀ (သံချေးတက်)၊ ဗုံးသီးဟောင်းအခွံဟု ယူဆရသော အရှည် ခြောက်လက်မ၊ လုံးပတ် ရှစ်လက်မခန့်ရှိ တစ်ဖက်ပွင့် (သံချေးတက်)တို့အား တွေ့ရှိခဲ့ရကြောင်း သိရသည်။

အဆိုပါ ကျည်ဆန်တောင့်များနှင့် ဗုံးသီးဟောင်းအခွံတို့ကို ဝန်ဇင်းရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် အမှတ်(၂)နယ်မြေရဲစခန်းမှူးထံ အကြောင်းကြားခဲ့ပြီး အမှတ်(၉၁၁) စစ်မြေပြင် အင်ဂျင်နီယာတပ်သို့ ဆက်လက်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများ အသင်းဝင်နှစ်စဉ်ကြေး ကောက်ခံလျက်ရှိ

**ရန်ကုန် ဩဂုတ် ၇**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းမှ ၂၀၁၈ ခုနှစ်အတွက် အသင်းဝင်နှစ်စဉ်ကြေးများ ကောက်ခံလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် အသင်းဝင်နှစ်စဉ်ကြေး မပေးဆောင်ရသေးသော ဝန်ထမ်းဟောင်းများအနေဖြင့် သက်ဆိုင်ရာ အငြိမ်းစားလစာထုတ်ယူသည့် သတင်းစာတိုက်များတွင် သွားရောက်ပေးသွင်းနိုင်ပြီး အသင်းရေရှည်တည်တံ့ရေးအတွက် အသင်းဝင်တိုင်း နှစ်စဉ်ကြေးများပေးသွင်းကြရန် ဩဂုတ် ၅ ရက်က ပြုလုပ်သည့် အမှုဆောင်များအစည်းအဝေးက နှိုးဆော်ထားကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# အနာဂတ်အတွက် အတွေးအမြင်ကောင်းများရရှိစေဖို့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် နွှဲပျော်စို့

**လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ဗလငါးတန်မြင့်တင်ပေးနိုင်ရေးနှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်ရေးအတွက် ရည်ရွယ်၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ မန္တလေးတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများက ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါပွဲတော်သို့ လာရောက်ပါဝင်ဆင်နွှဲရန်အတွက် တာဝန်ရှိသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်-**


ဒေါက်တာသီတာဝင်း


ဒေါ်နှင်းနှင်းမော်


ဦးညွန့်မောင်


ဦးမျိုးမြင့်အောင်


ဒေါ်ဝေဝေဖြိုး

**ဒေါက်တာသီတာဝင်း**
**(မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်)**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ဖို့ ဘက်ပေါင်းစုံက ပါဝင်ဆောင်ရွက်ပေးရမှာပါ။ ဒီပွဲတော်မှာ ကျွန်မတို့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၃၁ ကျောင်းသာမက အသက်မွေးပညာသင်ကျောင်းတွေနဲ့ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းတွေအပြင် လူငယ်ပွဲတော်ဆိုတဲ့အတိုင်း လူငယ်အဖွဲ့အစည်းတွေ၊ အရပ်ဘက်အသင်းအဖွဲ့တွေ အားလုံး ပါဝင်ဆင်နွှဲနိုင်ဖို့ ဖိတ်ခေါ်ထားပါတယ်။ ဒီပွဲတော်မှာ ကျွန်မတို့နဲ့ သက်ဆိုင်တဲ့ အသိပညာ ဗဟုသုတ မျှဝေကြမယ့် ပြခန်းပေါင်း ၉၀ ကျော် ပါဝင်ပြသမှာဖြစ်ပြီး ပြခန်းတွေအနေနဲ့လည်း ကျွန်မတို့ တက္ကသိုလ်အသီးသီးမှာ သုတေသနပြု ဆောင်ရွက်ထားကြတဲ့ သင်ခန်းစာတွေ ပြသသွားမယ့်အပြင် ပြခန်းတွေလည်း ထည့်သွင်းပြသသွားမှာဖြစ်ပါတယ်။ အင်္ဂလိပ်စာနဲ့ မြန်မာစာစွမ်းရည်ပြပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနဲ့ ကဗျာရွတ်ပြိုင်ပွဲ၊ လူငယ်စကားဝိုင်း ဆွေးနွေးပွဲလည်း ပါဝင်ပါတယ်။ ထူးထူးခြားခြားအနေနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ လူငယ်စကားဝိုင်း ဆွေးနွေးပွဲအစီအစဉ် ပါဝင်ပါတယ်။ အားလုံးက ဒီပွဲတော်ကို စိတ်ဝင်တစားရှိကြပါတယ်။ ဒါကြောင့် ပထမဆုံးအကြိမ်အဖြစ် ကျင်းပမယ့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လာရောက်ဆင်နွှဲကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နှင်းနှင်းမော်**
**(မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်း ဥက္ကဋ္ဌ)**

ကျွန်မတို့ ကိုယ်ပိုင်ကျောင်းတွေက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေ သွားရောက်လေ့လာဖို့ စီစဉ်ထားပါတယ်။ တက္ကသိုလ်တွေက အကောင်းဆုံး အသိပညာပေးအစီအစဉ်တွေ ထည့်သွင်းပြသထားကြမယ်။ ဒါကြောင့် ဒီပြခန်းတွေကို သွားရောက်လေ့လာမယ်။ ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ဖို့ ကျွန်မတို့ကိုယ်ပိုင်ကျောင်းတွေအသင်းက ရန်ပုံငွေ သိန်းတစ်ရာ ထည့်ဝင်လှူဒါန်းတဲ့အပြင် အမှတ်တရ ပစ္စည်းလေးတွေ လက်ဆောင်ပေးမယ့် အစီအစဉ်နဲ့ ပွဲတော်ကို သတိတရရှိနေစေဖို့အတွက် အမှတ်တရပစ္စည်းတွေကိုလည်း ရောင်းချသွားမှာဖြစ်ပါတယ်။ ပွဲတော်ဟာ လူငယ်ပွဲတော်ဖြစ်တဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ အနုပညာရပ်တွေနဲ့ တီထွင်ဖန်တီးမှုတွေ အားလုံး ပါဝင်ပြသထားမှာဖြစ်တဲ့အတွက် လာရောက်လေ့လာခြင်းကြောင့် အသိပညာ ဗဟုသုတတွေ ရရှိစေမှာဖြစ်တယ်။ အားလုံး ပါဝင်ဆင်နွှဲကြဖို့ တိုက်တွန်းဖိတ်ခေါ်ပါတယ်။

**ဦးညွန့်မောင်(ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး)**

ဒီပွဲတော်ရဲ့ ဖွင့်ပွဲမှာ ကျွန်တော်တို့ အခြေခံပညာကျောင်းတွေက ကျောင်းသား ကျောင်းသူ ၃၀၀ နဲ့ စကားဝိုင်းဆွေးနွေးပွဲမှာ ကျောင်းသား ကျောင်းသူ ၁၀၀ တက်ရောက်ဖို့ ရွေးချယ်ထားပါတယ်။ အခြေခံပညာကျောင်းတွေအနေနဲ့ စိုက်ပျိုးရေးနဲ့ စိမ်းလန်းစိုပြည်ရေး၊ တိုင်းရင်းသားဘာသာစကား စာပေဆိုင်ရာ ပြခန်းငါးခန်း ပြသသွားမှာပါ။ ဒီပွဲတော်ကနေ အသိပညာ ဗဟုသုတတွေ တိုးပွားလာမှာဖြစ်တဲ့အတွက် လူငယ်တွေအားလုံး ပါဝင်စေချင်ပါတယ်။

**ဒေါ်ဝေဝေဖြိုး**
**(မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး)**

ဒီပွဲတော်မှာတော့ စာအုပ်အရောင်းဆိုင်တွေနဲ့ အခြားပြခန်းတွေ စုစုပေါင်း ၃၀၀ နီးပါး ပါဝင်ပြသသွားမှာပါ။ အိုင်တီဆိုင်ရာ လှုပ်ရှားမှုပြခန်း၊ တက္ကသိုလ်၊ ကောလိပ်၊ အဆင့်မြင့်ပညာတွေကနေ ပြသမယ့် ပညာရပ်ဆိုင်ရာပြခန်း၊ ပြည်သူလူထုနဲ့ ကျောင်းသားလူငယ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြသပေးမယ့် အသိပညာပေးပြခန်းတွေလည်း ပါဝင်ပြသပေးမှာပါ။ ပွဲတော်ကြီးတစ်ခုလုံးမှာတော့ အဓိက လှုပ်ရှားမှုကြီးငါးခု ပါဝင်ပါတယ်။ ဒါတွေကတော့ အနုပညာ၊ အားကစား၊ စာပေ၊ နည်းပညာနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပြသမယ့် အစီအစဉ်တွေပါ။ ဘက်ပေါင်းစုံကနေ ဖျော်ဖြေရေးအစီအစဉ်၊ အသိပညာပေးရေး အစီအစဉ်၊ ကိုယ်တိုင်ပါဝင်ဆင်နွှဲနိုင်တဲ့ အစီအစဉ်တွေ ပါဝင်တာဖြစ်တဲ့အတွက် လူငယ်တွေအတွက် တစ်သက်မမေ့နိုင်မယ့် ပွဲတော်ကြီးတစ်ခုလည်းဖြစ်ပါတယ်။

**ဦးမျိုးမြင့်အောင် [ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး]**

မန္တလေးတက္ကသိုလ်ဝင်းအတွင်းမှာ ကျင်းပမယ့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ အားကစားဆိုင်ရာလှုပ်ရှားမှုတွေအနေနဲ့ လွန်ဆွဲပြိုင်ပွဲ၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲနဲ့ ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲတွေ ထည့်သွင်းကျင်းပပေးသွားမယ်။ ဒါ့အပြင် သရုပ်ပြအားကစားနည်းတွေအဖြစ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဝူရှူးအားကစားနည်း၊ ကျွမ်းဘားအားကစားနည်း၊ ကရာတေးဒို အားကစားနည်းတွေနဲ့ Myanmar Fitness Dance တွေ ပါဝင်မှာဖြစ်ပါတယ်။ ဩဂုတ် ၁၂ ရက် နံနက် ၅ နာရီခွဲမှာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပတဲ့ မုခ်ဦးရှေ့ကနေ မန္တလေးတက္ကသိုလ်အတွင်း လမ်းတွေမှာ လမ်းလျှောက်မယ့် စုပေါင်းလမ်းလျှောက်ပွဲလည်း ပါဝင်မှာဖြစ်ပါတယ်။ အားကစားဆိုင်ရာ ဓာတ်ပုံပြပွဲလည်း ထည့်သွင်းကျင်းပသွားမှာ ဖြစ်ပါတယ်။

အဆိုပါပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် ဧည့်သည်အဆိုတော်များ ဖြစ်ကြသည့် အိုင်ရင်း၊ ဇင်မာမြင့်၊ ရင်ဂို၊ ယုန်လေး၊ မီမီဝင်းဖေတို့နှင့်အတူ ငြိမ်းချမ်းရေးဂီတပွဲတော်ဆုရ အဆိုရှင်များကလည်း ပွဲတော်ကျင်းပမည့်ရက်အတွင်း နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဧည့်ခံသီဆိုဖျော်ဖြေ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်**
**မင်းထက်အောင်(မန်းကိုယ်ပွား)**




## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂-၈-၂၀၁၈ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၅-၆-၂၀၁၈ ရက်နေ့မှ ၂၆-၇-၂၀၁၈ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ရှစ်ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်သုံးဦး၊ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ ၁၆ ဦး ပေါင်း ၂၁ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ခြောက်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၂၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၄၂၅ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၁၃ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၆၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မုံရွာနှင့် မင်းကင်းမြို့တို့တွင် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်၍ ရေယာဉ်လိုင်းများ ပိတ်ထား

**မုံရွာ ဩဂုတ် ၇**

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့နှင့် အထက်ပိုင်းဒေသများဖြစ်သော မင်းကင်းမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိနေသဖြင့် မုံရွာမြို့မှ အထက်ပိုင်းဒေသများသို့ ပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ်များနှင့် လူစီးအမြန်ရေယာဉ်လိုင်းများကို ယာယီရပ်ဆိုင်းထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ သိရသည်။

“အထက်ပိုင်းမြို့ နှစ်မြို့နဲ့ မုံရွာမြို့မှာ ချင်းတွင်းမြစ်ရေက စိုးရိမ်ရေမှတ်အထက်ကို ရောက်နေတဲ့အတွက် ရေယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခရီးသည်များအသက်အန္တရာယ်လုံခြုံချောမွေ့စေရေးအတွက် ရေယာဉ်လိုင်းတွေကို ပိတ်ထားပါတယ်။ ဒီအတောအတွင်းမှာ ခရီးသွားပြည်သူတွေ အဆင်ပြေစေဖို့အတွက် ပြည်တွင်းရေကြောင်းဌာနက တနင်္လာနေ့မှာ ပင်လုံသင်္ဘောကြီးနဲ့ သောကြာနေ့မှာ ချမ်းငြိမ်းသင်္ဘောကြီးတွေနဲ့ ပြေးဆွဲပေးနေပါတယ်။ ချင်းတွင်းအထက်ပိုင်းဒေသတွေမှာ မြစ်ရေပြန်လည်ကျဆင်းသွားလို့ စင်တီမီတာ ၈၀၀ အောက်ရောက်ရင်တော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ရေယာဉ်လိုင်းတွေကို ပြန်လည်ပြေးဆွဲခွင့်ပြုပေးသွားမှာပါ။ အခုလောလောဆယ်ကတော့ ကုန်တင်ရေယာဉ်လိုင်းတွေနဲ့ လူစီးအမြန်ရေယာဉ်လိုင်းတွေကို ပြေးဆွဲမှုရပ်နားထားပါတယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ အတွင်းရေးမှူး ဦးဇော်ဝင်းက ပြောသည်။

ယခုလက်ရှိတွင် ချင်းတွင်းမြစ်ရေသည် မုံရွာမြို့ စိုးရိမ်ရေအမှတ် ၁၀၀၀ စင်တီမီတာ အထက်သို့ ၁၀၀၆ စင်တီမီတာကျော်လွန်၍ လည်းကောင်း၊ ကနီမြို့တွင် စိုးရိမ်ရေအမှတ် စင်တီမီတာ ၁၂၇၀ အောက် ၁၁၉၈ စင်တီမီတာသို့ လည်းကောင်း၊ မင်းကင်းမြို့တွင် စိုးရိမ်ရေအမှတ် စင်တီမီတာ ၁၃၅၀ အထက် စင်တီမီတာ ၁၃၇၀ သို့လည်းကောင်း၊ ကလေးဝမြို့တွင် စိုးရိမ်ရေအမှတ် စင်တီမီတာ ၁၅၅၀ အောက် ၁၅၃၅ စင်တီမီတာသို့ လည်းကောင်း အသီးသီးရောက်ရှိလျက်ရှိကြောင်း သိရသည်။

အထက်ချင်းတွင်းဒေသများသို့ မုံရွာမြို့အခြေပြု ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်အသင်း ၁၁ သင်း၊ ဖောင်းပြင်မြို့အခြေပြု လူစီးအမြန်ရေယာဉ် နှစ်သင်း၊ ဟုမ္မလင်းမြို့ အခြေပြု လူစီးအမြန်ရေယာဉ် ၁၆ သင်း၊ ခန္တီးမြို့အခြေပြု လူစီးအမြန်ရေယာဉ် ခုနစ်သင်း စုစုပေါင်း ၃၆ သင်းတွင် အစီးရေ ၁၉၆ စင်း၊ ကုန်တင်ရေယာဉ် ၃၁၄ စင်းရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**

# ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၇**
၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာနမှ အပ်နှံသော ကျောင်းသုံးစာအုပ်များ ပုံနှိပ်ခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ခဲ့ရာတွင် ပိုမိုတိုးတက်မှုများ ရှိလာကြောင်း၊ ကျောင်းသုံးစာအုပ်များကို အရည်အသွေးမီ၊ အချိန်မီပြီးမြောက်အောင်မြင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များကို ကျောင်းများမဖွင့်မီ တစ်ပတ်ခန့်အလိုတွင် အချိန်မီဖြန့်ဝေပေးနိုင်ခဲ့ပြီး သတ်မှတ်လုပ်ငန်းတာဝန်ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်နှင့် အတွေ့အကြုံ၊ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ယခုနှစ်အတွက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ဆပ်ကော်မတီများ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ကျောင်းသုံးစာအုပ်အဖုံးနှင့် အတွင်းစာမျက်နှာများအတွက် အသုံးပြုမည့် စာရွက်အမျိုးအစားနှင့် စာအုပ်အရွယ်အစား၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ရိုက်နှိပ်ဖြန့်ချိနိုင်မည့် အခြေအနေ၊ တင်ဒါခေါ်ယူရိုက်နှိပ်မည့် လျာထားအခြေအနေ၊ တင်ဒါခေါ်ယူရေးဆိုင်ရာ မူနှင့် စည်းကမ်းချက်များ၊ ယခင်နှစ် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ခဲ့စဉ် စည်းကမ်းချက်နှင့် မကိုက်ညီသည့် ပုံနှိပ်လုပ်ငန်းရှင်များအား အရေးယူဆောင်ရွက်သင့်သည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အသီးသီးဆွေးနွေးတင်ပြကြပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး လုပ်ငန်းစဉ်အား ဆုံးဖြတ်အတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

❖ **စာမျက်နှာ ၄ မှ**

အသင်းဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စနှင့် ပတ်သက်၍ နှစ်စဉ်ကြေးအတွက် ဘဏ္ဍာငွေကို လျာထားဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၈ခုနှစ် ပထမခြောက်လပတ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားမှုရှိပါကြောင်း၊ အဆိုပါ လျာထားမှုတွင် နှစ်စဉ်ကြေးအတွက် ဒေါ်လာ ၅၀၀၀ကို နှစ်လုံးပေါက်လျာထားမှု ဖြစ်သော်လည်း အသင်းတည်ရှိရာ နိုင်ငံ၏ဘဏ္ဍာရေးနှစ်ဖြစ်သည့် ဇန်နဝါရီ၊ ဒီဇင်ဘာလ ဘတ်ဂျက်နှစ်အရ ယခုမိမိတို့နိုင်ငံသည် ကနဦးအနေဖြင့် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ လေးလအတွက် ပေးဆောင်ရမည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၆၆၆ ဒေါ်လာ ဖြစ်ပါကြောင်း၊ အသင်းဝင်ရောက်ရန် အတွက် နှစ်စဉ်ကြေးနှင့် ခွင့်ပြုချက်ရရှိရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့၏ သဘောထားမှတ်ချက်များရယူပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံခြားရေးရာမူဝါဒကော်မတီနှင့် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းသို့ အဆင့်ဆင့် တင်ပြဆောင်ရွက်ပြီးသည့်အလျောက် မြန်မာနိုင်ငံအနေဖြင့် သဘာဝရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်း ANRPC သို့ ဝင်ရောက်ခွင့်ပြုရေးကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်း အဝေးအမှတ်စဉ် (၁၀/၂၀၁၈)၏ သဘောတူညီချက်နှင့်အညီ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူသွားရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် သဘာဝရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်း (ANRPC) သို့ ဝင်ရောက်ခွင့်ပြုရေးနှင့် နှစ်စဉ်ကြေး ထည့်ဝင်ခွင့်ပြုနိုင်ရေး ကိစ္စရပ်အပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြု၊ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေး သတ္တမနေ့ကို ဩဂုတ် ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်း ထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၇**
ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေရန်ပုံငွေ ကြီးကြပ်ရေးကော်မတီသည် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ အနက် သက်ဆိုင်ရာဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများစာရင်းကို ယနေ့ ထုတ်ပြန် ကြေညာသည်။

မြန်မာစာဘာသာရပ်တွင် ပထမဆုကို မောင်သန့်စင်ထွန်း (ဘ) ဦးဇော်ဝင်း၊ အထက၊ ကနီ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုကို မဇွန်လဲ့ရည် (ဘ)ဦးလှအေး၊ အထက (၁) လယ်ဝေး၊ နေပြည်တော်၊ တတိယဆုကို မလှိုင်းထက်နွယ် (ဘ) ဦးအောင်စိုး၊ VEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီးတို့ကလည်းကောင်း၊ အင်္ဂလိပ်စာ ဘာသာရပ်တွင် ပထမဆုကို မစုနေခြည်မိုး (ဘ) ဦးအောင်မိုး၊ အထက(၁)ဒဂုံ၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဒုတိယဆုကို မောင်အောင်ခန့်မွန် (ဘ) ဦးစိုးတင်၊ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တတိယဆုကို မစန္ဒကူး (ဘ) ဦးဇော်ဝင်းထိန်၊ အထက(၁) ရေနံချောင်း၊ မကွေးတိုင်းဒေသကြီး တို့ကလည်းကောင်း၊ သင်္ချာဘာသာရပ်တွင် ပထမဆုကို မောင်ထက်မြက်ထွန်း၊ (ဘ) ဦးမင်းမင်းထွန်း၊ ရန်ကုန်ပညာရေး တက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မောင်အောင်ဖုန်းပြည့် (ဘ) ဦးညွန့်ဝင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၊ ရန်ကုန် တိုင်းဒေသကြီး၊ မယမင်းအောင် (ဘ) ဦးအောင် သန်း၊ အထက(၁)ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို မမေဖြူစင်ဝင်း (ဘ) ဦးကျော်ဝင်း၊ အထက(၃) ဗိုလ်တထောင်၊ ရန်ကုန်တိုင်း ဒေသကြီး၊ တတိယဆုကို မအိသန္တာဖြိုး (ဘ) ဦးအောင်ကျော်၊ CAE ကိုယ်ပိုင်အထက်တန်း ကျောင်း၊ မန္တလေးတိုင်းဒေသကြီးတို့ကလည်း ကောင်း၊ ဓာတုဗေဒဘာသာရပ်တွင် ပထမဆုကို မောင်ကျော်ထက်လင်း (ဘ) ဦးနေလင်းကြိုင်၊ အထက(၂) ကမာရွတ်၊ ရန်ကုန်တိုင်းဒေသကြီး ကလည်းကောင်း၊ ရူပဗေဒဘာသာရပ်တွင် ပထမဆုကို မဖြူဖြူခန့်(ဘ)ဦးဇော်ဝင်းထူး၊ ကျော်ကြား ကိုယ်ပိုင်အထက်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီးကလည်းကောင်း၊ ဇီဝ ဗေဒဘာသာရပ်တွင် ပထမဆုကို မဖြူစင်ပြုံး (ဘ) ဦးအောင်လွင်၊ အထက (၁)ဒဂုံ၊ ရန်ကုန် တိုင်းဒေသကြီးကလည်းကောင်း၊ ပထဝီဝင် ဘာသာရပ်တွင် ပထမဆုကို မအိအိခိုင် (ဘ) ဦးဖိုးချို၊ အထက (၅) မြောင်းမြ၊ ဧရာဝတီတိုင်း ဒေသကြီးကလည်းကောင်း၊ သမိုင်းဘာသာရပ် တွင် ပထမဆုကို မောင်မျိုးထက်လင်း(ဘ) ဦးတင်မောင်အေး၊ အထက(၂)ရွှေကူ၊ ကချင် ပြည်နယ်က လည်းကောင်း၊ ဘောဂဗေဒ ဘာသာရပ်တွင် ပထမဆုကို နန်းစိန်ဝင်း (ဘ) ဦးကျော်ဌေး၊ အထက(ခွဲ) ဟူးကွက်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ကလည်းကောင်း အသီးသီး ရရှိကြ သည်။

ပညာရည်ချွန်ဆု ဆုရရှိသူများသည် စာတည်းမှူးချုပ်၊ စာပေဗိမာန်အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၇၆၅၆၉ နှင့် စီမံရေးရာဌာန ဖုန်း ၀၁-၃၈၁၄၄၉၊ ၀၁-၃၇၄၅၃၂ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပညာရည်ချွန်ဆုပါ ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့် အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း နှိုးဆော်ထားသည်။ **သတင်းစဉ်**

# သန့်ရှင်းသောစွမ်းအင်အဖြေရှာမှု သတင်းမီဒီယာတွေ့ဆုံရှင်းလင်းပွဲ ကျင်းပ



**ရန်ကုန် ဩဂုတ် ၇**
မြန်မာနိုင်ငံအတွက် စီမံကိန်းကာလအတိုဆုံး၊ ဈေးအချိုဆုံး၊ အသန့်စင်ဆုံး စွမ်းအင်များကို ပြည်သူများသိရှိရန်နှင့် သန့်ရှင်းသော စွမ်းအင်ကို ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုနိုင်ရန် ရည်ရွယ်၍ သန့်ရှင်းသောစွမ်းအင်အဖြေရှာမှု သတင်း မီဒီယာ တွေ့ဆုံရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံ မြို့နယ်ရှိ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (WWF-မြန်မာ) ရုံးခန်း၌ ကျင်းပသည်။

သန့်စင်သောစွမ်းအင်အသုံးပြုမှုကြောင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် နှစ်စဉ် အမေရိကန် ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံခန့် သက်သာစေနိုင်ကြောင်း၊ သန့်စင်သော စွမ်းအင်သည် ကမ္ဘာကြီးအတွက် အန္တရာယ်ဖြစ်စေသည့် ကာဗွန် ထုတ်လွှတ်မှုကို နှစ်စဉ်တန်ချိန် ၇၅ သန်းလျှော့ချပေးကြောင်း အဆိုပါ ရှင်းလင်းပွဲမှ သိရသည်။

"WWF အနေနဲ့ အစိုးရနဲ့ ပူးပေါင်းပြီးဝန်ထမ်းတွေကို သန့်ရှင်းတဲ့ စွမ်းအင်နဲ့ ဘယ်လိုစီမံကိန်းဆွဲရမယ်ဆိုတာရယ်၊ နဂိုရှိပြီးသားပညာရှင်တွေကို ပိုမိုတတ်ကျွမ်းအောင် လေ့ကျင့်ပေးနေတာ နှစ်နှစ်ရှိပါပြီ။ အခုလောလောဆယ်မှာ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ မနှစ်ကကျေးရွာ သုံးရွာမှာ အိမ်ခြေ ၂၃၅ အိမ်ကို ဆိုလာစနစ်နဲ့ မီးပေးပြီးပါပြီ။ ဒီနှစ်မှာနောက်ထပ် အိမ်ခြေ ၁၀၀၀ ကို မီးထပ်ပေးဖို့ စီစဉ်နေပါပြီ။ အဲဒါကိုလည်း ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ တပ်ဆင်ပေးသွားမှာပါ" ဟု WWF-မြန်မာမှ စွမ်းအင်ကဏ္ဍဆိုင်ရာ မန်နေဂျာ ဦးရွှန်းစိုဦးက ပြောသည်။

ရှင်းလင်းပွဲတွင် WWF-မြန်မာမှ စွမ်းအင်ကဏ္ဍဆိုင်ရာမန်နေဂျာ ဦးရွှန်းစိုဦး၊ မြန်မာအစိမ်းရောင်ကွန်ရက်မှ Environmental Advocate ဒေါ်ဒေဝီသန့်စင်၊ Sunlabob Renewable Energy Ltd မှ မန်နေဂျင်းဒါရိုက်တာ Valentino ဦးစိုးမြင့်နှင့် GIZ မှ Head of Promotion of Rural Electrification Project Mr. Mark Hayton တို့က သန့်ရှင်းသောစွမ်းအင်နှင့် ပတ်သက်သည့် ကျွမ်းကျင်မှုဆိုင်ရာအသိပညာဗဟုသုတများ၊ လက်ရှိဖွံ့ဖြိုး တိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

**သတင်း-မီမီဖြိုး၊ ဓာတ်ပုံ-ရဲထွဋ်**

ကြေးမုံ

# လူထုဒီမိုကရေစီအရေးတော်ပုံကြီး၏ သန္နိဋ္ဌာန်

လူထုဒီမိုကရေစီအရေးတော်ပုံကြီး ဖြစ်ပွားခဲ့သည်မှာ နှစ်ပေါင်း ၃၀ ရှိသွားပြီဖြစ်ပါသည်။ ဤလူထုဒီမိုကရေစီအရေးတော်ပုံကြီး၌ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲခဲ့သည်မှာ တစ်ခုတည်းသော သန္နိဋ္ဌာန်ကြောင့် ဖြစ်ပါသည်။ ဤတစ်ခုတည်းသော သန္နိဋ္ဌာန်မှာ တစ်ပါတီအာဏာရှင်စနစ်ဆိုးကို ဖျက်သိမ်း၍ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ရန် ဖြစ်ပါသည်။ ဤလူထုဒီမိုကရေစီအရေးတော်ပုံကြီးသည် ပစ္စုပ္ပန်အပြောင်းအလဲတို့ကို ဖန်တီးပေးခဲ့သည် ဖြစ်သကဲ့သို့ အနာဂတ်အပြောင်းအလဲတို့ကို ဖန်တီးပေးမည်ဖြစ်သောကြောင့် အလေးအနက် သုံးသပ်ရန် လိုအပ်ပါသည်။

တစ်ပါတီဗဟိုချုပ်ကိုင်သော ဆိုရှယ်လစ်စနစ်သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒကို လျစ်လျူရှုခဲ့သောကြောင့် နိုင်ငံတော်ကို အာရှတိုက်၏ အလားအလာအကောင်းဆုံးသော နိုင်ငံတစ်နိုင်ငံဘဝမှ ကမ္ဘာ့အဆင်းရဲဆုံးသော နိုင်ငံတစ်နိုင်ငံဘဝသို့ ဆုတ်ယုတ်ကျဆင်းစေခဲ့ပါသည်။ ဤသမိုင်းဆိုးက တိုင်းရင်းသားပြည်သူလူထု၏ ဆန္ဒကို ထင်ဟပ်နိုင်စွမ်းရှိသည့် ဒီမိုကရေစီစနစ်ကသာ နိုင်ငံတော်အတွက် အသင့်တော်ဆုံးဖြစ်သည်ကို ညွှန်ပြနေပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခုတည်းသော သန္နိဋ္ဌာန်ကြောင့် တိုင်းပြည်ကို နှစ်ပေါင်း ၂၆ နှစ်ကြာ ချုပ်ကိုင်အုပ်ချုပ်ခဲ့သည့် တစ်ပါတီဗဟိုချုပ်ကိုင်သော ဆိုရှယ်လစ်အစိုးရကို ရက်ပိုင်းအတွင်း ဖြုတ်ချနိုင်ခဲ့ခြင်းကလည်း တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအင်အားကို ထင်ဟပ်ဖော်ပြနေပါသည်။

လူထုဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ဆင်နွှဲခဲ့သော တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ ဒီမိုကရေစီရေး သန္နိဋ္ဌာန်ကြောင့် နိုင်ငံတော်သည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိနေပြီ ဖြစ်ပါသည်။ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ အပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံးအတွက် လွှတ်တော်အသီးသီးကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်နိုင်ပြီ ဖြစ်ပါသည်။ အဆိုပါ လွှတ်တော်အသီးသီးကလည်း သက်ဆိုင်ရာ ကိုယ်စားပြုအစိုးရအသီးသီးကို ရွေးချယ်တင်မြှောက်နိုင်ပြီဖြစ်ပါသည်။ အရပ်ဘက်အဖွဲ့အစည်းတို့သည်လည်း သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် ဆိုင်ရာဆိုင်ရာ ပြည်သူ့အကျိုးပြုလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခွင့်ရရှိနေပြီဖြစ်ပါသည်။ သတင်းမီဒီယာလုပ်ငန်းတို့သည်လည်း လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ခွင့်ရရှိနေကြပြီ ဖြစ်ပါသည်။

သို့သော် နှစ်ပေါင်း ၇၀ ကျော် ပြည်တွင်းစစ်ကို အပြည့်အဝ မငြိမ်းသတ်နိုင်သေးသကဲ့သို့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်နိုင်ရေးကိုလည်း အဆုံးတိုင်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ ပြည်ထောင်စုကြီး၏ ဒီမိုကရေစီ အင်္ဂါရပ်များ ပြီးပြည့်စုံဖြစ်မြောက်လာရေးအတွက် ဆောင်ရွက်ရန်ကိစ္စရပ်များ ကျန်ရှိနေဆဲဖြစ်ပါသည်။ ဤကျန်ရှိနေသော အမျိုးသားရေးလိုအပ်ချက်တို့ကို ဖြည့်ဆည်းဆောင်ရွက်ရာ၌ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးသည် လူထုဒီမိုကရေစီအရေးတော်ပုံကြီး၏ သန္နိဋ္ဌာန်ကို အလေးအနက်ခံယူကျင့်ကြံမည်ဆိုပါက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးကို အောင်အောင်မြင်မြင် စွမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

## တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၁ အသင်း ဖွဲ့စည်းမည်

**ရန်ကုန် ဩဂုတ် ၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် စက်တင်ဘာလတွင် ကျင်းပမည့် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၁ အသင်းအား ဖွဲ့စည်းရန် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၁ အသင်းကို ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် ဧပြီလတွင် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် (က) အသင်းကို အထောက်အကူပြုနိုင်မည့် (ခ) အသင်း ဖွဲ့စည်းနိုင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ယခုပြိုင်ပွဲကို ကစားသမားသစ်များဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို ရွေးချယ်မည်မဟုတ်ဘဲ ကစားသမားသစ်များဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ လက်ရှိကျင်းပနေသည့် MNL စီနီယာအမှတ်ပေးပြိုင်ပွဲတွင် အသက်မီပြီး ပုံမှန်ပွဲထွက်ခွင့်မရသည့်ကစားသမားများ၊ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အသင်းများမှ ကစားသမားများ စုစုပေါင်း ၅၀ အား ရွေးချယ်ကာ လူရွေးပွဲကျင်းပမည်ဖြစ်သည်။ လူရွေးပွဲကို ဩဂုတ် ၉၊ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၁ အသင်းနည်းပြချုပ် ဦးကြည်လွင်၊ လက်ထောက်နည်းပြများဖြစ်သည့် ဦးချစ်နိုင်နှင့် ဦးကျော်လွင်တို့က ရွေးချယ်မည်ဖြစ်သည်။ လူရွေးပွဲအပြီးတွင် ပဏာမ ကစားသမား ၂၅ ဦးရွေးချယ်ကာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် တရုတ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၈ ရက်တို့အထိ ကျင်းပမည်ဖြစ်ပြီး တရုတ် ယူ-၂၁ အသင်းနှင့်အတူ မြန်မာ ယူ-၂၁၊ ဥဇဘက်ကစ္စတန် ယူ-၂၁နှင့် တာဂျစ်ကစ္စတန် ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

# ဒီနေ့

ဒီနေ့ အဆုံးအဖြတ်ပေးမှာပဲ၊ အောင်မယ် မအောင်ဘူး စာမေးပွဲအောင်စာရင်း ထွက်မည့်နေ့လိုပဲဟု သူခံစားရတယ်။ ဒါပေမယ့် ဒီဟာက ဒီနှစ် မအောင်ရင် နောက်နှစ်ပြန်ဖြေဆိုတာမျိုးမဟုတ်၊ ဘဝများစွာအတွက် ဆုံးဖြတ်မည့်နေ့ အောင်မလား မအောင်ဘူးလား။ ကိုယ်တိုင်က ကျောင်းသားဆိုတော့ ပိုရင်ခုန်လာမိတယ်။

ဒီနေ့ လွယ်အိတ်ထဲ ခါတိုင်း ကျောင်းစာအုပ်တွေအပြင် တစ်စုံတစ်ရာကို ထိုးထည့်ခဲ့တယ်။ အိမ်က ထွက်ကတည်းက ထိုအရာကို အချိန်မတန်ခင် လူမြင်မှာစိုး ဖုံးရင်းဖိရင်း လမ်းတစ်လျှောက် မျက်လုံးတွေက ပတ်ဝန်းကျင်ရဲ့ ထူးခြားချက်ကို စူးစမ်းလျက်။

○

တက္ကသိုလ်ကျောင်းသူ တစ်ယောက်အနေဖြင့် ကျောင်းတံခါး ပိတ်ထားခြင်းကို ယေဘုယျ သူ မနှစ်မြို့။ ခုလိုကာလမှာ လူစုမှာစိုးလို့ ပိတ်တယ်ဆိုတာကို ပိုဘဝင်မကျ၊ ဒီလောက်တောင်ရှိလှ ကျောင်းထဲ စုခွင့်မရရင် အပြင်မှာ စုတာပေါ့ဟု ကြုံးဝါးရင်း ထွက်လာတယ်။

အိမ်က အလစ် ကသောကမျော အပြေးထွက်လာရသည်မို့ အလှပင် မပြင်အား။ ဒါလည်း အရေးမကြီး။ ဒီနေ့က လှဖို့မလို။ ချိန်းဆိုသော နေရာရောက်ဖို့၊ ဆုံကြဖို့သာ လိုတယ်။ ဆုံကြဖို့ဆိုတာ ကတိတည်ဖို့ လိုတာပေါ့။ သူကတော့ ကတိတည်ကြောင်း ပြရန် အရောက်လာခဲ့ပြီ။

○

သင်္ကန်း ဖိုသီဖတ်သီဖြင့် ထွက်လာပြီးမှ ဆရာတော်များ ကြည့်နေမလား တွေးပူကာ ကျောင်းတိုက်ဆီ မလုံမလဲလှည့်ကြည့်မိ၏။ ဘုန်းကြီးကျောင်းဝင်းတစ်ခုလုံး တစ်ပါးနှင့်တစ်ပါး အကဲခတ်နေသည်သို့။ ငါ့လို ကိုယ်တော်တွေများပါစေ ဆုတောင်းရင်း နေ့ဆွမ်း ဘယ်မှာစားရပ့ါ ခုမှ သတိရ၏။ "ကွယ်. . . ကြုံသလိုပေါ့" သစ်သီးဆွမ်းလောက်တော့ ရကောင်းရဲ့ဟု အားခဲလိုက်သည်။

> **ဒီနေ့ ဖြစ်မှဖြစ်မယ်ဆိုတဲ့ မျက်လုံးများ၊ ကိုယ်စီကိုယ်စီ ခြေထောက်တွေဆီကြည့်တော့ ကိုယ့်လို ခြေလှမ်းတွေချည်းပါလား ပုံမှန်ခြေလှမ်းတွေ မဟုတ် နေ့စဉ်ကိစ္စ၊ ကျောင်းကိစ္စ၊ အိမ်ကိစ္စ၊ ရုံးကိစ္စ၊ စားဝတ်နေရေး ကိစ္စ၊ သာမန်ကိစ္စတွေအတွက် ခြေလှမ်းမျိုး မဟုတ်။**

○

ရုံးကိုဝင်ပြီး မျက်နှာပြ လက်မှတ်ထိုးပြီး ပြန်ထွက်ရမလား၊ ချိန်းဆိုရာ တန်းသွားရမလား သူဝေခွဲ မရသေး။ ခန္ဓာကိုယ်က ခါတိုင်းလို ရုံးသွားမည့် ဘတ်စ်ကားပေါ် တက်မိလျက်သား ဖြစ်နေတယ်။ ဘေးဘီကို အကဲခတ်တော့ ဘတ်စ်ကားတစ်စီးလုံးမှာ ဒီနေ့ချိန်းဆိုထားသည့် ကိစ္စအားလုံး စိတ်စောနေသယောင်ယောင်။

ကိုယ့်စိတ်က ထင်နေတာပဲလား၊ တကယ်ပဲ လူတွေချိန်းဆိုရာ သွားနေကြသလား။ မှန်းရခက်သား။ လမ်းတစ်လျှောက် လူစုစုမြင်တိုင်း ကားပေါ်က ပြေးဆင်းရမလို၊ ဟုတ်လည်း မဟုတ်ဘူးဟု သိလိုက်တိုင်း စိတ်အားပျက်သွားသလိုလို။ လက်မှတ်ကိုတော့ မြို့လယ်အထိ ဆုပ်ထားလိုက်၏။ ရုံးမဝင်တော့ဘူး၊ ဖောင်ဖျက်လိုက်တော့မယ်ဟု ပိုင်းဖြတ်လိုက်ပြီ။

○

ကိုယ်တိုင်က ကျောင်းဆရာမဖြစ်နေတော့ နှစ်ကိုယ်ခွဲ ခံစားနေရပြီ။ "သူ၏ တပည့်တွေ တစ်ယောက်နဲ့တစ်ယောက် တီးတိုးပြောနေတာ တွေ့တိုင်း ဒီနေ့ကိစ္စတိုင်ပင်နေတာပဲနေမှာ"ဟု အတတ်သိနေသည်။ ခက်တာက အထက်က ညွှန်ကြားထားသည့် အမိန့် ထူးခြားဖြစ်စဉ်တွေ့တာနှင့် သတင်းပို့ရန်၊ လှုပ်ရှားသည့် ကျောင်းသားကို ထိန်းချုပ်ရန် စသဖြင့်. . .၊ ကျောင်း တံခါးဝသို့ မျှော်ကြည့်ရင်း သူ ရင်မောလာပြီ။

ဟိုထောင့်ဒီထောင့်မှာ နှစ်ယောက် သုံးယောက်စ လှုပ်လှုပ်ရွရွမြင်တိုင်း ဘာဆုတောင်းရမယ်မသိ။

ဒီနေ့ကို အောင်လည်း အောင်မြင်စေချင်။

ကိုယ့်နေရာ ကိုယ့်တာကလည်း စထွက်မှာစိုး။

မိမိလက်နှစ်ဖက်ကို ပြိုင်တူဆောင့်ဆွဲတာ ခံနေရသလိုကြီး။

○

ဒီနေ့တော့ ခါတိုင်းလို ရောင်းကောင်းပါစေ ဆုတောင်းဖို့မေ့နေတယ်။ ဈေးသည် တစ်ယောက်အဖို့ ဈေးရောင်းကောင်းတာထက် အရေးကြီးတာတွေ ရှိသေးတယ်မဟုတ်ပါလား။

ဒီနေ့ဖြစ်မလား၊ မဖြစ်ဘူးလား သိချင်လှပြီ။ ဘယ်သူတွေစမှာလဲ၊ ဘယ်နားကစမှာလဲ၊ ဘယ်လိုစမှာလဲ အသိချင်ဆုံး။

ဒီနားတစ်ဝိုက် လာဖြစ်ရင် ထွက်ပြေးရမှာလား၊ ကြုံဖူးတယ်ရှိအောင် တစ်ဝကြီး ထိုင်ကြည့်နေရမလား၊ ဒါလည်း စဉ်းစားဆဲ၊ အခြေအနေအရပေါ့၊ ဖမ်းမည့်ဆီးမည့် လူတွေလာရင်တော့ အရင်ဆုံးလစ်မှာပဲဟုတော့ ပိုင်းဖြတ်ထားတယ်။ သတ္တိနည်းတာတော့မဟုတ်။ ကိုယ့်ကို မှီခိုစားနေသည့် ပါးစပ်ပေါက်တွေ ရှိသေးမဟုတ်လား။

ဒီလိုပဲ ကိုယ့်ကိုယ်ကိုယ် သက်ညှာတွေးပေးနေရ၏။ နေမြင့်လာပြီ၊ ဘာအရိပ်အယောင်မျှ မတွေ့သေး။

○

သုံးရက်နေ့ကတောင် ဖြစ်သေးတာပဲ၊ အဲဒါ အစမ်းလေ့ကျင့်ပွဲ အောင်မြင်တာပေါ့ဟု အတွေးထဲ ဖြေသိမ့်နေမိတယ်။ ဒါပေမယ့် သုံးရက်နေ့ အောင်မြင်တာက ဘုရားကိုပိတ်လိုက်လို့လေ။ ဒါနဲ့ လူတွေစုပြီးသား၊ ခါတိုင်း တွေ့နေကျ လူအုပ်ကြီးက မြို့ထဲရောက်သွားပြီး ဇာတ်လမ်းစလို့ရသွားတာကိုး၊ အခုက ပြန်စဖို့၊ ပြန်စုဖို့ ခက်နေတာဟု သုံးသပ်ရင်း အခြေအနေအရပ်ရပ်အပေါ် စိတ်မောလာတယ်။

မြို့လယ်ရောက်တဲ့အထိ ဘာအရိပ်အယောင်မှ မထူးခြားသေး။ သူလို၊ ကိုယ်လို ပုံမှန်လှုပ်ရှားနေကြသူတွေကိုကြည့်ရင်း အားမရနိုင်တဲ့အဆုံး အနီးဆုံးလူကို ခုလိုစကားစလိုက်တယ်။

'ဒီနေ့ ရှစ်ရက်နေ့နော်'

○

တစ်စုံတစ်ရာ တစ်စုံတစ်ယောက်ကို စောင့်နေပါလျက်၊ တစ်စုံတစ်ယောက်က တစ်စုံတစ်ရာလာမေးလိုက်တော့ တုန်လှုပ်သွားရတာ ဘာသဘောပါလဲ။ ကြည့်ပါဦး၊ မေးခွန်းက

'ဒီနေ့ရှစ်ရက်နေ့နော်' တဲ့။

မေးသူမျက်ဝန်းကို ကြည့်တော့ ခုနက တစ်မနက်လုံးပတ်ဝန်းကျင်ကို အကဲခတ်ခဲ့၊ ရင်မောခဲ့ရတဲ့ ကိုယ့်မျက်လုံးထဲက အကြည့်တွေနှင့်ထပ်တူ။

သူတို့နှစ်ဦး အပြန်အလှန် မျက်လုံးများဖြင့် နှုတ်ဆက်ကြရင်း၊ ပတ်ဝန်းကျင်ကို သေချာမျက်လုံးချင်း ဆိုင်လိုက်ကြတယ်။

အိုး. . . ကိုယ့်လို မျက်လုံးတွေချည်းပါလား။

ဒီနေ့ ချိန်းဆိုထားတဲ့နေ့၊

ဒီနေ့ မဖြစ်လို့ မဖြစ်ဘူး၊

ငါတို့ အားလုံး ကျိုးသွားလိမ့်မယ်။

ဒီနေ့ ဖြစ်မှဖြစ်မယ်ဆိုတဲ့ မျက်လုံးများ၊

ကိုယ်စီကိုယ်စီ

ခြေထောက်တွေဆီကြည့်တော့

ကိုယ့်လို ခြေလှမ်းတွေချည်းပါလား

ပုံမှန်ခြေလှမ်းတွေ မဟုတ်

နေ့စဉ်ကိစ္စ၊ ကျောင်းကိစ္စ၊ အိမ်ကိစ္စ၊ ရုံးကိစ္စ၊ စားဝတ်နေရေး ကိစ္စ၊ သာမန်ကိစ္စတွေအတွက် ခြေလှမ်းမျိုး မဟုတ်။

ထူးခြားနေတဲ့ ခြေလှမ်းတွေနဲ့ ကိုယ်စီ။

တစ်စုံတစ်ရာဆီ ချိန်းဆိုထားတဲ့အတိုင်း လာနေတဲ့ ခြေလှမ်းတွေ၊ လူပင်လယ်ကြီးဆီ တိုးဝှေ့လာနေတဲ့ ချောင်းလို မြစ်လို ခြေလှမ်းတွေ။ သမိုင်းသစ်ဆီ ချီမည့်ခြေလှမ်းတွေ။

လက်တွေကို ကြည့်တော့

ရင်အုပ်ဆီ မြှောက်ချီလာကြ၊ လက်သီးဆုပ်ပြီး ရင်ဘတ်ဆီကပ်၊ လက်မထောင်ပြ၊

ဟော တစ်ယောက်က အင်္ကျီရင်ဘတ်ထဲက အဝတ်တစ်စ ဆွဲထုတ်လိုက်ပြီ။ အဝတ်မဟုတ်ဘူး။ ဒါဟာပိတ်စ နီနီမျှ မဟုတ်ဘူး။

တစ်ယောက်က ဝါးလုံးရှည်တစ်ချောင်း ပြေးဆွဲလာ၊ ထိပ်မှာချည်၊ လွှင့်ထူလိုက်ပြီ။

ဒါကို မြင်သမျှ ဒီကိုဦးခိုက်ကြ၊ ရုံးစုကြ၊ ချီလှည့်ကြလို့ ကြွေးကြော်လိုက်သယောင်။

လမ်းတွေပေါ် ရေစီးကြောင်းတစ်ခုအစ၊ ထိုမှမြောင်း၊ ချောင်း၊ တစ်ခုစီပေါင်းစု မြစ်များလို ဆင်းတဲ့နေ့။

လူပင်လယ်ကြီး အဲဒီအထဲမှာ ဖြစ်လာရင် ထွက်ပြေးမယ်လို့ တွေးခဲ့သူ၊ ဈေးသည်ဟာလည်း သူ့ဆုံးဖြတ်ချက် သူမေ့လို့ ဈေးဗန်းကြီး ခေါင်းပေါ် ရွက်လျက် ကြွေးကြော်သံတွေ ဟစ်အော်လိုက်ပါလာပါတယ်။

ဒီနေ့ကို ချိန်းဆိုခဲ့

ဒီနေ့ မဖြစ်ခဲ့ရင်လို့ ပူပန်ခဲ့

ငါတို့ ကျိုးတော့မှာပဲလို့ ကြောင့်ကြခဲ့သူများ

ဒီနေ့ကို အားခဲ၊ ချိန်းဆိုရာရောက်ခဲ့သူများ

ကတိတည်စွာ လှမ်းလာခဲ့သူများ

အားလုံးသည်

ဤမြေသမိုင်း၌ အမှောင်ကို ထွန်းခဲ့သော

အလင်းစက်များအဖြစ်

တာဝန်ယူနိုင်ခဲ့ကြပြီ။

သူတို့ နာမများအား လူတို့ မသိကြသည့်တိုင်

သူတို့ အလင်းများကား ကျန်ဆဲ။

**မင်းကိုနိုင်**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ စီးပွားရေးစကားဝိုင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ပြုလုပ်

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (အကြံပေး) ဦးကြည်ရှိန်တို့ ပါဝင်သော စီးပွားရေးစကားဝိုင်းအစီအစဉ်ကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပြုလုပ်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်-**

သတင်း- ရှင်မင်း၊ မွေးကြူ၊ ဓာတ်ပုံ- အေးသန်း

(ယမန်နေ့မှအဆက်)

**အစီအစဉ်မှူး။ ။ ရသုံးမှန်းခြေငွေစာရင်းနဲ့ပတ်သက်ပြီး ပြည်သူတွေ အလွယ်တကူ နားလည်သိရှိနိုင်အောင် ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(အကြံပေး)ဦးကြည်ရှိန်။** ။ ရသုံးမှန်းခြေငွေစာရင်း ဘတ်ဂျက်ဆိုတာဟာ ကြိုတင်ခန့်မှန်းထားတဲ့ စာရင်းဖြစ်ပါတယ်။ ရှေ့လာမယ့် နှစ်တစ်နှစ်အတွင်းမှာ ဘယ်လောက်ရမယ်၊ ဘာတွေသုံးတယ်ဆိုတာကို ကြိုတင်ခန့်မှန်းတဲ့ စာရင်းတစ်ခုပါပဲ။ သူ့ရဲ့လုပ်ငန်းစဉ်က လေးရပ်ရှိပါတယ်။ တစ်ခုက ပြင်ဆင်ရေးဆွဲတာ ဖြစ်ပါတယ်။ ပြင်ဆင်ရေးဆွဲပြီးတဲ့အခါမှာ အရေးကြီးတဲ့အချက်ကတော့ ကျွန်တော်တို့ စီမံ/ဘဏ္ဍာရဲ့ မူက No Sanction No Provision ပါ။ အထက်က ခွင့်ပြုမိန့်ရပြီးသားဖြစ်တဲ့ကိစ္စမဟုတ်ရင် ကျွန်တော်တို့ ဘတ်ဂျက်ထဲ မထည့်ရဘူး။

ဘတ်ဂျက်ထဲ ထည့်ပေးထားရင် သူတို့က ထုတ်သုံးတော့မှာ ဖြစ်ပါတယ်။ အဲဒီဟာက ကျွန်တော်တို့ ဘတ်ဂျက်ရဲ့မူ ဖြစ်ပါတယ်။ နောက်တစ်ခုက စိစစ်တာဖြစ်ပါတယ်။ အဆင့်ဆင့်ကို စိစစ်လာပါတယ်။ ပထမရေးဆွဲတဲ့သူ သူ့အဆင့်မှာ ဖြစ်သင့်သလား၊ မဖြစ်သင့်ဘူးလားဆိုတာ စိစစ်ရတယ်။ ဒီကတစ်ဆင့် ပေးပို့လိုက်တဲ့ ဌာနအကြီးအကဲအဆင့်ရောက်တော့ ဌာနအကြီးအကဲက သူ့ဌာနတစ်ခုလုံးကို စိစစ်ရတယ်။ နောက်တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအဆင့်ရောက်တော့ ဝန်ကြီးဌာနအနေနဲ့ စိစစ်ပြီးတော့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ပေးပို့ရခြင်းဖြစ်ပါတယ်။

အဆင့်ဆင့်တင်ပြသွားပြီးတဲ့အခါ ဘဏ္ဍာရေးကော်မရှင်အထိရောက်သွားပြီး ဘဏ္ဍာရေးကော်မရှင်ကလည်း စိစစ်သုံးသပ်တယ်။ သုံးသပ်ပြီးတဲ့အခါမှာ သဘောထားမှတ်ချက်နဲ့အတူ အစိုးရအဖွဲ့ကို တင်တယ်။ အစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်ကို ဥပဒေပြုနိုင်ဖို့အတွက် တင်တယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ သေချာဆွေးနွေးညှိနှိုင်းစိစစ်ပြီးတော့မှ ဒါကို အတည်ပြုပေးပါတယ်။ ပြီးရင် အတည်ပြုပြီးတော့ ဥပဒေပြဋ္ဌာန်းလိုက်ပါတယ်။

အရင်က လျာထားတဲ့ ကိန်းဂဏန်းတွေဟာ ဥပဒေလည်းဖြစ်ရော အသက်ဝင်သွားပါတယ်။ ဥပဒေလည်းထွက်တော့ ဥပဒေကို အကောင်အထည်ဖော်ပေးရတော့မယ်။ ဒီအပိုင်းကို လက်တွေ့လုပ်လာတဲ့အခါမှာ ဘဏ္ဍာရေးစည်းမျဉ်းတို့၊ ဝန်ထမ်းစည်းမျဉ်းတို့နဲ့အညီ ဒါတွေကို အကုန်လုံးထိန်းသိမ်းပြီးတော့ ဆောင်ရွက်သွားတာဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ရသုံးမှန်းခြေငွေစာရင်းကို ဘဏ္ဍာရေးမူဝါဒအပေါ် အခြေခံပြီး ရေးဆွဲရတယ်။ ဒီလိုဆိုရင် ဘဏ္ဍာရေးမူဝါဒနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြပေးစေလိုပါတယ်။**

**ဒုတိယဝန်ကြီး။** ။ ရသုံးမှန်းခြေငွေစာရင်းကို ဘဏ္ဍာရေးမူဝါဒအပေါ်မှာ အခြေပြုပြီး ရေးဆွဲရတာဖြစ်ပါတယ်။ Fiscal Policy လို့လည်း ခေါ်ကြပါတယ်။ Fiscal Policy ကို အခြားသော Policy တွေနဲ့ ဆက်စပ်ပြီးတော့လည်း ဆောင်ရွက်ရပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေ ကိုင်တွယ်ပြီးတော့ ကျင့်သုံးတဲ့ ငွေကြေးမူဝါဒ(Monetary Policy)၊ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ချမှတ်တဲ့ ကုန်သွယ်မှုမူဝါဒ (Trade Policy) စသည်ဖြင့် ဖြစ်ပါတယ်။ ရည်မှန်းရမှာက တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့နဲ့ တိုင်းပြည်ရဲ့ စီးပွားရေး တည်တည်ငြိမ်ငြိမ်ရှိဖို့ပါ။ ဒါက အရေးကြီးပါတယ်။ တိုင်းပြည်ရဲ့ အထွေထွေစီးပွားရေးတစ်ခုလုံးဟာ တည်ငြိမ်နေတာ အကောင်းဆုံးပါပဲ။ ဒါကို နိုင်ငံတိုင်းက ထိန်းသိမ်းဆောင်ရွက်ကြပါတယ်။ ဖွံ့ဖြိုးပြီးဖြစ်စေ၊ ဖွံ့ဖြိုးဆဲဖြစ်စေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင် ဆောင်ရွက်နေကြပါတယ်။ ရုတ်တရက် တက်၊ ရုတ်တရက်ကျ ဆိုတာမျိုးဟာ မကောင်းပါဘူး။ နောက်တစ်ခုက ကိုယ့်နိုင်ငံနဲ့သင့်တော်မယ့် မူဝါဒမျိုးလည်း ဖြစ်ဖို့လိုပါတယ်။

စီးပွားရေးတည်ငြိမ်ချင်တယ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ချင်တယ် ဆိုပြီးတော့ တခြားသော ဖွံ့ဖြိုးတိုးတက်တဲ့သာဓကတွေကို ယူပြီးတော့ တခြားနိုင်ငံက လုပ်တဲ့ မူဝါဒတွေကို ယူပြီးတော့ ပုံတူကူးချလို့မသင့်ပါဘူး။



ကိုယ့်နိုင်ငံ၊ ကိုယ့်ရေမြေ၊ ယဉ်ကျေးမှုပတ်ဝန်းကျင်နဲ့ သမိုင်းကြောင်းအစဉ်အလာ ဒါတွေအကုန်လုံးကို ကြည့်ပြီးတော့မှ သင့်တော်ကိုက်ညီတဲ့ မူဝါဒချရမှာ ဖြစ်ပါတယ်။ ဒီမူဝါဒတွေကို အကုန်လုံးပေါင်းစပ်ခြုံငုံပြီးတော့မှ ချထားတာက အစိုးရရဲ့ စီးပွားရေးမူဝါဒတွေပါ။

## ဘဏ္ဍာရေးမူဝါဒ

ဘဏ္ဍာရေးမူဝါဒကို အလွယ်ဆုံးနဲ့ အရှင်းဆုံး အများနားလည်အောင် အနှစ်ချုပ်ပြီးတော့ တင်ပြရမယ်ဆိုရင်တော့ အရနဲ့ အသုံးပါပဲ။ ပြည်ထောင်စုတစ်ခုလုံးရဲ့အရ ဘယ်လိုရှိမလဲ၊ အသုံးဘယ်လိုရှိမလဲ ဒါကို ချမှတ်တဲ့ မူဝါဒ၊ အရအသုံးနဲ့ပတ်သက်တဲ့ မူဝါဒကို ဘဏ္ဍာရေးမူဝါဒလို့ခေါ်တာပါ။ အဲဒီတော့ ဒီအရတွေကို ဘယ်လိုရှိမလဲဆိုတာ ထပ်ပြီးချမှတ်တာက အခွန်မူဝါဒပါ။ မူဝါဒချပြီး အခွန်တွေကို ဘယ်လိုကောက်ခံမယ်။ ရေရှည်မှာ အခွန်ပေါ်မှာပဲ ရပ်တည်ပြီးတော့မှ အစိုးရက သူ့ရဲ့ အသုံးစရိတ်တွေကို သုံးစွဲသင့်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အခုအနေအထားမျိုးမှာ အခွန်အပေါ်မှာလည်း ရပ်တည်တာရှိသလို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေရဲ့ ရတဲ့ငွေအပေါ်မှာလည်း ရပ်တည်တာရှိပါတယ်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ SEE တွေကိုလည်း SEE နဲ့ပတ်သက်တဲ့ မူဝါဒတွေချမှတ်ပြီး SEE တွေကနေ ဘယ်လိုရအောင်ရှာမယ်ဆိုတာ လုပ်ရပါတယ်။ အသုံးစရိတ်ကျတော့ အသုံးစရိတ်မူဝါဒကိုဆွဲပြီး အသုံးစရိတ်မူဝါဒမှာလည်း ဦးစားပေးသင့်တာကို ဖော်ပြရပါတယ်။ နိုင်ငံတော်မှာ လိုအပ်တာတွေ အများကြီး ရှိပါတယ်။

အသုံးစရိတ်နဲ့ပတ်သက်ပြီး ကဏ္ဍတိုင်းမှာ၊ နေရာတိုင်းမှာ၊ ဒေသတိုင်းမှာ လိုအပ်ချက်တွေ အများကြီး ရှိပါတယ်။ အားလုံးလွှမ်းခြုံမိအောင်၊ အားလုံးကာမိအောင်လည်း ရငွေအရင်းအမြစ်က လုံလောက်မှု မရှိနိုင်ပါဘူး။ လိုအပ်တာတွေကို စီမံကိန်းနဲ့ ဆက်စပ်ပြီးတော့မှ ဦးစားပေးမယ်။ လျှပ်စစ်ကို ဘယ်လိုဦးစားပေးမယ်၊ လမ်းပန်းဆက်သွယ်ရေးကို ဘယ်လိုဦးစားပေးမယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေကို ဘယ်လို ဦးစားပေးမယ်။ အဲဒီဟာတွေက တစ်ပိုင်း၊ သာမန်အသုံးစရိတ်တွေက တစ်ပိုင်းပေါ့။ ဝန်ထမ်းအဖွဲ့အစည်းတွေမှာ သာမန်အသုံးစရိတ်နဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ဆိုတာ ရှိပါတယ်။ သာမန်အသုံးစရိတ်က အကြမ်းအားဖြင့် ၇၀၊ ၇၅ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ် ၃၀၊ ၂၅ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဒါက နိုင်ငံတကာမှာလည်း ဒီအချိုးအစားတွေနဲ့ သွားကြတာဖြစ်ပါတယ်။ သာမန်အသုံးစရိတ်အပိုင်းမှာလည်း ဌာနအဖွဲ့အစည်းတွေက သုံးမယ့် အသုံးစရိတ်တွေ၊ ဝန်ထမ်းအတွက် လစာတွေအပါအဝင် လုပ်ငန်းလည်ပတ်တဲ့ အသုံးစရိတ်တွေ ပါဝင်ပါတယ်။

ဒီနေရာမှာ ရငွေတွေ နည်းနေတဲ့အတွက် ရငွေတိုးရချင်ဇောနဲ့ အခွန်တွေကို အများကြီးတိုးကောက်လိုက်ရင် တည်ငြိမ်မှုကို ထိခိုက်နိုင်ပါတယ်။ ပြည်သူရဲ့ လိုလားချက်၊ ပြည်သူကို ဗဟိုပြုတဲ့အပိုင်းမှာ အားနည်းသွားလိမ့်မယ်။ တစ်ဖက်ကလည်း အသုံးစရိတ်တွေ များနေလို့ အသုံးစရိတ်လျှော့ချင်ဇောနဲ့ လျှော့လိုက်ပြန်ရင်လည်း ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်ပါတယ်။ အသုံးစရိတ်မသုံးရင်တော့ ဖွံ့ဖြိုးတိုးတက်မှုရမှာ မဟုတ်ဘူး။ အသုံးစရိတ်သုံးမှသာ ဖွံ့ဖြိုးတိုးတက်မယ်။ ဒါကြောင့် ရချင်တာနဲ့ တိုးချင်တိုင်း တိုးလို့ မသင့်သလို အသုံးငွေတွေကို လျှော့ချင်တိုင်း လျှော့သုံးလို့လည်း မသင့်တော်ပါဘူး။ ဒါကြောင့်မို့ အရကိုလည်း သင့်တင့်မျှတအောင်၊ လုံလောက်အောင် ရှာဖွေရမှာဖြစ်သလို အသုံးစရိတ်ကိုလည်း မျှတအောင်နဲ့ထိရောက်ပြီး အကျိုးရှိအောင် စနစ်တကျ အစီအစဉ်တွေဆွဲပြီးတော့ လုပ်ရပါတယ်။

## လိုငွေဖြစ်ပေါ်မှု

လိုငွေဖြစ်ပေါ်မှုနဲ့ပတ်သက်လို့ လိုငွေပြသင့်ရင်ပြမှာပဲ၊ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဘတ်ဂျက်အနေအထားက လိုငွေပြနေတယ်။ လိုငွေပြနေတာကို ဝေဖန်တဲ့သူတွေလည်းရှိပါတယ်။ ကျွန်တော်တို့ရဲ့ အနေအထားအရ အခုလောက် လိုငွေလေးနဲ့ သွားနေတဲ့အခြေအနေဟာ ရေရှည်မှာ တိုင်းပြည်အတွက် ကြွေးမြီဝန်ထုပ်ဝန်ပိုးကို မဖြစ်ရလေအောင် ထိန်းသိမ်းပြီး ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ရတာထက်ပိုပြီး သုံးနေတာတော့ မှန်တယ်။ ဒါပေမယ့် ဒီလိုသုံးမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်တာဖြစ်တဲ့အတွက်ကြောင့် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

အစိုးရကနေ ဘတ်ဂျက်အသုံးစရိတ်တွေ ဦးဆောင်ပြီးတော့ သုံးစွဲလိုက်တော့မှ တိုင်းပြည်ရဲ့ ကဏ္ဍအားလုံး၊ ဒေသအားလုံးကို အကုန်လုံး ပျံ့နှံ့သက်ရောက်ပြီးတော့ စီးပွားရေးကို ဦးဆောင်ပြီး သွားတာဖြစ်ပါတယ်။ စီးပွားရေးလည်ပတ်မှု ကောင်းနေတယ်၊ ဈေးကွက်မှာ ငွေကြေးတွေ များနေတယ်ဆိုရင်လည်း အစိုးရက ဒီအချိန်မှာ ထိန်းသိမ်းပြီးသုံးရမှာ ဖြစ်ပါတယ်။ လိုအပ်သလို လျှော့သုံးတာနဲ့ ပိုသုံးတာတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဘဏ္ဍာရေးမူဝါဒနဲ့ ဘတ်ဂျက်မူဝါဒတွေမှာ Expansionary Policy၊ Contractionary Policy တို့ ရှိကြပါတယ်။ နိုင်ငံတကာမှာ ဒီလိုပဲလုပ်ကြတာပါ။

**အစီအစဉ်မှူး။ ။ ငွေကြေးတွေကို ဥပဒေအရ သတ်မှတ်ထားတာထက် ပိုသုံးခွင့် မရှိဘူး။ ဒီအခြေအနေအပေါ်မှာလည်း သိပါရစေ။**

**ဒုတိယဝန်ကြီး။** ။ ပိုရရင်ရတယ်၊ ပိုရရင်ရတဲ့ အကြောင်းအရာကို ဖော်ပြပြီး ရသလောက် ဘယ်လောက်ပဲ ပိုရရ ရပါတယ်။ သုံးတဲ့အပိုင်းမှာတော့ ဥပဒေမှာ ဖော်ပြထားတဲ့ နောက်ဆက်တွဲဇယားပါ ကိန်းဂဏန်းထက် ကျော်သုံးလို့မရပါဘူး။ တစ်ပြားတစ်ချပ်မှ ကျော်သုံးလို့မရပါဘူး။ ဒီဥပဒေအတိုင်းပါပဲ။ ဥပဒေမှာ ဖော်ပြထားတဲ့ ကိန်းဂဏန်းအတွင်းမှာ ခေါင်းစဉ်တစ်ခုနဲ့ တစ်ခု လွှဲပြောင်းပြီးတော့ သုံးလို့ရချင်ရမယ်။ စုစုပေါင်းမှာတော့ ကျော်လို့မရပါဘူး။ ဒါက ဥပဒေရဲ့ အနှစ်သာရပါပဲ။

**မေး။ ။ ဆက်လက်ပြီးတော့ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေကိုအကျိုးပြုတဲ့ စီမံကိန်းတွေဖြစ်အောင် ကဏ္ဍအလိုက်၊ ဒေသအလိုက် ဘယ်လိုရေးဆွဲတယ်ဆိုတာကို ရှင်းပြပေးစေလိုပါတယ်။**

**ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်။** ။ ကျွန်တော်တို့ စီမံကိန်းရေးဆွဲတယ်ဆိုတာ နိုင်ငံတော်ရဲ့ မူဝါဒတွေအရ ရည်မှန်းချက်တွေ ရောက်ရှိအောင် ရေးဆွဲရတာပါ။ ဒီလိုရေးဆွဲလိုက်တဲ့အတွက် စီမံကိန်းဆိုတာ ရေးဆွဲပြီးရင် အကောင်အထည်ဖော်ရတယ်။ ဒီလို အကောင်အထည်ဖော် လိုက်တဲ့အခါမှာ သာမန် ပြီးပြီးရောဆိုတဲ့ အနေအထားမဟုတ်ဘဲ သတ်မှတ်ထားတဲ့ ရည်မှန်းချက်ကို ဖြစ်အောင်ဖော်ရမယ့် အနေအထားဖြစ်ပါတယ်။ ဒီလိုအကောင်အထည်ဖော်ရင်းနဲ့ပဲ ကျွန်တော်တို့စီမံကိန်းရဲ့ ဩဇာသက်ရောက်မှုကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားတွေ အားလုံးဟာ ဒီစီမံကိန်းချပြီး ဆောင်ရွက်နေတဲ့ လမ်းကြောင်းထဲ အကုန်ပါသွားရမှာ ဖြစ်ပါတယ်။

အဲဒီတော့ စီမံကိန်းဆိုတာကလည်း ဒီနှစ်ရေးဆွဲတဲ့ စီမံကိန်းရဲ့ အတွေ့အကြုံ ရလဒ်အပေါ်မှာ မူတည်ပြီးတော့ နောင်လာမယ့်နှစ်အတွက် ကျွန်တော်တို့က ရေးဆွဲတာ ရှိတယ်။ ဒီလိုပဲ စီမံကိန်းဆိုတာ တစ်နှစ်နဲ့တစ်နှစ် အဆက်မပြတ် ဆက်စပ်သွားရတာ ရှိတယ်။ အကောင်အထည်ဖော်တဲ့အခါမှာလည်း တစ်နှစ်ရဲ့ အကောင်အထည်ဖော်မှု မှားတာတွေကိုပြင်၊ မှန်တာတွေကိုယူ၊ ပိုပြီးတော့ အားကောင်းအောင် ဆောင်ရွက်ရင်းနဲ့ ဒီစီမံကိန်းရဲ့ ဖြစ်စဉ်တွေကို တိုးတက်အောင်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီစီမံကိန်းတွေ ထိရောက်ဖို့ဆိုရင် အဓိကကတော့ မူဝါဒတွေအရေးကြီးပါတယ်။ မူဝါဒတွေက ခိုင်ခိုင်မာမာနဲ့ လက်တွေ့ကျဖို့ လိုပါတယ်။ ဒါ့အပြင် ဦးစားပေးအစီအစဉ်တွေကလည်း လိုအပ်ချက်နဲ့အညီ ဖြစ်ဖို့လိုအပ်ပါတယ်၊ ကိုယ့်ရေမြေသဘာဝ ကိုယ့်နိုင်ငံရဲ့ အခြေအနေနဲ့ ညီညွတ်ဖို့လည်းလိုပါတယ်။ အဲဒါမှ မူဝါဒလည်းကောင်းမယ်။ စောစောကပြောတဲ့ ဦးစားပေးမှု အစီအစဉ်တွေကလည်း ထိရောက်တယ်။ ဒီဦးစားပေးမှု အစီအစဉ်တွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကြေးအရင်းအမြစ်ကလည်း ဆောင်ရွက်ပေးနိုင်တယ်ဆိုရင် ကျွန်တော်တို့မှန်းတဲ့ ရည်မှန်းချက်တွေကို ရောက်တာပါ။

ကဏ္ဍအလိုက်စီမံကိန်းတွေနဲ့ ဒေသန္တရစီမံကိန်းတွေ ရေးဆွဲတဲ့အခါမှာ နိုင်ငံသူ နိုင်ငံသားတွေ အကျိုးရှိအောင် စဉ်းစားပြီး ဆောင်ရွက်ရမယ့် အချက်တွေရှိတယ်။ နံပါတ်တစ်အချက်အနေနဲ့ ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ဆောင်ချက်တွေ၊ လူမှုရေးလုပ်ဆောင်ချက်တွေဟာ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေနဲ့အညီ ပိုမိုခိုင်မာလာအောင် ထိန်းကျောင်းဆောင်ရွက်ပေးဖို့လိုပါတယ်။

နောက်တစ်ချက်က အခုတွေ့ကြုံနေရတဲ့ စီးပွားရေး၊ လူမှုရေးအခက်အခဲတွေကိုလည်း လျှော့ချနိုင်အောင် ဒီနှစ်စီမံကိန်းထဲမှာ ထည့်သွင်းစဉ်းစားပြီးတော့ ရေးဆွဲခဲ့ပါတယ်။ ဒီလိုပဲ အရင်နှစ်ကရခဲ့တဲ့ ကောင်းကျိုးတွေကို ပိုပြီးတော့ခိုင်မာအောင် ရေးဆွဲခဲ့ပါတယ်။ နောင်လာမယ့်နှစ်တွေအတွက်လည်း စဉ်းစားပြီးတော့ ဖြစ်လာနိုင်တဲ့ ဆိုးကျိုးတွေကို လျော့ပါးသွားအောင် အစီအမံတွေ ကြိုတင်စီစဉ်ထားရှိခဲ့ပါတယ်။

## လက်ရှိ အခြေအနေနဲ့ ကိုက်ညီ

နောက်တစ်ချက်က ဆောင်ရွက်ချင်တဲ့ စီမံကိန်းရည်မှန်းချက်တွေဟာ လက်ရှိ အခြေအနေနဲ့ ကိုက်ညီတဲ့ ဦးစားပေးလုပ်ငန်းတွေဖြစ်ဖို့ လိုပါတယ်။ ဦးစားပေးအကြောင်းအရာတွေ ဖြစ်ဖို့လိုပါတယ်။ ဦးစားပေးဒေသတွေ ဖြစ်ဖို့ လိုပါတယ်။ ပြီးတော့ ချမှတ်မယ့် စီမံကိန်းရည်မှန်းချက်တွေကလည်း ကျွန်တော်တို့ လိုအပ်နေတဲ့ အချိန်နဲ့ လုပ်နိုင်တဲ့ အချိန်နဲ့ Timing ကိုက်ဖို့လည်းလိုတယ်။ Timing မကိုက်ရင်လည်း ရည်မှန်းချက်ကို အပြည့်အဝ ရရှိဖို့ ခက်ခဲမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကိုလည်း အကျိုးရှိအောင် ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ လိုအပ်နေတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ GDP မှာ ပုဂ္ဂလိကကဏ္ဍက ၉၀ ရာခိုင်နှုန်း ကျော်ပါတယ်။ ပုဂ္ဂလိကကဏ္ဍမှာရှိတဲ့ လုပ်ငန်းတွေ၊ စီးပွားရေးတွေ ပိုမိုကောင်းမွန်အောင် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ဖို့လည်း လုပ်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် စီမံကိန်းတွေ ဆောင်ရွက်တဲ့အခါမှာ လူသားအရင်းအမြစ်တွေ ပြည့်စုံရပါမယ်။ နည်းပညာနဲ့ ငွေကြေးအရင်းအနှီးတွေ ပြည့်စုံရပါမယ်။ နောက်ပြီး စီမံကိန်းကို အကောင်အထည်ဖော်နိုင်ဖို့အတွက် သတ်မှတ်ထားတဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ သတ်မှတ်ပြဋ္ဌာန်းပြီး ဖြစ်ရပါမယ်။ အဲလိုမှမဟုတ်ရဘဲ စီမံကိန်းတွေဟာ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းသတ်မှတ်ချက်မရှိဘဲ ဆောင်ရွက်ပါက မူလချမှတ်ထားတဲ့ ရည်မှန်းချက်အတိုင်း ဖြစ်ပေါ်ဖို့ အခက်အခဲရှိတာ တွေ့ရှိရပါတယ်။

**စာမျက်နှာ ၁၁ သို့** ❂

# ဂျပန်နိုင်ငံအစိုးရနှင့် စင်ကာပူနိုင်ငံ ပုဂ္ဂလိကကုမ္ပဏီများက ရေဘေးသင့်ဒေသများအတွက် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၇**

ရေဘေးသင့်ဒေသများရှိ ပြည်သူများ၏ လတ်တလော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဂျပန်နိုင်ငံအစိုးရက လှူဒါန်းသည့် ယန်း ၁၇ သန်းတန်ဖိုးရှိ ယာယီနေထိုင်ရန် မိုးကာတဲအလုံး ၁၀၀၀ နှင့် ရေသိုလှောင်နိုင်သည့် ပလတ်စတစ်ကန် ၂၅ လုံးအား ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှတစ်ဆင့် လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲ ၂ နာရီခွဲက လည်းကောင်း၊ ရေဘေးသင့်ဒေသများတွင် သောက်သုံးရေသန့်များ အလွယ်တကူရရှိနိုင်စေရန်အတွက် စင်ကာပူနိုင်ငံရှိ ပုဂ္ဂလိကကုမ္ပဏီလေးခုမှ တစ်လုံးလျှင် စင်ကာပူဒေါ်လာ ၉၅၀၀ တန်ဖိုးရှိ ရေသန့်စက် စုစုပေါင်း ငါးလုံး လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ညနေ ၄ နာရီကလည်းကောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ အလှူပစ္စည်းများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဂျပန်နိုင်ငံအစိုးရနှင့် စင်ကာပူနိုင်ငံ ပုဂ္ဂလိကကုမ္ပဏီများက ပေးအပ်သော အလှူပစ္စည်းများဖြစ်သည့် မိုးကာတဲများ၊ ရေသိုလှောင်ကန်များနှင့် ရေသန့်စက်များကို ရေဘေးဒဏ်ခံစားကြရသည့်ဒေသများသို့ အမြန်ဆုံးဖြန့်ခွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဘီးလင်းမြို့နယ်အတွင်းရှိ တိရစ္ဆာန်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ဘီးလင်း ဩဂုတ် ၇**

ရေဘေးသင့်ဒေသ တိရစ္ဆာန်များကျန်းမာရေးစောင့်ရှောက်မှုအထူးအဖွဲ့(နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော် ဦးဆောင်သောအဖွဲ့သည် ဘီးလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ခဲ့သော တိရစ္ဆာန်များအား ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများကို ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် မြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာ ၁၃ ရွာတို့သို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရေဘေးသင့်ဒေသ တိရစ္ဆာန်များကျန်းမာရေးစောင့်ရှောက်မှုအထူးအဖွဲ့သည် တိရစ္ဆာန်ပိုင်ရှင်များအား အသိပညာပေးဟောပြောခြင်း၊ တိရစ္ဆာန်အစာနှင့် ဆေးဝါးများထောက်ပံ့ခြင်း၊ ကာကွယ်ကုသခြင်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

အလားတူ မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနကလည်း ဇူလိုင် ၂၄ ရက်မှစ၍ ရေဘေးသင့်တိရစ္ဆာန်များအား ကယ်ဆယ်ရေးနှင့် ကာကွယ်ကုသရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ကျန်ရှိနေသေးသည့် တိရစ္ဆာန်များကိုလည်း ကာကွယ်ကုသခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၇**

**ချင်းတွင်းမြစ်**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ်**

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။


**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။


**ဝေါ်မြစ်**

ဝေါ်မြစ်ရေသည် သာပေါင်းမြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **မိုး/ ဇလ**


**ပဲခူးတိုင်းဒေသကြီး၊ မဒေါက်မြို့၊ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**




**ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့၊ ဝေါ်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**



**ကရင်ပြည်နယ်၊ ဘားအံမြို့၊ သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**



**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**



❂ စာမျက်နှာ ၁၀ မှ

ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေ မရှိတဲ့အခါကျတော့ သွားရတဲ့လမ်းကြောင်းက ဖြောင့်ဖြောင့်တန်းတန်း မရှိဘူး။ ဒါတွေကို ကျွန်တော်တို့က အဓိကထား ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာလည်း ကဏ္ဍအလိုက် စီမံကိန်းနဲ့ ဒေသန္တရစီမံကိန်းတွေသာမက အမျိုးသားစီမံကိန်းမှာလည်း ဒါကို အဓိကထားဆောင်ရွက်ခဲ့ပါတယ်။

နောက်ဆုံးအချက်အနေနဲ့ ပြောချင်တာကတော့ စီမံကိန်းတွေဟာ ပြည်သူလူထုအတွက် အကျိုးရှိထိရောက်ဖို့ အရေးကြီးပါတယ်။ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ အကောင်အထည်ဖော်လိုက်လို့ ရရှိလာမယ့် စီမံကိန်းရလဒ်တွေဟာ ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်တဲ့အခြေအနေတစ်ရပ်ကို ဖန်တီးပေးနိုင်ရမှာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ စီးပွားရေးကို ကိုယ့်ခွန်၊ ကိုယ့်အား၊ ကိုယ့်ခြေ၊ ကိုယ့်လက်နဲ့ သွားလာနိုင်တဲ့အထိ ဦးစားပေးရည်မှန်းထားပြီးတော့ ဆောင်ရွက်သွားရမယ်ဆိုတာကို ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။

**အစီအစဉ်မှူး။ ။ ပြည်ထောင်စုရဲ့ ရသုံးမှန်းခြေငွေစာရင်းကို အကောင်အထည်ဖော်တဲ့အခါမှာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လောက်အထိ အကျိုးပြုလဲ၊ ဘယ်လိုအကျိုးပြုလဲ ဆိုတာကို ရှင်းပြပေးပါ။**

**ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း။** ။ ရသုံးမှန်းခြေငွေစာရင်းဆိုတာ တကယ်တမ်းကျတော့ ပြည်သူ့ဘဏ္ဍာပဲ ဖြစ်ပါတယ်။ ရသမျှငွေအားလုံးကလည်း ပြည်သူ့ဘဏ္ဍာရန်ပုံငွေထဲပဲ ထည့်ရပါတယ်။ အဲဒီတော့ သုံးစွဲသမျှ ဘဏ္ဍာငွေဟာလည်း ကျွန်မတို့ ပြည်သူ့ဘဏ္ဍာရန်ပုံငွေထဲကပဲ ထုတ်ယူသုံးစွဲရပါတယ်။ အဲဒီလိုသုံးစွဲတဲ့အခါမှာ ဥပဒေနဲ့ပြဋ္ဌာန်းပြီးတော့မှ ဘတ်ဂျက်ခွင့်ပြုငွေအရပဲ သုံးစွဲရပါတယ်။ ဒါကြောင့်မို့လို့ ရငွေတွေကိုလည်း ပြည့်ပြည့်ဝဝ ကောက်ခံရရှိဖို့ လိုအပ်ပါတယ်။ သုံးစွဲတဲ့အသုံးစရိတ်တွေကိုလည်း ထိထိရောက်ရောက် သုံးစွဲဖို့ လိုအပ်ပါတယ်။ ဒါမှလည်း နိုင်ငံတော်အတွက် အကျိုးရှိမှာဖြစ်ပါတယ်။

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေးတို့မှာ လိုအပ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတွေမှာ လိုအပ်ပါတယ်။ ဥပမာအားဖြင့် ပညာရေးကဏ္ဍပါ။ ပညာရေးကဏ္ဍမှာဆိုရင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နဲ့ယှဉ်ရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ခြောက်နှစ်တာကာလမှာ ၅ ဒသမ ၆ ဆ တိုးမြှင့်သုံးစွဲနိုင်ခဲ့ပါတယ်။ ကျန်းမာရေးကဏ္ဍမှာဆိုရင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နဲ့ယှဉ်ရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၁၂ ဆ တိုးမြှင့်ပြီး သုံးစွဲပေးခဲ့ပါတယ်။ လျှပ်စစ်စွမ်းအားကဏ္ဍမှာဆိုရင် စုစုပေါင်းအသုံးစရိတ်ရဲ့ ၂၅ ရာခိုင်နှုန်းကို သုံးစွဲပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကတော့ အသုံးစရိတ် အများဆုံးဆိုပြီး ပြည်သူတွေက ပြောကြပါတယ်။ တကယ်တမ်းကျတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှာ သုံးစွဲတဲ့ အသုံးစရိတ်တွေက နိုင်ငံတော်အတွက်သုံးစွဲတဲ့ အသုံးစရိတ်တွေပဲ ဖြစ်ပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စုစုပေါင်းအသုံးစရိတ်ရဲ့ ၉၂ ရာခိုင်နှုန်းဟာ နိုင်ငံတော်အတွက်ပဲသုံးတာဖြစ်ပြီး ရှစ်ရာခိုင်နှုန်းလောက်ပဲ ဌာနက အသုံးစရိတ်သုံးတာပဲဖြစ်ပါတယ်။ ဘယ်လိုမျိုးအသုံးစရိတ်တွေလဲဆိုရင် ပြည်ထောင်စုက တိုင်းဒေသကြီး၊ ပြည်နယ်တွေကိုပေးတဲ့ ထောက်ပံ့ငွေတွေ ပါပါတယ်။ နိုင်ငံတကာကို ပေးရတဲ့ ထည့်ဝင်ကြေးတွေ ပါပါတယ်။ ပြည်တွင်း၊ ပြည်ပ အရင်းဆပ်တာတွေ၊ အတိုးပေးတာတွေ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဘတ်ဂျက်မှာပါပါတယ်။ အရေးပေါ်ရန်ပုံငွေတွေ လျာထားတဲ့အခါမှာလည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ထဲမှာပါပါတယ်။ ဒါကြောင့်မို့လည်း ကျွန်မတို့မြန်မာနိုင်ငံရဲ့ အသုံးစရိတ်မူဝါဒရဲ့ ဦးစားပေးမူဝါဒအတိုင်း လျှပ်စစ်ကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေမှာ ကျွန်မတို့ ပိုမိုသုံးစွဲနေတာဖြစ်ပါတယ်။ လူမှုရေးအသုံးစရိတ်အနေနဲ့လည်း ဒီနှစ်မှာဆိုရင် အသက် ၈၅ နှစ်အထက် ဘိုးဘွားတွေကို ထောက်ပံ့ဖို့ရှိပါတယ်။ ဒါကြောင့်မို့လို့ ရသုံးမှန်းခြေငွေစာရင်းဟာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အများကြီးအထောက်အကူပြုတယ်လို့ တင်ပြလိုပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ကြေးမုံ



# အင်ဒိုနီးရှားမြေငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၁၀၅ ဦးထိရှိလာ၊ ခရီးသွား ၄၀၀၀ ကျော်အား ဘေးကင်းရာ ရွှေ့ပြောင်းပေး



**ဂျကာတာ ဩဂုတ် ၇**


အင်ဒိုနီးရှားနိုင်ငံတွင် ဩဂုတ် ၅ ရက်က လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၀ အဆင့်ရှိ မြေငလျင်ကြောင့် သေဆုံးခဲ့ရသူဦးရေသည် ဩဂုတ် ၇ ရက်တွင် ၁၀၅ ဦးထိရှိလာပြီး ငလျင်ဒဏ်ခံစားခဲ့ရသည့် လွမ်ဘတ်ကျွန်းအနီးရှိ ကျွန်းငယ်သုံးကျွန်းတွင်ရှိသည့် ခရီးသွားဦးရေ ၄၆၃၆ ဦးအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းမြေငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၂၃၆ ဦးရှိပြီး ယင်းတို့အနက် အများစုမှာ ငလျင်ဒဏ်ကြောင့် ပြိုပျက်သွားသော အဆောက်အအုံအပျက်အပိုင်းအစများ၊ ကွန်ကရစ်တုံးများနှင့် ထိခိုက်မိခြင်းကြောင့် ဖြစ်ကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပို ပါဝူး နူဂရိုဟိုက ပြောကြားသည်။

အနောက်နူဆာတန်ဂါပြည်နယ်အတွင်းရှိ ခရီးသွားများ သွားရောက်လည်ပတ်ရာ အပန်းဖြေကျွန်းငယ်များဖြစ်သည့် ဂီလီထရာစန်ဂန်၊ ဂီလီအဲနှင့် ဂီလီမီနို ကျွန်းများပေါ်ရှိ ခရီးသွားများအားလုံးကို အနီးအနားရှိ ပင်လယ်ဆိပ်ကမ်းများဖြစ်သည့် ဘန်ဆဲလ်၊ ဘီနိုအာနှင့် လမ်ဘာတို့သို့ ရွှေ့ပြောင်းပေးထားပြီးဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ခရီးသွားများဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေးအတွက် ရေယာဉ် ၁၁ စင်းဖြင့် ဆက်လက်ရွှေ့ပြောင်းပေးလျက်ရှိကြောင်း ဆူတိုပိုက ပြောကြားသည်။

ဩဂုတ် ၅ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၆ မိနစ်တွင် အနောက်နူဆာတန်ဂါရာပြည်နယ် လွမ်ဘတ်ကျွန်း၏အနောက်မြောက်ဘက် ၁၈ ကီလိုမီတာအကွာ၌ မြေအောက်အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍အင်အား ၇ ဒသမ ၀ အဆင့်ရှိသည့် အဆိုပါမြေငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**



# ထိန်းသိမ်းထားသည့် တောင်ကိုရီးယား နိုင်ငံသားကို မြောက်ကိုရီးယား ပြန်လွှတ်ပေး

**ဆိုးလ် ဩဂုတ် ၇**

ယခုနှစ် ဇူလိုင်လအတွင်း နယ်စပ်ဒေသကို ဖြတ်ကျော်ကာ မြောက်ကိုရီးယား နိုင်ငံပိုင်နက်အတွင်းသို့ ဝင်ရောက်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦးကို မြောက်ကိုရီးယားနိုင်ငံက ထိန်းသိမ်းထားရာမှ ပြန်လွှတ်ပေးခဲ့ကြောင်း တောင်ကိုရီးယားအစိုးရ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ဩဂုတ် ၇ ရက်တွင် ပြောကြားသည်။

မိသားစုအမည် ဆို အမည်ရှိ အသက် ၃၄ နှစ်အရွယ် တောင်ကိုရီးယား နိုင်ငံသားကို နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်ခဲ့မှုဖြင့် လွန်ခဲ့သည့်လအတွင်းက မြောက်ကိုရီးယားက ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

လွန်ခဲ့သည့် နှစ်များအတွင်းက မြောက်ကိုရီးယားနိုင်ငံက ဖမ်းဆီးထားသည်ဟု ယုံကြည်ရသော တောင်ကိုရီးယားနိုင်ငံသားခြောက်ဦးအား ပြန်လွှတ်ပေးရန် တောင်ကိုရီးယား တာဝန်ရှိသူများက ဖိအားပေးမှုများ ပြုလုပ်နေပြီးဆိုအား ယခုပြန်လွှတ်ပေးခြင်းသည် အပြုသဘောဆောင်သည့် လက္ခဏာဖြစ်ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုနှစ် မေလအတွင်းက အမေရိကန်နိုင်ငံသား အကျဉ်းသားသုံးဦးကို မြောက်ကိုရီးယားက ပြန်လွှတ်ပေးခဲ့ပြီး ယင်းမှာ ယခုနှစ် ဇွန်လအတွင်းက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် အမေရိကန်သမ္မတတို့အကြား ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရေးအတွက် အခက်အခဲများကို ရှင်းလင်းပေးသည့်လက္ခဏာဖြစ်သည်။

အမေရိကန်နိုင်ငံသား အကျဉ်းသား သုံးဦးအား လွှတ်ပေးပြီးနောက်တွင် ကုလသမဂ္ဂ၏ မြောက်ကိုရီးယားဆိုင်ရာ လူ့အခွင့်အရေး စုံစမ်းစစ်ဆေးသူ သောမတ်ကွင်တားနားက တောင်ကိုရီးယားနိုင်ငံသားများကိုလည်း ပြန်လွှတ်ပေးရန် မြောက်ကိုရီးယားအား ကြေညာချက်ထုတ်ပြန် တိုက်တွန်းခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ဖမ်းဆီးထားသည့် တောင်ကိုရီးယားနိုင်ငံသား ခြောက်ဦးထဲတွင် ခရစ်ယာန်သာသနာပြုအဖွဲ့ဝင် သုံးဦးပါဝင်ပြီး ကင်ဂျောင်ဝတ်မှာ ၂၀၁၃ ခုနှစ် အောက်တိုဘာတွင် ဖမ်းဆီးခံရပြီး ကမ်ကွတ်ကီနှင့် ချွိုင်ချောင်ကီတို့မှာ ၂၀၁၄ ခုနှစ်တွင် ဖမ်းဆီးထိန်းသိမ်းခံကြရသူများ ဖြစ်ကြောင်း တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ပြောကြားသည်။ **ကျော်ဒို**

# မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုကြောင့် နီပေါတွင် မြေပြိုမှုဖြစ်ပွား၊ ရှစ်ဦးသေဆုံး

**ခတ္တမန္ဒူ ဩဂုတ် ၇**

နီပေါနိုင်ငံ အနောက်အလယ်ပိုင်းဒေသတွင် ဩဂုတ် ၆ ရက်က မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားရာ ကလေးခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျာဂျာကော့ခရိုင် သာတီဘာဇာဒေသတွင် မြေပြိုမှုကြောင့် ပျက်စီးသွားသည့် လူနေအိမ်နှစ်လုံး၏ အပျက်အစီးများအောက်တွင် သေဆုံးသွားသူ ရှစ်ဦး၏ ရုပ်အလောင်းများကို ကယ်ဆယ်ရေးသမားများက ရှာဖွေတွေ့ရှိခဲ့ကြောင်း ယင်းခရိုင်အုပ်ချုပ်ရေးအဖွဲ့၏ လက်ထောက်အကြီးအကဲ ခရစ်ရှနာပရာဆတ်ဒ်ကာတီဝါဒါက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

အဆိုပါကျေးရွာအတွင်း၌ပင်ရှိသော လူနေအိမ်ခြောက်လုံးခန့်မှာလည်း မြေပြိုမှုအန္တရာယ်နှင့် ကြီးစွာရင်ဆိုင်နေရ၍ အဆိုပါနေအိမ်များ၌ နေထိုင်သူများအား အခြားကျေးရွာတစ်ရွာသို့ ယာယီရွှေ့ပြောင်း ကယ်ဆယ်ထားရကြောင်း ၎င်းက ပြောကြားသည်။

ယင်းမြေပြိုမှုအတွင်း အခြားလူတစ်ဦးမှာ ပျောက်ဆုံးနေသဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ခရိုင်တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် လုံခြုံရေးအေဂျင်စီများမှ ဝန်ထမ်းများနှင့် ပူးပေါင်းကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နီပေါနိုင်ငံ မြို့တော်ခတ္တမန္ဒူအနောက်ဘက် ကီလိုမီတာ ၃၅၀ ခန့်ကွာဝေးသည့် နိုင်ငံ၏ အနောက်အလယ်ပိုင်းအစွန်အဖျားတွင် တည်ရှိသည့် အဆိုပါကျေးရွာ၌ မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုများ နောက်ရက်အနည်းငယ်အထိ ဖြစ်ပေါ်နိုင်ကြောင်း နီပေါနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဌာနက ပြောကြားထားသည်။

ယခုနှစ်မုတ်သုံရာသီကာလအတွင်း နီပေါနိုင်ငံအတွင်းရှိ ခရိုင်အများအပြားတွင် မိုးသည်းထန်စွာရွာသွန်းမှုဘေးအန္တရာယ်အား နိုင်နင်းစွာစီမံခန့်ခွဲနိုင်ရေးအတွက် အပြင်းအထန်လုပ်ဆောင်နေရသည်။

ယခုနှစ်မုတ်သုံရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြေပြိုမှုဘေးအန္တရာယ်ကျရောက်ခဲ့ပြီး လူ ၆၅ ဦးထက်မနည်း သေဆုံးကာ အိမ်ထောင်စုပေါင်း ၃၆၃ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း နီပေါပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အမျိုးသားအရေးပေါ်လုပ်ငန်းဌာနမှ နောက်ဆုံးထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**

# တိုကျိုမြို့အနောက်ပိုင်းရှိ မူလတန်းကျောင်းတစ်ကျောင်း၌ စစ်အတွင်းက မြှုပ်နှံထားဖွယ်ရှိသည့် လက်နက်များရှာဖွေတွေ့ရှိ

**တိုကျို ဩဂုတ် ၇**

တိုကျိုမြို့ အနောက်ပိုင်းရှိ မူလတန်းကျောင်းတစ်ကျောင်း၌ ဒုတိယကမ္ဘာစစ်အတွင်းက မြှုပ်နှံထားခဲ့သည်ဟု ယူဆရဖွယ်ရှိသည့် သေနတ်အလက် ၁၄၀၀ ခန့်နှင့် ဓား ၁၂၀၀ ကို ရှာဖွေတွေ့ရှိရကြောင်း မြို့တော်တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၆ ရက်တွင် ပြောကြားသည်။

တိုကျိုမြို့အနောက်ဘက် နီရှိတိုကျိုအရပ်မှ တာနာရှီ မူလတန်းကျောင်းဝင်းအတွင်း၌ မြေအနက်တစ်မီတာမှ နှစ်မီတာအနက်အတွင်း မြှုပ်နှံထားသည့် အဆိုပါ လက်နက်များအပြင် လက်ပစ်ဗုံးများ၊ ကျည်ဆန်များနှင့် အမြောက်ဆန်များကိုပါ ရှာဖွေတွေ့ရှိခဲ့သည်။

ယခုနှစ် ဇူလိုင်လအတွင်းက အဆိုပါ မူလတန်းကျောင်းအတွင်း အဆောက်အအုံတစ်ခု တည်ဆောက်ရန်အတွက် မြေတူးမှုများ စတင်လုပ်ဆောင်စဉ်အတွင်း ယင်းသို့ဝှက်ထားသော လက်နက်များကို ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။



မြို့တော်တိုကျိုဆင်ခြေဖုံးဒေသရှိ အဆိုပါ မူလတန်းကျောင်းမှ လက်နက်များ ဖယ်ရှားရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (အက်စ်ဒီအက်ဖ်)မှ တပ်ဖွဲ့များက ပူးပေါင်းလုပ်ဆောင်ခဲ့ကြပြီး ယင်းလက်နက်များမှာ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့် ကာလအတွင်း အသုံးပြုရန် မလိုအပ်သည့်အတွက် သိမ်းဆည်းထားခြင်း ဖြစ်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျပန်နိုင်ငံတွင် လူများနေထိုင်သည့် နေရာများတွင် မပေါက်ကွဲသေးသည့် ဗုံးများနှင့် လက်နက်များကို ယခုတိုင်အောင် တစ်ခါတစ်ရံ တွေ့ရှိတတ်ကြောင်း၊ သို့သော် ယခုအချိန်တွင် ပျောက်ကွယ်သွားပြီဖြစ်သည့် ဂျပန်ဘုရင့်တပ်မတော်မှ အသုံးပြုပြီးသော လက်နက်ပစ္စည်းအရေအတွက် အများအပြားကို ပမာဏကြီးမားစွာ ရှာဖွေတွေ့ရှိရမှုမှာ ယခုတစ်ကြိမ်တည်းသာ ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ကျော်ဒို**




# အာဆင်နယ်တိုက်စစ်မှူး လူးကက်ပီရက်ဇ်ကို ဝက်စ်ဟမ်းအသင်း ခေါ်ယူရန် နီးစပ်နေ

ဝက်စ်ဟမ်းအသင်းသည် အာဆင်နယ်အသင်းမှ စပိန်တိုက်စစ်မှူး လူးကက်ပီရက်ဇ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် နီးစပ်မှုရှိနေပြီဖြစ်ကြောင်း သိရသည်။ အသက် ၂၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး ပီရက်ဇ်သည် အာဆင်နယ်အသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်မရရှိခဲ့ဘဲ ပြီးခဲ့သည့် ဘောလုံးရာသီက စပိန်လာလီဂါကလပ် ဒီပို့တီဗိုအသင်းတွင် အငှားချထားခြင်းခံခဲ့ရသူဖြစ်သည်။

တိုက်စစ်မှူး ပီရက်ဇ်သည် ၂၀၁၆ ခုနှစ်က ဒီပို့တီဗိုအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၇ ဒသမ ၁ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိတွင် ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့တော့မည်ဖြစ်သောကြောင့် တိုက်စစ်မှူးပီရက်ဇ်မှာ ဝက်စ်ဟမ်းအသင်းအတွက် ကိုးဦးမြောက်ခေါ်ယူမည့်ကစားသမားလည်းဖြစ်လာမည်ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် နည်းပြသစ်အဖြစ် ပယ်လီဂရီနီကို ခန့်အပ်ခဲ့ပြီးနောက် နည်းပြ ပယ်လီဂရီနီက ဝက်စ်ဟမ်းအသင်း၏ တိုက်စစ်ပိုင်းတွင် မာကိုအနာတိုဗစ်၊ ဟာနန်ဒက်ဇ်တို့နှင့် အတူ တိုက်စစ်အင်အားတောင့်တင်းရန်အတွက် တိုက်စစ်မှူး ပီရက်ဇ်ကို ခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။



# မန်စီးတီးအသင်း၏ ဂိုးသမား ဂျိုးဟက်ဒ်ကို ဘန်လေအသင်း နှစ်နှစ်သက်တမ်းရှိစာချုပ်ဖြင့် ခေါ်ယူ

ဘန်လေအသင်းသည် ပရီမီယာလိဂ်လက်ရှိချန်ပီယံမန်စီးတီးအသင်း၏ ဂိုးသမားဂျိုးဟက်ဒ်အား ပြောင်းရွှေ့ကြေးပေါင် ၃ ဒသမ ၅ သန်းဖြင့် နှစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ်ရှိ ဂိုးသမားဂျိုးဟက်ဒ်သည် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ပွဲပေါင်း ၇၅ ပွဲပါဝင်ကစားပေးခဲ့သူဖြစ်ပြီး မန်စီးတီးအသင်းတွင် ပွဲပေါင်း ၃၅၀ အထိ ပါဝင်ကစားခဲ့သူဖြစ်သည်။ ဂိုးသမားဂျိုးဟက်ဒ်သည် မန်စီးတီးအသင်းနှင့်အတူ ပါဝင်ကစားပေးခဲ့ရာတွင် ပရီမီယာလိဂ်ဖလားနှစ်ကြိမ်နှင့် အက်ဖ်အေဖလားတစ်ကြိမ်တို့ကို ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ မန်စီးတီးအသင်းမှ ဘန်လေအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းမှာ လက်ရှိမန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာက ဂိုးသမားဂျိုးဟက်ဒ်ကို ပုံမှန်ပွဲထွက်ကစားခွင့်မပြုခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ဂိုးသမားဂျိုးဟက်ဒ်သည် ၂၀၁၆ ခုနှစ်က မန်စီးတီးအသင်းသို့ နည်းပြဂွာဒီယိုလာရောက်ရှိလာခဲ့ပြီးနောက် တစ်ပွဲသာလျှင်ပွဲထွက်ကစားခွင့်ရရှိခဲ့သည်။ ထို့အပြင် ဂိုးသမားဂျိုးဟက်ဒ်အား ပြီးခဲ့သည့် ဘောလုံးရာသီနှစ်ရာသီက တိုရီနိုအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့တွင် အငှားချထားခဲ့ခြင်းဖြစ်သည်။

ယင်းသို့ မန်စီးတီးအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ရခြင်းကြောင့် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်က လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခဲ့ခြင်းမရှိခဲ့ပေ။

ထို့ပြင် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီမစတင်မီ ကျင်းပခဲ့သည့် မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ ကွန်မြူနတီဒိုင်းပွဲစဉ်တွင်လည်း နည်းပြဂွာဒီယိုလာက ထည့်သွင်းခဲ့ခြင်းမရှိခဲ့ပေ။ အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းက တိုက်စစ်မှူး အဂူရို၏ သွင်းဂိုးနှစ်ဂိုးဖြင့် ကွန်မြူနတီဒိုင်းကို ရယူဆွတ်ခူးနိုင်ခဲ့သည်။



# ဆီဗီလာအသင်းက ဘတ်ရှုယာယီကို အငှားဖြင့် ခေါ်ယူရန်စီစဉ်

ဆီဗီလာအသင်းသည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီအတွက် ချယ်လ်ဆီးတိုက်စစ်မှူး ဘတ်ရှုယာယီအား အငှားစာချုပ်ဖြင့် ခေါ်ယူရန်ပြင်ဆင်လျက်ရှိပြီး ဆီဗီလာအသင်းနှင့်အတူ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ဗလင်စီယာအသင်းတို့ကလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး ဘတ်ရှုယာယီသည် ချယ်လ်ဆီးအသင်းသို့ တိုက်စစ်မှူး ဂျရူးနှင့် တိုက်စစ်မှူး မိုရက်တာတို့ ရောက်ရှိလာခဲ့ချိန်ကတည်းက အသင်းပြောင်းရွှေ့ကစားရန် စီစဉ်နေသူဖြစ်သည်။

ဆီဗီလာအသင်း၊ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ဗလင်စီယာအသင်းတို့က တိုက်စစ်မှူး ဘတ်ရှုယာယီကိုခေါ်ယူရန် ပြင်ဆင်နေသော်လည်း ချယ်လ်ဆီးအသင်းနည်းပြ ဆာရီကမူ အသင်း၏ တိုက်စစ်ပိုင်းကို ပိုမိုတောင့်တင်းစေရန်အတွက် ဘတ်ရှုယာယီကိုအသင်းတွင် ဆက်ထိန်းထားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ဘတ်ရှုယာယီအား ခေါ်ယူလိုသည့် အသင်းများထဲတွင် ဆီဗီလာအသင်းကသာ ကစားသမားနှင့် ဆက်ဆံရေးအဆင်ပြေလျက်ရှိပြီး အသင်းပြောင်းရွှေ့မည်ဆိုပါက ဆီဗီလာအသင်းသို့သာ ပြောင်းရွှေ့ဖွယ်ရှိကြောင်းနှင့် ဆီဗီလာအသင်းကလည်း တိုက်စစ်မှူး ဘတ်ရှုယာယီအား အငှားစာချုပ်ဖြင့်သာ ခေါ်ယူလိုကြောင်း ပြောကြားထားသည်။

ချယ်လ်ဆီးအသင်းကမူ ဘတ်ရှုယာယီ၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ ပေါင်သန်း ၆၀ သတ်မှတ်ထားကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

# ဒမ်ဘီလီကိုခေါ်ယူရန် အာဆင်နယ်နှင့် မန်ယူအပြိုင်ဖြစ်နေ

အပြောင်းအရွှေ့ကာလသည် ဩဂုတ် ၉ ရက်တွင် ပိတ်သိမ်းမည်ဖြစ်ရာ ယင်းနေ့မတိုင်မီတွင် ဘာစီလိုနာ တိုက်စစ်မှူး ဒမ်ဘီလီကို ခေါ်ယူရန် အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့ အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုအပြောင်းအရွှေ့ကာလအတွင်း လီဂရန့်၊ ဒါလော့နှင့် ဖရက်ဒ်တို့ကို ခေါ်ယူထားခဲ့ပြီးဖြစ်သော်လည်း ဗဟိုခံစစ်ကစားသမားတစ်ဦးနှင့် တိုက်စစ်ကစားသမားတစ်ဦးကို ထပ်မံခေါ်ယူရန် မန်ယူအသင်းနည်းပြ မော်ရင်ဟိုက စီစဉ်နေခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒမ်ဘီလီသည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ ၃၃ ပွဲအထိ ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး သွင်းဂိုးငါးဂိုးသွင်းယူပေးနိုင်ခဲ့ကာ ဂိုးဖန်တီးပေးနိုင်မှု ခြောက်ကြိမ်အထိရှိခဲ့ကြောင်းလည်း သိရသည်။

တိုက်စစ်မှူး ဒမ်ဘီလီမှာ ဒေါ့မွန်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး လက်ရှိတွင် ဘာစီလိုနာအသင်းက တိုက်စစ်မှူး မယ်လ်ကွန်ကို ခေါ်ယူထားခဲ့ခြင်းကြောင့် ပုံမှန်ကစားခွင့်အတွက် ရုန်းကန်ရမည်ဖြစ်၍ အသင်းမှ ထွက်ခွာရန်ပြင်ဆင်လျက်ရှိနေခြင်းဖြစ်သည်။



# မောင်တော၊ ကလော၊ လားရှိုး၊ ဟိုပန်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၇**

မောင်တောခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၆ ရက် ညနေ ၄ နာရီခန့်တွင် မောင်တောမြို့ ကညင်တန်းရပ်ကွက် မောင်နီကျေးရွာသွားလမ်း၌ ဟာရှိတ်မူလာအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။



ဝင်းမော်အား သိမ်းဆည်းရမိသည့် ဆေးခြောက်များနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်း မိုင်တိုင် (၆၅/၃)တွင် ဝင်းမော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဆေးခြောက်ဘလောက်တုံး ၁၃ တုံး (အလေးချိန် ၁၅ ဒသမ ၆ ကီလို)နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ကွန်နာစတုန်းသတ္တုသန့်စင်စက်ရုံအနီး လားရှိုး-တန့်ယန်းသွားကားလမ်းတွင် စိုင်းအွမ်နှင့် အိုက်ဆိတို့ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှစ်စီးအား ရှာဖွေရာ ဘိန်းစိမ်း ၁၀ ထုပ် (အလေးချိန် ၁၃ ကီလို) ကိုလည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် ပန်လုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့ ပန်လုံရပ်ကွက်(၇)နေ မလီရှောက်ရှန်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့် ဘိန်းစိမ်း ၁ ဒသမ ၃၀၆၄ ကီလိုတို့ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက် ဗိုလ်မင်းရောင်နှင့် (၁၀၈) လမ်းထိပ် အမှတ်(၂၆) ငါးလွှာ အခန်းပိုင်ရှင် ဦးသောင်းစိန်(၆၇)နှစ်၏ နေအိမ်ခန်း၌ ဝိုင်ယာရှော့ဖြစ်၍ ယနေ့ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ဦးအောင်ကျော်ထူး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမင်းဗိုလ်ဦးနှင့် တပ်ဖွဲ့ဝင် ၂၅ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရာဇာနှင့် ရပ်ကွက်နေပြည်သူများ၊ တာမွေမြို့နယ် မီးသတ်ဦးစီး ဦးညီညီထွန်းနှင့်အဖွဲ့ဝင် ၃၀ တို့က မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီးတို့ဖြင့် ပူးပေါင်းငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

# သဃ်န်းကျွန်းမြို့နယ်တွင် ကားဝပ်ရှော့နှင့် ပြုပြင်ဆဲကားသုံးစီး မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် (၁၆/၁)ရပ်ကွက် သုမန (၄)လမ်းရှိ ဦးဇင်ဝင်း၏ ကားဝပ်ရှော့လုပ်ငန်း အဆောက်အအုံမျက်နှာကြက်တွင် တပ်ဆင်ထားသော ပန်ကာမှာ အပူလွန်ကဲ၍ ယနေ့ နံနက် ၂ နာရီ မိနစ် ၄၀ က မီးစတင်လောင်ကျွမ်းခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။ အဆိုပါ မီးလောင်ရာသို့ မီးသတ်ယာဉ် ၂၄ စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီး၊ အထောက်အကူပြုယာဉ် သုံးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် (၄၀×၅၀)ပေခန့်ရှိ သွပ်မိုးအဆောက်အအုံတစ်လုံး၊ ပြုပြင်ဆဲမော်တော်ယာဉ် သုံးစီးနှင့် စက်ပစ္စည်းများ ဆုံးရှုံးခဲ့ပြီး ဦးဇင်ဝင်းအား သဃ်န်းကျွန်းမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**

# မိုးကောင်းမြို့နယ်၌ ဘိန်းဖြူအမှုန့်များ သိမ်းဆည်းရမိ

**မိုးကောင်း ဩဂုတ် ၇**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာ၌ ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီခွဲက ကျေးရွာလုံခြုံရေး လှည့်ကင်းဆောင်ရွက်နေစဉ် လူတစ်ဦးအား ရှာဖွေစစ်ဆေးရာမှ ဘိန်းဖြူအမှုန့်နှင့်အတူ ရောင်းချသူကိုပါ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဆားမော်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဆွတ်ငိုင်ရပ်ကွက်ရှိ ရေပြွန်အုတ်ခုံပေါ်ထိုင်နေသူ အောင်သီရိရပ်ကွက်နေ ခမ်းဒါတူး(ခ)တူးပို့ (၃၉)နှစ်အား တွေ့ရှိစစ်ဆေးရာမှ ဘိန်းဖြူအမှုန့် သုည ဒသမ ၀၃ ဂရမ်နှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ခမ်းဒါတူး(ခ)တူးပို့ကို စစ်ဆေးရာ အဆိုပါမူးယစ်ဆေးဝါးများမှာ အောင်မင်္ဂလာရပ်ကွက်နေ အောင်လီ(၃၀)နှစ်ထံမှ ဝယ်ယူသုံးစွဲသည့် ပစ္စည်းများဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် အောင်လီ၏နေအိမ်ကို စစ်ဆေးရှာဖွေရာ ပလတ်စတစ်ဘူးငယ် ၁၆ ဘူးနှင့် ထည့်ထားသည့် ဘိန်းဖြူအမှုန့် ၁ ဒသမ ၃ ဂရမ်ကို ရှာဖွေသိမ်းဆည်းရမိကြောင်း သိရသည်။

ထို့ကြောင့် ခမ်းဒါတူး(ခ)တူးပို့နှင့် အောင်လီတို့ နှစ်ဦးအား မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကမ်းနားလမ်း ညောင်ပင်လေးဈေးရှေ့၌ ဩဂုတ် ၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် အရှေ့ဘက်မှအနောက်ဘက်သို့ မောင်းနှင်လာသည့် ကွန်တိန်နာယာဉ်တစ်စင်းသည် အရှိန်မထိန်းနိုင်ဘဲ လက်ယာဘက် အတားအဆီးများကို ဝင်ရောက်တိုက်မိမှုကို တွေ့ရစဉ်။ (အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်ခေါင်းခန်းတွင် လိုက်ပါစီးနင်းလာသူမှာ ဘယ်ခြေထောက်ကျိုးခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။)**

ကိုကြီးစိုး(ဆိပ်ကမ်း)

# ပဲခူးမြို့၌ မီးလောင်မှုဖြစ်ပွား

**ပဲခူး ဩဂုတ် ၇**

ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက် သစ်စက်လမ်း၌ ဩဂုတ် ၇ ရက် ညနေ ၆ နာရီခန့်က ဒေါ်ဇင်မာ ကုန်စုံဈေးဆိုင်၏ မီးဖိုခန်းမှစတင်၍ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ပဲခူးမြို့ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များ၊ ဘုရားကြီးမြို့မှ မီးသတ်ယာဉ် စုစုပေါင်း ငါးစီးနှင့် ရပ်ကွက်နေပြည်သူများ၊ ပဲခူးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းငြိမ်းသတ်ခဲ့၍ အခြားအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်း မရှိခဲ့ဘဲ ညနေ ၆ နာရီခွဲခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းမှုအပေါ် ရပ်ကွက်နေသူတစ်ဦးက "ဒီကုန်စုံဈေးဆိုင်ဟာ မီးလောင်လွယ်တဲ့ လူသုံးကုန်ပစ္စည်းတွေ၊ အရက်ဆီတွေလည်း ရောင်းတယ်။ တစ်လမ်းလုံးမှာကျတော့ သစ်စက်တွေ၊ သစ်အရောင်းဆိုင်တွေရှိတယ်။ နွေရာသီဆို အလွန်စိုးရိမ်စရာပါပဲ" ဟု ဆိုသည်။ **မျိုးသိန်း(ပဲခူး)**

# မီးသတိပြု

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် ဩဂုတ် ၆ ရက်က ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၅၉ စီး၊ သွင်းကုန် ၈၂၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၂ စီး၊ သွင်းကုန် ၇၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှုကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ ရှောင်ကွင်းလမ်းဘေးတွင် စုပုံထားသည့် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ သကြား (ကီလိုဂရမ် ၅၀) အိတ် ၉၀ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၈၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း |
| ၈း၃၅ | "စီးပွားရေးစကားဝိုင်း" (ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ သိကောင်းစရာများ)(အပိုင်း-၂) |
| ၉း၃၀ | မူပိုင်ခွင့်အကြောင်း သိကောင်းစရာ "တီထွင်မှု မူပိုင်ခွင့်ကို အကာအကွယ်ပေးခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ" |
| ၁၀း၃၀ | Catch Asia News |
| ၁၀း၄၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော် ဖြိုးကြီး) |
| ၁၁း၁၀ | စိုက်ပျိုးရေးရာအဖြေရှာ "ဒေသနှင့်ကိုက်ညီဖို့ စပါးမျိုးကောင်းမျိုးသစ်များ မွေးမြူထုတ်လုပ်ကြပါစို့" |
| ၁၁း၃၅ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၃၂) |
| ၁၃း၂၀ | "မြူမှောင်ကင်းဖျော့ လင်းရော့မည်" |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၇၉) |

**ညပိုင်း**

| | |
|---|---|
| ၁၇း၀၅ | "ဥပဒေပြုခြင်း၊ နည်းဥပဒေပြုခြင်းအကြောင်း" (ဝေါမဲဆန္ဒနယ်မှ "ဦးတင်ထွေး" ၏အဆို) |
| ၁၇း၂၅ | MRTV Travelogue |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဘ၀ထဲက၀တ္ထု၊ ဝတ္ထုထဲကဘ၀ "အဖြူရောင်နှလုံးသား" (ဒေါင်းဝေ၊ ပန်သူမြင့်မိုရ်၊ သဲအိမ့်စံ၊ မသန်းသန်းဆင့်၊ ဝတ်ရည်နှင်း၊ ဒေါ်မြင့်၊ တင့်ထက်၊ လင်းစစ်အိမ်၊ အေးမိုးပွင့်) [(ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)] |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၁)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာအောင်ဩဘာ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "မင်္ဂလာပါအာဆီယံ" - "စမ်းချောင်းဆစ်ကွန့်၊ ဆစ်ကွန့်စမ်းချောင်း (အပိုင်း-၄) - "ခါတ်လုံးလက်စွပ်" (မေသဥ္ဇာဦး၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ ညီနိုင်း)(ဒါရိုက်တာရှင်ဒေဝီ) - (ASEAN Day ဂုဏ်ပြုအစီအစဉ်) ASEAN QUIZ (အပိုင်း-၁) |

အစီအစဉ်ပြီး၏။

# မရှိခြင်း၊ မသိခြင်းတို့ထက် ပိုခက်တဲ့အရာ

သိုက်စိုးထွန်း | နတ်ရှာ

မရှိတာထက် မသိတာခက်ဆိုတဲ့ မြန်မာစကားပုံရှိပါတယ်။ ရတနာပုံခေတ်ရောက်လာတော့ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်က မသိတာထက် မလုပ်တာက ပိုခက်တယ်ဆိုတဲ့ အယူအဆတစ်ခုကို တင်ပြလိုက်ပြန်တယ်။ မရှိတာက ရှိအောင်လုပ်လို့ရတယ်တဲ့။ မသိတာက သိအောင်လုပ်လို့ရသေးတယ်တဲ့။ ဘာမှမလုပ်တာကျတော့ ဘာမှကို ဖြစ်မလာနိုင်တော့လို့ ပိုခက်သွားပြီတဲ့။

တကယ်တော့ မရှိလို့အခက်ကြုံကြရတာတွေကလည်း တော်တော်လေးကို များပါတယ်။ ကိုယ့်မိသားစုလေးထဲမှာတင်ကြည့်မလား။ စားစရာမရှိလို့ ခက်နေတယ်။ စားစရာရှိပြန်တော့ ကိုယ်ကြိုက်တဲ့ဟာမဟုတ်လို့ ခက်နေတယ်။ ဝတ်စရာအဝတ်အစားမရှိလို့ ခက်နေတယ်။ ဝတ်စရာရှိပြန်တော့ ထည်လဲဝတ်စရာတွေ တစ်ပုံကြီးမရှိလို့ ခက်နေတယ်။ နေစရာကိုယ်ပိုင်အိမ်မရှိလို့ခက်နေတယ်။ စီးစရာကားမရှိလို့ခက်နေတယ်။ လုံလောက်တဲ့ဝင်ငွေမရှိလို့ ခက်နေတယ်။ မရှိလို့ခက်နေတာတွေကိုက တော်တော်များနေပြီ။

ရပ်ရွာဒေသအဆင့်အထိ ကြည့်မလား။ စာသင်ကျောင်းကောင်းကောင်းမရှိလို့၊ တက္ကသိုလ်မရှိလို့၊ ဆေးရုံ ဆေးခန်းမရှိလို့၊ လမ်းပန်းဆက်သွယ်ရေးမကောင်းလို့၊ လျှပ်စစ်မီးမရလို့ခက်နေတယ်။ ခက်နေတာတွေက အများကြီး။

ကမ္ဘာတစ်ဝန်းလုံးအထိကြည့်မလား။ စားနပ်ရိက္ခာမရှိလို့၊ သောက်သုံးရေမရှိလို့ ခက်နေတဲ့နေရာတွေ ရှိတယ်။ နေထိုင်စရာမြေ မရှိလို့ ဘယ်ပြေးရမှန်းမသိ၊ ဘယ်ကိုဦးတည်ရမှန်းမသိ ခြေဦးတည့်ရာသွားလာနေရတဲ့ သူတွေရှိတယ်။ အလုပ်အကိုင်မရှိလို့ ခက်နေတဲ့သူတွေရှိတယ်။ လူ့စွမ်းအားအရင်းအမြစ်မရှိလို့ ခက်နေတဲ့နေရာတွေရှိတယ်။ သဘာဝသယံဇာတမရှိလို့ခက်နေတဲ့နေရာတွေရှိတယ်။ အဆင့်မြင့်နည်းပညာတွေမရှိလို့ ခက်နေတဲ့နေရာတွေရှိတယ်။ သယံဇာတတွေ၊ ဥစ္စာခနေတွေရှိပြန်တော့ ငြိမ်းချမ်းရေးမရှိလို့ခက်နေတဲ့ နေရာတွေရှိပြန်တယ်။

## မရှိလို့ခက်နေတာတွေကိုက အများကြီး

တစ်ဖက်ကကြည့်တော့ ရှိလို့ခက်နေတာတွေကလည်း ရှိနေသေးပြန်တယ်။ လယ်ယာလုပ်ငန်းလုပ်တော့ သီးနှံဖျက်ပိုးမွှားတွေရှိလို့ ခက်နေတယ်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ မိုးခေါင်ရေရှားမှုတွေရှိလို့ခက်နေတယ်။ ခေါင်းပုံဖြတ်အမြတ်ထုတ်သူတွေရှိလို့ ခက်နေတယ်။ ပုဂ္ဂလိကလုပ်ငန်းလုပ်တော့ ကျစ်ချင်ရစ်ချင်သူတွေရှိလို့ ခက်နေတယ်။ ခိုချင်ကပ်ချင်တဲ့သူတွေရှိလို့ ခက်နေတယ်။ လစ်ချင်ဘတ်ချင်သူတွေရှိလို့ခက်နေတယ်။ ဝန်ထမ်းလုပ်တော့ စိတ်ဓာတ်၊ ခံယူချက် မပြောင်းလဲချင်သေးတဲ့သူတွေရှိလို့ ခက်နေတယ်၊ ဖိချင်ဖားချင်သူတွေကြောင့် ခက်နေတယ်။ လူမှုအဖွဲ့အစည်းထဲကို ကြည့်ပြန်တော့ မူးယစ်ဆေးဝါးတွေ၊ လောင်းကစားတွေ၊ မှောင်ခိုမှုတွေရှိနေလို့ ခက်နေတယ်။ လိပ်ခဲတည်းလည်းပြဿနာအရပ်ရပ်တွေရှိနေလို့ခက်နေတယ်။ အဓမ္မမှုတွေ၊ မတရားသဖြင့် အနိုင်ကျင့်မှုတွေရှိလို့ခက်နေတယ်။ ကိုယ့်ကိုယ်ကိုယ် အရင်စစ်ကြည့်လိုက်တော့ လောဘ၊ ဒေါသ၊ မောဟတွေ၊ မာန်မာနတွေရှိနေလို့ ခက်နေတာကို တွေ့ရပြန်တယ်။

တချို့အရာတွေက ရှိမှကောင်းပြီးတော့ တချို့အရာတွေကတော့ မရှိမှကောင်းတာကို တွေ့ရလိမ့်မယ်။ ရှိနေမှကောင်းမယ့်အရာတွေ၊ မရှိတော့မှကောင်းမယ့်အရာတွေကြားမှာ ကိုယ်ကိုယ်တိုင်ကရော ကိုယ့်မိသားစု ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်းအတွက်၊ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသအတွက်၊ ကိုယ့်နိုင်ငံအတွက်၊ ဟောဒီ လောကကြီးတစ်ခုလုံးအတွက် ရှိမှကောင်းမယ့်သူလား၊ မရှိမှကောင်းမယ့်သူလား ဆိုတာကို သေသေချာချာ ပြန်လည်သုံးသပ်ဖို့ကောင်းနေပြန်တယ်။ ကိုယ်ကကောင်းကျိုးပြုလိုက်တာတွေလည်းရှိမှာပေါ့၊ ကိုယ်က မကောင်းကျိုးပြုလိုက်တာတွေလည်းရှိမှာပေါ့။ ကိုယ့်ကြောင့် ကောင်းသွားတဲ့သူတွေများနေသလား၊ ကိုယ့်ကြောင့် ဆိုးသွားတဲ့သူတွေများနေသလား။ ဒီလိုခွဲခြမ်းစိတ်ဖြာကြည့်လိုက်ရင်တော့ ကိုယ်ကိုယ်တိုင်က ရှိမှကောင်းမယ့်သူလား၊ မရှိမှကောင်းမယ့်သူလား ဆိုတဲ့အဖြေကို အနီးစပ်ဆုံးခန့်မှန်းလို့ ရနိုင်မယ်ထင်တယ်။

ရှိတာ၊ မရှိတာကတော့ထားပါတော့။ ကောင်းတာတွေဆိုရင် ရှိလေလေကောင်းလေ။ မကောင်းတာတွေဆိုရင် မရှိလေလေကောင်းလေ။ ကောင်းအောင်ကြိုးစားနေကြရမှာက ကိုယ်စီကိုယ်စီရဲ့တာဝန်ပါပဲ။

မရှိတာထက် မသိတာခက်သတဲ့။ ခက်တာက သိခြင်း၊ မသိခြင်းဆိုတဲ့နယ်ပယ်နှစ်ခုမှာ သိနေတဲ့သူအတွက်ကတော့ ဘယ်ဟာကသိခြင်း၊ ဘယ်ဟာကမသိခြင်း၊ ဘယ်သူက သိတဲ့သူ၊ ဘယ်သူကမသိတဲ့သူဆိုပြီးတော့ သေသေချာချာ ကျကျနန ခွဲခြားသိမြင်နိုင်ပေမယ့် မသိတဲ့သူအတွက်ကျတော့ ကိုယ့်ကိုယ်ကိုယ်တောင်မှ သိတဲ့သူလား၊ မသိတဲ့သူလားဆိုတာကို ခွဲခြားနိုင်ဖို့ ခက်နေတယ်။ ကိစ္စတစ်ခု၊ ကဏ္ဍတစ်ခုနဲ့ပတ်သက်ပြီးတော့ ကိုယ်က ဘာမှသိပ်မသိသေးဘူးဆိုပါတော့။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ်ကျတော့ သိနေတယ်လို့ ထင်နေတယ်။ တတ်သိနားလည်သူတစ်ယောက်အဖြစ် ခံယူထားမိလျက်သားဖြစ်နေတယ်။

> သိခြင်း၊ မသိခြင်းဆိုတဲ့ နယ်ပယ်မှာ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်နယ်ပယ်အလိုက်သာ သိနိုင်တာက သဘာဝကျတဲ့အရာတစ်ခု... ဒါကိုတော်လှန်ပြီးတော့ အရာရာမှာ ငါသိ ငါတတ် လုပ်လိုက်ရင်တော့ အားလုံး တလွဲတွေဖြစ်ကုန်မှာပါပဲ . . .

အနည်းငယ်မျှသောအသိသည် အန္တရာယ်ရှိ၏ဆိုတဲ့ အဆိုတစ်ခုရှိတယ်။ ဟုတ်တယ်။ တချို့က လက်တစ်ဆုပ်စာလောက်ပဲ သိတဲ့အသိလေးကို များလှပြီလို့ထင်နေတယ်။ ဟုတ်လှပြီလို့ထင်နေတယ်။ ဝါးလုံးခေါင်းထဲကနေ ထွက်ကြည့်ဖို့ စိတ်မကူးမိဘူး။ နွားခြေရာခွက်ထဲကနေ ခုန်တက်မကြည့်မိဘူး။ မသိတာကို မသိတဲ့အကြောင်း မသိတော့ ဘယ်အချိန်မှာ သိဖို့ကြိုးစားမိပါဦးမလဲဆိုတာကို မခန့်မှန်းတတ်အောင်ဖြစ်ရတယ်။

တချို့အရာတွေက ကိုယ်သိ၊ မသိ ခွဲဖို့လွယ်ပေမယ့် တချို့အရာတွေကတော့ အဲသလိုခွဲခြားဖို့ ခက်နေပြန်တယ်။ ဥပမာဆိုပါတော့။ သာမန်လူတစ်ယောက်အနေနဲ့ ဆရာဝန်တစ်ယောက်လို ဆေးမကုတတ်တာကို သိတယ်။ အင်ဂျင်နီယာတစ်ယောက်လို၊ ဗိသုကာတစ်ယောက်လို အဆင့်မြင့်အဆောက်အအုံတွေ မတည်ဆောက်နိုင်တာကိုသိတယ်။ ဒါပေမယ့် တချို့အရာတွေကျတော့ သိခြင်း၊ မသိခြင်းကိုခွဲခြားနိုင်ဖို့ကိုက ခက်နေပြန်တယ်။ လူမှုဆက်ဆံရေးနှင့်ပတ်သက်ပြီးတော့ ကိုယ်က ဖော်ရွေကောင်းမွန်တဲ့ဆက်ဆံရေးမျိုးရှိတဲ့သူလား မရှိတဲ့သူလားဆိုတာကို ကိုယ်ကိုယ်တိုင်က သိဖို့ ခက်နေတယ်။ ကိုယ့်ကိုယ်ကိုယ် ဖော်ရွေတဲ့သူတစ်ယောက်လို့ထင်နေပေမယ့် ဘေးပတ်ဝန်းကျင်ကကျတော့ အဲသလိုမမြင်တာမျိုးလည်းရှိနေနိုင်တယ်။ ဒီလိုပါပဲ။ စားမှု၊ သွားမှု၊ နေမှု၊ ထိုင်မှု အစုစုတို့မှာ ကိုယ်က တတ်သိနားလည်တဲ့သူလား၊ မသိနားမလည်တဲ့သူလား ဆိုတာကို ခွဲခြားဖို့ကိုက ခက်နေတယ်။ နားလည် တတ်ကျွမ်းလှပါပြီလို့ ကိုယ့်ကိုယ်ကိုယ်ထင်နေမိပေမယ့် တချို့ပြဿနာလေးတွေကိုတောင်မှ ပြေလည်အောင် မဖြေရှင်းနိုင်တာမျိုးရှိနေပြန်တယ်။ ဒီတော့ သိလှပြီဆိုတဲ့ အထင်ဟာလည်း သိပ်တော့ မဟန်သေးဘူးလို့ ယူဆရမယ့်သဘောရှိလာပြန်တယ်။

ဒီနေရာမှာ ပြောစရာရှိတာက ကိုယ့်ကိုယ်ကိုယ် သိသူလား၊ မသိသူလားဆိုတာကို သေသေချာချာ ခွဲနိုင်ဖို့ ခက်နေတယ်ဆိုတာကိုပဲ။ ဒီအကြောင်းအရာကို သိပေမယ့် ဟိုအကြောင်းအရာကိုတော့ သိချင်မှသိမယ်။ ဒီကိစ္စကို ဖြေရှင်းနိုင်မယ့်နည်းလမ်းတွေကို သိနေပေမယ့် တခြားကိစ္စနဲ့ပတ်သက်ရင်တော့ ဘယ်လိုလုပ်ရမယ်ဆိုတာကို သိချင်မှသိလိမ့်မယ်။ ဘက်စုံထူးချွန်ဆုတွေ အကြိမ်ကြိမ်ရခဲ့သူတွေ အများကြီးရှိနေမှာဖြစ်ပေမယ့် တကယ့်လက်တွေ့နယ်ပယ်မှာတော့ ဘက်စုံကဏ္ဍစုံမှာ တော်နေ တတ်နေ ထူးချွန်နေတဲ့သူဆိုတာမျိုးက တော်တော်ကိုရှားလိမ့်မယ် ထင်တယ်။ စွယ်စုံရပုဂ္ဂိုလ်ကြီးတွေရှိပေမယ့် သူတို့နားမလည်တဲ့အလုပ်တွေ၊ သူတို့မသိတဲ့အဖြေတွေလည်း ရှိဦးမှာ ဖြစ်ပါတယ်။ မသိတာမရှိဆိုတဲ့ မကာရလောပအကျော်၊ မတစ်လုံးကျေပုဂ္ဂိုလ်ကျော်ကြီးများပင်လျှင် မသိနိုင်ခဲ့တဲ့အရာတွေက ရှိနေဦးမှာပါပဲ။

ဒီတော့ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်သိတဲ့အပိုင်း၊ ကိုယ်သိတဲ့နယ်ပယ်ရှိသလို၊ ကိုယ်မသိတဲ့အပိုင်း၊ ကိုယ်မကျွမ်းကျင်တဲ့အပိုင်းဆိုတာတွေလည်း ရှိနေတယ်ဆိုတာကိုတော့ လက်ခံထားမှဖြစ်လိမ့်မယ်ထင်တယ်။ အရာရာမှာ ကိုယ်သာအသိ၊ ကိုယ်သာအတတ်လို့ခံယူလိုက်မိပြီဆိုရင်တော့ အဲဒီလူတစ်ယောက်ဟာ သူကျင်လည်ရာအသိုင်းအဝိုင်းမှာ လူ့ခွစာတစ်ယောက်အနေနဲ့ဖြစ်နေလိမ့်မယ်ထင်တယ်။ ဟုတ်တယ်။ တချို့လူတွေက ဒီကိစ္စဆိုလည်း သူအကုန်သိသတဲ့။ ဟိုကိစ္စကျပြန်တော့လည်း အားလုံးသူသိနေတာပဲတဲ့။ သူမသိတာဆိုလို့ ဘာမှမရှိဘူးတဲ့။ ဒီလိုကျတော့ နည်းနည်းတော့ လွန်သွားပြီလို့ ပြောရတော့မယ်။

တကယ်တော့ ကြာလာလေလေ ကိုယ်မသိသေးတဲ့အရာတွေက များလာလေလေဆိုတာကို သေသေချာချာ လေ့လာကြည့်မှ သိကြရတာပါ။ တတ်သိနားလည်တဲ့ ပညာရှင်ဆိုတဲ့သူတွေတောင်မှ သူ့နယ်ပယ်နဲ့သူပဲ သိနိုင် နားလည်နိုင်ကြတာပါ။ ဆရာဝန်ဆိုပေမယ့် ရောဂါအားလုံးကို ဘယ်လိုကုရမယ်ဆိုတာကို မသိနိုင်ပါဘူး။ အထွေထွေကုတဲ့သူက အထွေထွေပဲသိမယ်။ အထူးကုတွေလိုမသိနိုင်ဘူး။ အထူးကုမှာလည်း ကလေးအထူးကုက ကလေးကိုပဲ ကုနိုင်မယ်။ အရိုးအကြောအထူးကုက အရိုးအကြောနဲ့ပတ်သက်တာကိုပဲ ကောင်းကောင်း သိနိုင်မယ်။ မျက်စိတို့၊ နား၊ နှာခေါင်း၊ လည်ချောင်းတို့ကုတဲ့ အထူးကုကလည်း မျက်စိတို့၊ နား၊ နှာခေါင်း၊ လည်ချောင်းတို့နဲ့ ပတ်သက်တာတွေကိုသာ ကောင်းကောင်းသိနိုင်လိမ့်မယ်။ တခြားဟာတွေ အသေးစိတ် သူမသိနိုင်ဘူး။ အပေါ်ယံအကြမ်းဖျင်း ယေဘုယျသဘောလောက်ကိုသာ သိနိုင်ပါလိမ့်မယ်။

အင်ဂျင်နီယာဆိုပေမယ့် အင်ဂျင်နီယာဘာသာရပ်တွေကို အကုန်လုံးနားလည်တာ မဟုတ်ပါဘူး။ အကုန်လုံး သိနေတာမဟုတ်ပါဘူး။ သူ့မှာလည်း လိုင်းတွေက အမျိုးမျိုးကွဲနေတယ်။ ဗိသုကာအင်ဂျင်နီယာ၊ မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာ၊ သတ္တုတွင်းအင်ဂျင်နီယာ၊ ချည်မျှင်နှင့် အထည်အင်ဂျင်နီယာ စသည်စသည်အားဖြင့် သူ့နယ်ပယ်နဲ့သူ သီးခြားစီရှိနေကြတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး။ စက်မှုအင်ဂျင်နီယာဆိုတာနဲ့ စက်မှုနဲ့ပတ်သက်တာကို အကုန်မသိသေးပါဘူး။ အဆင့်မြင့်ပညာပိုင်းကို ကူးလာလေလေ သူကဘယ်အပိုင်းကို အထူးပြုလေ့လာထားသလဲ၊ သူကဘယ်ကဏ္ဍကို အထူးပြုသင်ယူထားသလဲ ဆိုတာကိုမူတည်ပြီးတော့ သူသိတဲ့နယ်ပယ်က သတ်သတ်ကွဲသွားပြန်တယ်။ အဆင့်ထပ်မြင့်လေလေ၊ အသေးစိတ်သွားရလေလေ။ ဒီဘာသာကိုပဲ ပါရဂူမြောက်လေ့လာထားတဲ့သူချင်းအတူတူထားဦးတော့ ကိုယ်လေ့လာထားတဲ့နယ်ပယ်၊ ကိုယ်သုတေသနပြုထားတဲ့နယ်ပယ်အလိုက်သာ ပါရဂူမြောက် တတ်သိနားလည်တာ ဖြစ်ပါတယ်။ တခြားသူ သုတေသနပြုထားတဲ့အပိုင်းမှာ သက်ဆိုင်ရာပုဂ္ဂိုလ်လောက် သိမှာမဟုတ်ပါဘူး။

သိခြင်း၊ မသိခြင်းဆိုတဲ့နယ်ပယ်မှာ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်နယ်ပယ်အလိုက်သာ သိနိုင်တာက သဘာဝကျတဲ့အရာတစ်ခုဖြစ်ပါတယ်။ ဒါကိုတော်လှန်ပြီးတော့ အရာရာမှာ ငါသိငါတတ်လုပ်လိုက်ရင်တော့ အားလုံးတလွဲတွေဖြစ်ကုန်မှာပါပဲ။ ဒါပေမယ့် ခက်တာက ကိုယ့်ကိုယ်ကိုယ် သိမှန်း၊ မသိမှန်း မခွဲခြားနိုင်တဲ့ကိစ္စပါ။ မသိတာကို မသိတဲ့အကြောင်း သိလာပြီဆိုရင် ဒါက ပြဿနာမရှိဘူး။ မသိတော့ သိတဲ့သူဆီချဉ်းကပ်ပြီးတော့ သိအောင်မေးလို့ရတယ်၊ တတ်အောင်သင်လို့ရတယ်။

မသိတာကို မသိကြောင်းမသိသေးတာထက် သိတယ်လို့ထင်သွားရင်တော့ ဒါက ပြဿနာတစ်ခု ဖြစ်နေပါပြီ။ ကိုယ်မသိတာကို တတ်သိနားလည်တယ်လို့ထင်၊ ထင်တဲ့အဆင့်မှာတင်ရပ်မနေဘဲနဲ့ ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလားဆိုတဲ့ အချက်တွေနဲ့ မြင်မြင်သမျှ ဤလောကကို ဩဝါဒတွေပေးနေပြန်ရင်တော့ လူတွေအတွက် အနေခက်ကုန်စရာတွေဖြစ်လာလိမ့်မယ်။

မရှိတာကို ရှိအောင်လုပ်မယ်။ တဖြည်းဖြည်းတော့ ရှိလာလိမ့်မယ်။ မသိတာကို သိအောင်လုပ်မယ်။ တဖြည်းဖြည်းတော့ သိလာပါလိမ့်မယ်။ ရှိအောင်မလုပ်တာ၊ သိအောင်မလုပ်တာတွေကျတော့ တော်တော်ကို ခက်ပါတယ်တဲ့။ မရှိတာက မရှိမှန်းသိသာတယ်။ မသိတာကျတော့ သိမှန်းမသိမှန်း မသိသာတော့ ခက်နေပြန်တယ်။ မသိမှန်းကိုမသိတော့ သိအောင်မလုပ်ဖြစ်တော့ဘူး။

သိအောင်မလုပ်တာပြဿနာရှိပါတယ်။ ပိုပြီးအသေးစိတ်အောင်ပြောရရင်တော့ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေကို သိအောင်မလုပ်တာက သိပ်ပြီးပြဿနာမရှိသေးပေမယ့် ကိုယ်နဲ့ဆိုင်တာတွေကို သိအောင်မလုပ်တာကျတော့ နည်းနည်း ပြဿနာရှိလာတယ်။

မသိမှန်းတော့သိတယ်။ သိအောင်မလုပ်ချင်သေးဘူးလားရတယ်၊ ပြဿနာသိပ်မရှိသေးဘူး။ ကိုယ်မသိသေးတဲ့နယ်ပယ်ကို ဇွတ်တိုးမဝင်နဲ့ပေါ့။ တစ်ခါတစ်ခါကျတော့ မသိလို့လုပ်လိုက်တဲ့ အရာလေးတွေက ကိုယ့်ကို ဒုက္ခအကြီးအကျယ်ပေးတတ်ပါတယ်။ ဘရိတ်လေးနဲ့ လီဗာလေးကို မှားနင်းလိုက်မိလို့ ဒုက္ခရောက်သွားတဲ့သူတွေ အများကြီး။ ဘရိတ်နဲ့လီဗာ မှားနင်းမိတဲ့ကားပေါ်မှာ ကိုယ်တစ်ယောက်တည်းရှိနေတာဆိုရင်တော့ တော်သေးတာပေါ့။ ကိုယ်မှားနင်းလိုက်မိတဲ့ကားကြီးက ခရီးသည်တင်ကားကြီးဖြစ်နေရင်တော့ ကိုယ်မသိလို့လုပ်လိုက်တဲ့ဟာလေး တစ်ခုကြောင့် ဒုက္ခရောက်သွားမယ့်သူတွေက အများကြီးဖြစ်နေမှာပါ။

မရှိတာထက် မသိတာကခက်သတဲ့။ မသိတာထက် မလုပ်တာကခက်သတဲ့။ ဒါဆိုရင် မလုပ်တာထက် ခက်တဲ့အရာကော ရှိနိုင်သေးသလားဆိုတာကို စဉ်းစားစရာရှိလာတယ်။ မရှိတာကို ရှိအောင်မလုပ်သေးဘူး။ မသိတာကို သိအောင်မလုပ်သေးဘူး။ ဟုတ်ပြီ။ မသိတာကို သိတယ်ထင်ပြီး လျှောက်လုပ်လိုက်ရင်ကော ပိုမခက်ပေဘူးလားလို့ စဉ်းစားစရာရှိလာပြန်တယ်။

**စာမျက်နှာ ၁၈ သို့**

တိုတိုထွာထွာဖတ်စရာ

## မန္တလေး၌ အလုပ်သမားဥပဒေများအကြောင်းဆွေးနွေး

**မန္တလေး**
Luther Law Farm နှင့်မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) တို့ ပူးပေါင်း၍ မြန်မာအလုပ်သမားဥပဒေများ မိတ်ဆက်ဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာစတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

LutherLawFarm မှ ဥပဒေပညာရှင်များက အလုပ်သမားဥပဒေများ မိတ်ဆက်ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလုပ်သမားဥပဒေများ၊ အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အစိုးရ၏ အလုပ်သမားရေးရာ မူဝါဒများကို အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## အမြန်လမ်းမကြီးဥပဒေအကြောင်းပညာပေး

**မိတ္ထီလာ**
မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာအနီးရှိ အမြန်လမ်းမကြီး ၂၈၅ မိုင် (သီးကုန်း) ယာဉ်ရပ်နားစခန်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ၂၀၁၅ ခုနှစ် အမြန်လမ်းမကြီး ဥပဒေအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီက ပိုင်အိုနီးယားစားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

အမြန်လမ်းမကြီး ၂၈၅ မိုင် (သီးကုန်း) ယာဉ်ရပ်နားစခန်းရှိ စားသောက်ဆိုင်များမှ မန်နေဂျာများ၊ ဝန်ထမ်းများနှင့် ပံ့ကျစျေးသည်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ အမြန်လမ်းမကြီးပေါ်တွင်ဖြစ်ပွားနေသည့် ယာဉ်မတော်တဆမှုဖြစ်စဉ်များနှင့်ပတ်သက်၍ သတိပြုဆင်ခြင်ဖွယ်ရာများ၊ ၂၀၁၅ ခုနှစ် အမြန်လမ်းမကြီး ဥပဒေအကြောင်းတို့ကို သီးကုန်း အမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ဒုရဲမှူးမိုးညွန့်ဦးက အသိပညာပေးဟောပြောဆွေးနွေးပြီး မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

## စည်းရုံးရေးမွမ်းမံသင်တန်း မကွေး၌ ဖွင့်

**မကွေး**
စစ်မှုထမ်းဟောင်းလေ့ကျင့်ရေးသင်တန်းကျောင်း(မကွေး)တွင် စည်းရုံးရေးမွမ်းမံသင်တန်းအမှတ်စဉ် ၁/၂၀၁၈ ဖွင့်ပွဲကို ဩဂုတ် ၆ ရက် နံနက်က ကျင်းပသည်။

အဆိုပါ သင်တန်းအား ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အမှုဆောင်အဖွဲ့ဝင်များမှ တစ်မြို့နယ်လျှင် တစ်ဦးစီတက်ရောက်ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေးပညာပေး

**ပုလဲ**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ချင်ပြစ်ကျင်းကျေးရွာ၌ ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီက သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

## မန္တလေးခရိုင်လူထုအခြေပြုဗဟိုဌာန သင်တန်းခန်းမအတွက် ပရိဂျက်တာလှူဒါန်း

**ပြည်ကြီးတံခွန်**
ပြည်တွင်း ဘုရားဖူးခရီးစဉ်လမ်းကြောင်း တာဝန်ခံသင်တန်း အမှတ်စဉ် (၄) (မန္တလေး) သင်တန်းမှ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန သင်တန်းခန်းမအတွက် ပရိဂျက်တာပေးအပ်လှူဒါန်းပွဲကို မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိလူထုအခြေပြုဗဟိုဌာနခန်းမ၌ ဩဂုတ် ၆ ရက် ညနေ ၆နာရီ က ကျင်းပသည်။

သင်တန်းသား သင်တန်းသူများကိုယ်စား ခရီးစဉ်လမ်းကြောင်းတာဝန်ခံသင်တန်း (မန္တလေး) ဥက္ကဋ္ဌ ဦးဇင်မင်းကျော်က မန္တလေးခရိုင် သင်တန်းခန်းမအတွက်အဆိုပါပစ္စည်းများပေးအပ်လှူဒါန်းရာ မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်စောလပြည့်ဝင်း တို့က လက်ခံရယူခဲ့ကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှစ်လေးလုံးလူထုဒီမိုကရေစီအရေးတော်ပုံနှစ်(၃၀)ပြည့်ပုလဲရတုအထိမ်းအမှတ်ကျင်းပ



**ချမ်းအေးသာစံ ဩဂုတ် ၇**
ရှစ်လေးလုံးလူထုဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့်ပုလဲရတုအထိမ်းအမှတ်အခမ်းအနားကိုဩဂုတ် ၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၃၁ လမ်းနှင့် ၈၄ လမ်းထောင့်ရှိ ဓမ္မသာလာခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် စာရေးဆရာဦးကိုလေး (အင်းဝဂုဏ်ရည်) တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး ရှစ်လေးလုံး လူထုဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀) ပြည့်ပုလဲရတု အထိမ်းအမှတ်(မန္တလေး)ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရွှေကြူးက ဖြတ်သန်းခဲ့ရသည့် ရှစ်လေးလုံးလူထုဒီမိုကရေစီ အရေးတော်ပုံ သမိုင်းကြောင်းကိုပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တက်ရောက်လာသူများသည် လူထုဒီမိုကရေစီ အရေးတော်ပုံဆိုင်ရာ ပန်းချီ၊ ဓာတ်ပုံ၊ ကာတွန်းပြပွဲကို ကြည့်ရှုအားပေးသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ တက်ရောက်ကြသည်။ **မောင်ပြည်သူ(မန္တလေး)**

## သဘာဝဘေးကြောင့် လျှပ်စစ်အန္တရာယ်မဖြစ်စေရေးဆောင်ရွက်

**တပ်ကုန်း ဩဂုတ် ၇**
နေပြည်တော်တပ်ကုန်းမြို့၌ လျှပ်စစ်ဓာတ်အားလိုင်းတွင် လေဒဏ်၊ မိုးဒဏ်ဖြင့် လျှပ်စစ်ဓာတ်ကြိုးများ ပြတ်ကျမှုမရှိစေရေးနှင့် လျှပ်စစ်ဘေးအန္တရာယ်မဖြစ်ပေါ်စေရန်အတွက် Link Connection ကြိုး တပ်ဆင်ခြင်းလုပ်ငန်းကို ဩဂုတ် ၇ရက်နံနက် ၁၀ နာရီက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါတပ်ဆင်ခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးအောင်ဇော်ဇော်မျိုးနှင့်အတူ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက မြဝတီရပ်ကွက် မြို့မစျေးအနီး အောင်စိုးမိုးလမ်းပေါ်ရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းတွင် Link Connection ကြိုးများတပ်ဆင်ဆောင်ရွက်ပေးခဲ့ပြီးနောက် မြဝတီ၊ ဆရာစံနှင့် ဗိုလ်မင်းရောင်ရပ်ကွက်များတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## လူကုန်ကူးမှုအန္တရာယ်တားဆီးရေးအသိပညာပေး

**ပင်လည်ဘူး ဩဂုတ် ၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ လူကုန်ကူးမှုအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက ပင်လည်ဘူးမြို့ အခြေခံပညာ အထက်တန်းကျောင်း ဦးအောင်မြတ်ခန်းမ၌ ကျင်းပသည်။

မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းစိန်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းပွင့်ဖြူတို့က လူကုန်ကူးမှုအန္တရာယ် ကာကွယ်တားဆီးရေး သိကောင်းစရာများ၊ ဥပဒေအကြောင်းအရာများနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးနေတိုးက သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် ပတ်သက်၍လည်းကောင်း ပြောကြားကြသည်။

မြို့နယ်ရဲတပ်ဖွဲ့က ကျောင်းသား၊ ကျောင်းသူများအား လူကုန်ကူးမှုအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မျိုးလွင်(ပင်လည်ဘူး)**



## ချင်းတွင်းမြစ်ရေစိုးရိမ်ရေမှတ်အထက်ရောက်နေ၍ရေကာင်း ၂၄ ခုဖွင့်လှစ်ထား

**မုံရွာ ဩဂုတ် ၇**
ချင်းတွင်းမြစ်ရေသည် မုံရွာဆိပ်ကမ်းတွင် စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအထက်သို့ ဩဂုတ် ၇ ရက် နံနက်က ရောက်ရှိနေပြီဖြစ်ရာ ရေကင်းစခန်း၂၄ခုကို ဩဂုတ် ၆ ရက်မှ စတင်ဖွင့်လှစ်ထားကြောင်း သိရသည်။

"မုံရွာ မြစ်ကမ်းတစ်လျှောက် ရေကင်းစခန်း ၂၄ ခုကို ဖွင့်ထားပါပြီ၊ ကြိုတင်ပြင်ဆင်မှုအနေနဲ့ မြစ်ရေကြီးလို့ ရေဝင်မယ့် အလားအလာတွေ့လာရရင် ကာနိုင်အောင် သဲနဲ့ သဲအိတ်တွေကို ရေဝင်နိုင်မယ့် ကျေးရွာတွေနဲ့ မြစ်ကမ်းနားတစ်လျှောက်က နေရာတွေမှာ ကြိုတင်ချထားပြီးလည်းဖြစ်ပါတယ်" ဟု မုံရွာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်က ပြောသည်။

ဩဂုတ် ၇ ရက် နံနက်ပိုင်း တိုင်းထွာချက်အရ မုံရွာဆိပ်ကမ်းတွင် စိုးရိမ်ရေမှတ်အထက် ၁၀၀၁ စင်တီမီတာသို့ ရောက်ရှိနေရာမှ နေ့လယ် ၁၁ နာရီတွင် ၁၀၀၄ စင်တီမီတာသို့ မြင့်တက်လာကြောင်း သိရသည်။ စိုးရိမ်ရေမှတ်အထက် ရောက်ရှိနေသော်လည်း မုံရွာမြို့နယ်အတွင်း အမြဲဝင်နေကျ မုံရွာတောင်ဘက်ကျွန်းထဲ ကျေးရွာများသာ ရေဝင်ရောက်နေပြီး မြို့နယ်အတွင်းရေဝင်ရောက်မှု မရှိသေးကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေ တိုးလာသည့်အတွက် ရေတိုက်စားမှုမရှိစေရန် မုံရွာမြို့ ကွေ့ကြီးရပ် အုန်းပင်ဆိပ်ကမ်းရှိ ရေကင်းမီးသတ်စခန်းတွင် ဩဂုတ် ၇ ရက် နံနက်ပိုင်းက သဲအိတ်များဖြင့် ရေထိန်းနံရံများ ပြုလုပ်နေကြောင်းသိရသည်။ ရေထိန်းနံရံအဖြစ် သဲအိတ်များစီကာခြင်းကို မုံရွာခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်က အနီးကပ်ကြီးကြပ်၍ ဒုမီးသတ်ဦးစီးမှူး ဦးဒီဇင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်သည်။ **မျိုးဝင်းထွန်း (မုံရွာ)**

## ဖန်းခါးကုန်းကျေးရွာ၌ မြေငှားဂရန်ပေးအပ်

**ဗန်းမော် ဩဂုတ် ၇**
ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ဟန်းတဲကျေးရွာအုပ်စု ဖန်းခါးကုန်းကျေးရွာ၌ မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက ဖန်းခါးကုန်းကျေးရွာ တပ်ဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်းက ကျေးရွာနေပြည်သူများအား မြေငှားဂရန်ရရှိထားပါက ပေါင်နှံခွင့်၊ ရောင်းချပိုင်ခွင့်ရှိပြီး စီမံကိန်းနှင့် မြေသိမ်းယာသိမ်းရှိခဲ့လျှင် လျော်ကြေးပေးကြောင်း၊ ယခင်က ဥပဒေအရ မြို့ပြမြေကိုသာ ထုတ်ပေးလို့ရကြောင်း၊ ယခုအစိုးရလက်ထက်တွင် တန်းတူညီမျှရေးဆိုသည့် အခွင့်အရေးအနေဖြင့် ကျေးလက်ပါပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးထွေးမြင့်က မြေငှားဂရန်ထုတ်ပေးနိုင်ရန် သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများက ဒေသခံပြည်သူများထံ မြေငှားဂရန်ပေးအပ်သည်။

ထို့နောက် ကျေးရွာနေ ပြည်သူများကိုယ်စား ဖန်းခါးကုန်းကျေးရွာသား ဦးမောင်သန်းက မြေငှားဂရန်ထုတ်ပေးရာမှာ တစ်ဦးတစ်အိမ်တည်း ရွေးချယ်ထုတ်ပေးခြင်း မဟုတ်ဘဲ ရွာလုံးကျွတ်ထုတ်ပေးသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် တစ်ကြိမ်တစ်ခါမှ မရရှိဖူးသည့် မြေငှားဂရန်မှတ်ပုံတင်စာရွက်စာတမ်းများကို ရရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့သည်။ **ခရိုင် (ပြန်/ဆက်)**

# ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့



**ဘားအံ ဩဂုတ် ၇**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက ရေကျော်ကြီးကျေးရွာအုပ်စု မကျီးကျွန်းကျေးရွာ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်၊ ရေသန့်နှင့်အဝတ်အထည်များ သွားရောက်ထောက်ပံ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မကျီးကျွန်းကျေးရွာ ရေဘေးသင့်ပြည်သူများအား လိုအပ်သည်များမေးမြန်း၍ နှစ်သိမ့်အားပေးစကားပြောကြားပြီး ကျေးရွာရှိ အိမ်ထောင်စု ၄၅၇ စုအား ဆန်၊ ဆီ၊ ရေသန့်၊ ငါးခြောက်၊ ငါးသေတ္တာ အစရှိသည့် စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား ထောက်ပံ့ပေးအပ်သည်။

မကျီးကျွန်းကျေးရွာတွင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများနှင့် ပတ်သက်၍ "ကျွန်တော်တို့ စားဖို့ဆောင်သီးနှံတွေကို မိုးသီးနှံတွေအနေနဲ့ စိုက်ပျိုးထားတာရှိပါတယ်၊ စပါးလည်း စိုက်ထားပါတယ်၊ အခုလိုမျိုး သံလွင်နဲ့ဒုံသမိမြစ် နှစ်စင်းညှပ်ပြီး ရေတိုက်စားကာ လောလောဆယ်တော့ အကုန်လုံးပျက်စီးတာကို တွေ့ရပါတယ်၊ ပြန်စိုက်ဖို့အတွက်ကျတော့ သက်တမ်းတိုတဲ့ မျိုးစပါးတွေ လိုအပ်မှာဖြစ်ပါတယ်၊ အခုလို လာရောက်ကူညီပေးတဲ့ ပြည်နယ်ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ကို ကျေးရွာသူကျေးရွာသားတွေ ကိုယ်စား ကျွန်တော်က ကျေးဇူးအထူးတင်ပါတယ်လို့ ပြောချင်ပါတယ်" ဟု ရေကျော်မကျီးကျွန်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးရွှေဘက ပြောသည်။

မကျီးကျွန်းကျေးရွာသည် သံလွင်နှင့်ဒုံသမိ မြစ်ဆုံရာတွင် တည်ရှိပြီး ရေကြီးရေလျှံမှုဖြစ်စဉ်တွင် အနိမ့်ပိုင်းရှိ လူနေအိမ်ခြေများသည် ကုန်းမြင့်ပိုင်းရှိနီးစပ်ရာဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရကြောင်း၊ သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက်ကျော်လွန်သည်နှင့် ကျေးရွာအတွင်း သတိပေးနှိုးဆော်မှုများကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ဦးဆောင်၍ ဆောင်ရွက်ခဲ့ကြောင်းနှင့် ပြည်နယ်၏ စားဖို့ဆောင်သီးနှံများ အများဆုံးထွက်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပြီး အဆိုပါကျေးရွာ တည်ရှိသည့်ကျွန်းကို စင်ကာပူကျွန်းဟု တင်စားခေါ်ဝေါ်ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ရေကြီးနစ်မြုပ်ခဲ့သော ရေတွင်း၊ ရေကန်များအား ကရိုရင်းဆေးများထည့်ပေး

**ကြာအင်းဆိပ်ကြီး**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဇူလိုင် ၂၁ ရက်မှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇမိမြစ်ရေလျှံကာ အနိမ့်ပိုင်းရှိ လူနေအိမ်များနှင့်ရေတွင်း၊ ရေကန်များနစ်မြုပ်သွားခဲ့သည်။

ယခုအခါ ရေပြန်လည်ကျဆင်းသွားသဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာကျော်ဇင်နှင့် ကျန်းမာရေးဝန်ထမ်းများက ယနေ့နံနက် ၈ နာရီခွဲတွင် ရေကြီးနစ်မြုပ်ခဲ့သော ရပ်ကွက်များရှိ ပြည်သူများအား ရေကြောင့်ဖြစ်တတ်သောရောဂါများ မဖြစ်ပွားစေရေး၊ သောက်သုံးရေများ သုံးစွဲမှုအဆင်ပြေစေရေးအတွက် ရေကြီးနစ်မြုပ်ခဲ့သော ရေတွင်း၊ ရေကန်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကရိုရင်းဆေးမှုန့်များ ထည့်ပေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ဇမိမြေ)**

### သုံးခွ၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**သုံးခွ**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မှိုကုန်းသာကျေးရွာဘုန်းကြီးကျောင်းတွင် ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီက သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသန်းဦးက မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုမဖြစ်ပွားစေရေး၊ သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ရာ ကျေးရွာပြည်သူ ၇၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(တောင်ညွန့်)**

### ဟသ်ာတ၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆွေးနွေး

**ဟသ်ာတ**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အစီအစဉ်များ ဆွေးနွေးပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ လူထုလှုပ်ရှားမှုအသွင်ဖြင့် သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးလုပ်ငန်းကို တိုင်းဒေသကြီးစီမံချက်ဖြင့် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပြီး ဟသ်ာတမြို့နယ်၌ ဩဂုတ် ၉ ရက် နံနက် ၇ နာရီခွဲတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လယ်ယာသုံးစက်ကိရိယာပြုပြင်ခြင်း သင်တန်းဖွင့်

**ပြည်**

ပြည်မြို့နယ် ကျေးလက်ဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းကို စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၀) ထွန်စက်စခန်း၌ ဩဂုတ် ၆ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၆ ရက်မှ ၂၅ ရက်ထိဖြစ်ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

# စပါးပျိုးပင်ဖာထေးချိန် လယ်ယာလုပ်ငန်းခွင်လုပ်သားရှားပါးခြင်းကြောင့် တောင်သူများအခက်ကြုံ

**ရေတာရှည် ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးစိုက်ခင်းများစတင်စိုက်ပျိုးစဉ်က ရေဝပ်နေရာ၊ ရေစားသည့်နေရာများ၌ အပင်မပေါက်သည့်အတွက် ယခုအချိန်ကာလသည် စပါးခင်းများကို လက်ကြားပြန်ခဲ့၍ ဖာထေးစိုက်ပျိုးခြင်းတို့ ဆောင်ရွက်လျက်ရှိကြရာ လယ်ယာလုပ်ငန်းခွင် အလုပ်သမားရှားပါးမှုကြောင့် လွန်ခဲ့သော တစ်လခန့်ကတည်းက ကြိုတင်ငွေများ ပေးထားရကြောင်း သိရသည်။

"မိုးစပါးဖြစ်ဖြစ်၊ နွေစပါးဖြစ်ဖြစ် စပါးကြဲပြီးတဲ့နေရာတွေမှာ ရေပြောင်အောင်ထုတ်နိုင်မှ အပင်ပေါက်ကောင်းတယ်။ မိုးရာသီမှာပိုဆိုးတယ်။ မိုးက ဆက်တိုက်လိုလို ရွာနေတော့ ရေဝပ်တဲ့နေရာ၊ ရေစားတဲ့နေရာတွေမှာ အပင်ကမပေါက်တော့ဘူး။ အဲ့ဒီအပင်မပေါက်တဲ့ ကွက်လပ်တွေကို စပါးပင်ထူတဲ့နေရာတွေက လက်ကြားပြန်ခွဲပြီး စိုက်ရတာ အလုပ်သမားကရှားတယ်၊ တောင်သူတိုင်းက အခုချိန်မှာ တစ်ပြိုင်တည်းလိုလို ပြန်စိုက်ကြတာဆိုတော့ ကိုယ်လိုလို့ခေါ်ရင် အလွယ်တကူရအောင် လုပ်အားခငွေကို တစ်လလောက်ကတည်းက ကြိုပေးထားရတာ။ ကိုယ့်မှာငွေရှိလည်း အလုပ်သမားက ငှားလို့ကိုမရတာ" ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာနေတောင်သူတစ်ဦးကပြောသည်။

ကျေးလက်နေ ဒေသခံများအနေဖြင့် ငွေရလွယ်ကူသည့် မြို့ပြရှိ လုပ်ငန်းခွင်များတွင်သာ လုပ်လိုကြပြီး ပင်ပန်းသလောက် ငွေရနည်းသည့် တောင်သူလုပ်ငန်းကို စိတ်ဝင်စားမှု လျော့ကျလာခြင်းသည် ရေရှည်တွင် တောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍ၌ အခက်အခဲများစွာဖြစ်ပေါ်လာနိုင်ပြီး လက်ရှိလုပ်ငန်းခွင်တွင်လည်း အခက်အခဲအမျိုးမျိုးကြားမှအဆင်ပြေသလိုလုပ်ကိုင်နေကြရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြိတ်တက္ကသိုလ်တွင် လူငယ်နှင့် လောကနီတိ သင်တန်းဖွင့်

**မြိတ် ဩဂုတ် ၇**

တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ပညာရပ်များအပြင် ဘက်စုံထူးချွန်သော၊ လိမ္မာယဉ်ကျေးသော ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရန် ရည်ရွယ်၍ ဩဂုတ် ၆ ရက် ညနေ ၃ နာရီက မြိတ်တက္ကသိုလ် Theater 1 အဆောင်တွင် လူငယ်နှင့်လောကနီတိသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် လောကနီတိ၊ ပဏ္ဍိတကဏ္ဍ (ပညာရှိကိုဆိုရာအခန်း)၊ သုဇနကဏ္ဍ (သူတော်ကောင်းကိုဆိုရာအခန်း)၊ ဗာလဒုဇ္ဇနကဏ္ဍ (သူမိုက်သူယုတ်ကိုဆိုရာအခန်း)၊ မိတ္တကဏ္ဍ (မိတ်ဆွေကိုဆိုရာအခန်း)၊ လောကသာရပျို့ (ဆုံးမစာ)၊ လောကသာရပျို့ (အမျိုးလေးပါးဆုံးမခန်း)၊ သိင်္ဂါလောကဝါဒဆုံးမစာ၊ ဂိဟိဝိနယဆုံးမစာ စသောသင်ခန်းစာများကို ကျောင်းသား ကျောင်းသူ ၃၀၀ ခန့်အား သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏဝံသ စံကျောင်းဆရာတော်က သင်ကြားပို့ချခြင်း၊ သင်တန်းကာလ လေးရက်တွင် ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးသည့်စနစ်ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် စံကျောင်းဆရာတော်က ဩဝါဒစကားမိန့်ကြားပြီး မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီနီဦးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသားကျောင်းသူများအား သင်တန်းကရလာမည့် အကျိုးကျေးဇူးများကို ခံစားပြီး ကိုယ့်ရဲ့ဘဝအတွက် အသုံးချနိုင်သော သားကောင်း သမီးကောင်းတွေ ဖြစ်စေလိုကြောင်း တိုက်တွန်းစကားပြောကြားသည်။ သင်တန်းကို သင်တန်းသား ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြိတ်(ပြန်/ဆက်)**

# ရန်ကုန်မြို့တော်ဝန်ဆု ပြည်သူ့နီတိပြိုင်ပွဲ အဆင့်သုံးဆင့်ဖြင့် ကျင်းပမည်



**ရန်ကုန် ဩဂုတ် ၇**

ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဆု ပြည်သူ့နီတိပြိုင်ပွဲကို ကျောင်းအဆင့်ပြိုင်ပွဲ၊ မြို့နယ်အဆင့်ပြိုင်ပွဲနှင့် ဗဟိုအဆင့်ပြိုင်ပွဲဟူ၍ အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောင်းအဆင့်ပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်တွင် လည်းကောင်း၊ မြို့နယ်အဆင့်ပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်တွင် လည်းကောင်း၊ ဗဟိုအဆင့်ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းများကို နိုဝင်ဘာ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်သူ့နီတိပြိုင်ပွဲက ရန်ကုန်မြို့တော်နဲ့ နိုင်ငံတော်အတွက် ထူးချွန်ပြီး စာရိတ္တကောင်းမွန်တဲ့ နိုင်ငံသူ နိုင်ငံသားတွေနဲ့ ဖြစ်မြောက်လာမယ့် အနာဂတ်မျိုးဆက်သစ်တွေကို မြှင့်တင်ပေးတဲ့ ပြိုင်ပွဲဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောသည်။

အဆိုပါ ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့တော် အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ စာရေးဆရာကြီးများနှင့် ပညာရေးဘက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် စာရေးဆရာမ ဒေါ်သန်းမြင့်အောင်က လူငယ်လူရွယ်များ စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ပြိုင်ပွဲတွင်ကိုးကားရမည့် စာအုပ်များကို အချိန်မီ ဖြန့်ဝေပေးနိုင်ရေး၊ ပြည်သူ့နီတိနှင့်ပတ်သက်၍ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဒေါက်တာတိုးအောင်က စီမံချက်ပါ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့အပြင်စာရေးဆရာကြီးများဖြစ်ကြသည့် ဆရာ ဦးကောင်းသန့်၊ ဆရာ မောင်ခင်မင်(ဓနုဖြူ)၊ ဆရာဂုဏ်ထူး ဦးသိန်းနိုင်၊ ဒေါက်တာထွန်းတင့်နှင့် ဒေါက်တာ စိန်ဝင်းတို့က ယခုထက်ပိုမို၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အလိုက် ပြိုင်ပွဲများ ဆောင်ရွက်နိုင်ရေး အကြံပြု ဆွေးနွေးကြသည်။

**သတင်း-ဓာနည်မောင်**
**ဓာတ်ပုံ-မိုးမြင့်မောင်**

# ဗန်းမော်ခရိုင်အတွင်း ရေကြီးနစ်မြုပ်၍ စပါးဧက ၁၃၀၀ ကျော် ပျက်စီး

**ဗန်းမော် ဩဂုတ် ၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ဧရာဝတီမြစ်ရေမြင့်တက်ခဲ့မှုကြောင့် မိုးစပါးစိုက်ဧက ၅၀၀၀ ကျော် ရေနစ်မြုပ်ခဲ့၍ စိုက်ဧက ၁၃၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ ဩဂုတ် ၅ ရက်အထိ ကွင်းဆင်းစာရင်းကောက်ယူမှု မှတ်တမ်းများအရ သိရသည်။

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်း ဇူလိုင်နောက်ဆုံးပတ်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဗန်းမော်၊ မန်စီ၊ မိုးမောက်မြို့နယ်များရှိ မိုးစပါးစိုက်ခင်းများ ရေဝင်နစ်မြုပ်ခဲ့၍ ပျက်စီးဆုံးရှုံးမှုများကို ဇူလိုင်၂၇ ရက်မှ ဩဂုတ် ၅ ရက်အထိ တာဝန်ရှိသူများက စာရင်းကောက်ယူခဲ့ရာ ဗန်းမော်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၄၆၇၁ ဧကအနက် ၃၇၂၆ ဧကမှာ ရေနစ်မြုပ်ခဲ့ပြီး ဧက ၈၉၀ မှာ ပျက်စီးခဲ့ကြောင်း၊ မန်စီမြို့နယ်တွင် စိုက်ဧက ၂၅၄၄ ဧကအနက် ဧက ၁၃၀၀ မှာ ရေနစ်မြုပ်ကာ ၃၄၄ ဧက ပျက်စီးခဲ့ကြောင်း၊ ဒွေ့ဖုန်းယန်မြို့နယ်တွင် စိုက်ဧက ၂၅၄ ဧက အနက် ၄၅ ဧက ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း၊ မိုးမောက်မြို့နယ်တွင် စိုက်ဧက ၃၂၈ ဧက စိုက်ပျိုးခဲ့ရာ ရေနစ်မြုပ်မှုမှာ ၃၄ ဧက ရှိသော်လည်း ပျက်စီးမှုမရှိကြောင်းနှင့် ဗန်းမော်ခရိုင်အတွင်း မိုးစပါးစိုက်ဧက ၇၇၉၇ အနက် ၅၂၀၅ ဧက ရေကြီးနစ်မြုပ်ခဲ့၍ စုစုပေါင်း ၁၃၇၉ ဧက ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို မယ်စဲ့မြို့နယ် ဒေသခံပြည်သူများနှင့်တွေ့ဆုံ



**မယ်စဲ့ ဩဂုတ် ၇**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ညွှန်ကြားရေးမှူး၊ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက မယ်စဲ့မြို့ မြို့နယ်ခန်းမ၌ မယ်စဲ့မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ ပြုလုပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လုပ်ငန်းများကို တာဝန်ကျေအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများနှင့် ပြည်သူများ ပူးပေါင်းကြိုးပမ်းမှသာ လက်တွေ့မြေပြင်လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ပိုမိုပီပြင်လာမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့်အရွေ့တစ်ခု သွားရောက်နိုင်ရန် Mind Set ပြောင်းပြီး ပုံဖော်ရန် လိုအပ်ကြောင်း၊ ကောင်းမွန်မှန်ကန်သော ဒီမိုကရေစီစနစ်ကို အတူတကွလျှောက်လှမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က မယ်စဲ့မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ၊ ၂၀၁၈-၂၀၁၉ ပထမခြောက်လဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိလိုသည့်အချက်များကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ မယ်စဲ့မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာတာဝန်ခံများ၊ နိုင်ငံရေးပါတီများ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အလှူရှင်များ ရေကြီးနစ်မြုပ်သည့်နေရာများသို့ သွားရောက်ထောက်ပံ့

**ဘားအံ ဩဂုတ် ၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကော့လုံကျွန်း တစ်ကျွန်းလုံး ရေကြီးနစ်မြုပ်ခဲ့ပြီး ကျွန်းပေါ်ရှိ ကျေးရွာများနှင့် ကျွန်းတစ်ဖက်ကမ်းရှိ ဘားအံမြို့နယ်တွင် ပါဝင်သော မိဗိုင်းအုပ်စုအတွင်း ကျေးရွာများအပါအဝင် စုစုပေါင်း ကျေးရွာ ၂၀ ရေကြီးနစ်မြုပ်ခဲ့သည့်အတွက် ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ ထောက်ပံ့ခဲ့သည်။

ကော့လုံကျွန်းတစ်ကျွန်းလုံး ရေကြီးနစ်မြုပ်ခဲ့ကာ ကျေးရွာအုပ်စု နှစ်အုပ်စု၊ ကျေးရွာပေါင်း ၁၄ ရွာ၊ ကော့လုံကျွန်းအနောက်ဘက်ကမ်း ဘားအံမြို့နယ်တွင်ပါဝင်သော မိဗိုင်းကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာ စုစုပေါင်း ၂၀ ရွာအတွက် ကရင်ပြည်နယ်အစိုးရမှ စေတနာရှင်များ စုပေါင်းလှူဒါန်းထားသည့် ဆန် ၃၀၀ အိတ်၊ ဆီခုနစ်ဖာ၊ ငါးသေတ္တာငါးဖာ၊ ခေါက်ဆွဲခြောက်၊ ဆား၊ ရေသန့်များ၊ ကြက်သွန်နှင့် အခြားဟင်းချက်စရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်နှင့် လုပ်ငန်းရှင် အလှူရှင်များက ထောက်ပံ့လှူဒါန်းသည့်ပစ္စည်းခုနစ်မျိုးပါ သေတ္တာအလုံး ၆၀၀၊ ဆန်အိတ် ၄၃၀၊ သက်နီး ၄၈ စုံ၊ ဆီနှင့် ပဲများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ငွေကျပ် ၁၆၃၅၀၀၀၊ အဝေးရောက်ကော့လုံကျွန်း မိသားစုဝင်များက ငွေကျပ် ၁၀၆၀၀၀၀၊ ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာအုပ်စုသုံးအုပ်စုရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ဝေဠုကျော်ဖောင်ဒေးရှင်းမှ အလှူငွေ ၁၃ သိန်းတို့ကိုလည်းကောင်း ထောက်ပံ့လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ကျိုင်းတုံ၌ သဘာဝဘေးလျော့ပါးရေးအလုပ်ရုံဆွေးနွေး

**ကျိုင်းတုံ**

လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး အလုပ်ရုံဆွေးနွေးပွဲကို ကျိုင်းတုံမြို့နယ် တိုင်းလိခန်းမ၌ ဩဂုတ် ၇ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဦးက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ **မြို့နယ်(ပြန်ဆက်)**

### ကလေးဝ၌ ဆေးဆိုင်များသို့ ရှောင်တခင်စစ်ဆေး

**ကလေးဝ**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက ကလေးဝမြို့ပေါ်၌ ရောင်းချလျက်ရှိသော ဆေးဆိုင်များတွင် မှတ်ပုံတင်ဖြင့် တရားဝင်ဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိနှင့် သက်တမ်းလွန်ဆေးဝါးများရောင်းချခြင်း ရှိ၊ မရှိ ရှောင်တခင်စစ်ဆေးခဲ့ပြီး ဆေးဝါးများရောင်းချသုံးစွဲမှုကို မှန်ကန်စွာ ရောင်းချနိုင်ရေး အသိပညာပေးခဲ့ကြောင်း သိရသည်။ **သီဟ(ကလေးဝ)**

### ကော့မှူး၌ မူခင်းကျဆင်းရေးပညာပေး

**ရန်ကုန်**

ကော့မှူးမြို့နယ် ကျိုက်ထော်နယ်မြေရဲစခန်းမှူး ရဲအုပ်စိုးသီဟလွင်နှင့်အဖွဲ့က ဩဂုတ် ၄ ရက် နံနက် ၈ နာရီတွင် ရေကျော်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ မူခင်းကျဆင်းရေး ပညာပေးဟောပြောခဲ့ရာ ကျေးရွာပြည်သူ ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

### မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ဒေါပုံ၌ ပညာပေး

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် နဝရတ်ဈေးနှင့် ရပ်ကွက်ဓမ္မာရုံထောင့်တွင် မူခင်းပညာပေး ပြခန်းယာဉ်ဖြင့် ဒေါပုံမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများက မူခင်းအသိပညာပေးဟောပြောရာ ရပ်ကွက်နေပြည်သူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **နေသစ်ဦး**

## မရှိခြင်း၊ မသိခြင်းတို့ထက် ပိုခက်တဲ့အရာ

စာမျက်နှာ ၁၅ မှ

ကိုယ်က ကားမမောင်းတတ်ဘူး။ ဒါပေမယ့် မောင်းတတ်တယ်ထင်ပြီး တက်မောင်းလိုက်ရင် ဟိုတိုက် ဒီတိုက်နဲ့ အခက်တွေတွေ့သွားနိုင်တယ်။ ကိုယ်က ဆေးမကုတတ်ဘူး။ ဒါပေမယ့် မကုတတ်တာကို မကုတတ်မှန်း မသိဘဲနဲ့ အပ်တစ်ချောင်းကိုင်ပြီး ဆေးလိုက်ထိုးနေရင်တော့ ဆေးထိုးမှားပြီး လူနာတွေ အသက်ပါဆုံးရှုံးသွားနိုင်ပါတယ်။ ကိုယ်က ဆောက်လုပ်ရေးပညာ မတတ်ဘူး။ ဒါပေမယ့် တတ်တယ်ထင်ပြီး အဆောက်အအုံဒီဇိုင်းတွေ လျှောက်ဆွဲလိုက်တယ်။ အဲဒီအဆောက်အအုံ ပြိုကျတဲ့တစ်နေ့ ဒုက္ခရောက်ကုန်တယ်။ ဒီတော့ မရှိတာတို့ မသိတာတို့ မလုပ်တာတို့ထက် မသိဘဲနဲ့လျှောက်လုပ်တာက ပိုခက်သလို ပိုပြီးတော့လည်း အန္တရာယ်ကြီးတယ်လို့ မြင်မိပါတယ်။

မသိတဲ့သူက တောထဲက ကျောက်ဂူတစ်ခုထဲမှာနေတယ်။ သူ့ဘာသာသိအောင် ကြိုးစားသည်ဖြစ်စေ၊ မကြိုးစားသည်ဖြစ်စေ၊ မသိလို့ ဘာမှမလုပ်ဘဲနေသည်ဖြစ်စေ၊ မသိဘဲနဲ့ ဟိုဟာလျှောက်လုပ် ဒီဟာလျှောက်လုပ်တွေ လုပ်နေသည်ဖြစ်စေ ဘာမှဖြစ်မလာနိုင်ပါဘူး။ ဘယ်သူ့ကိုမှ ဒုက္ခမပေးနိုင်ပါဘူး။ သူ့အနားမှာ လူတစ်ယောက်၊ မိသားစုတစ်စုရှိလာပြီဆိုရင်တော့ သူလုပ်ချင်တာတွေ လျှောက်လုပ်လို့မဖြစ်ပါဘူး။ ဘေးကလူတွေ ဒုက္ခရောက်သွားနိုင်လို့ပါ။

လောကကြီးက ရပ်နေတဲ့လောကကြီးမဟုတ်ဘူး။ ရှင်သန်နေတဲ့လောကကြီး၊ ပြောင်းလဲနေတဲ့လောကကြီး။ ရှင်သန်ပြောင်းလဲနေတဲ့လောကကြီးထဲမှာ ကျင်လည်ကျက်စားရတဲ့သူတွေအတွက် သိစရာမှတ်စရာ၊ လေ့လာစရာတွေကလည်း အမြဲတမ်းရှိနေတယ်။ ဒီတော့ ကိုယ်နဲ့ဆိုင်ရာဆိုင်ရာကိစ္စလေးတွေကိုတော့ သိအောင်ကြိုးစားထားမှ အဆင်ပြေပါလိမ့်မယ်။ ကိုယ်ဟာ သိသူလား၊ မသိသူလား၊ မသိသိအောင်မကြိုးစား၊ လုပ်လည်းမလုပ်ဆိုတဲ့ ကိန်းနဲ့ ရပ်တည်နေတဲ့သူလား၊ ဒါမှမဟုတ် မသိတာကို မသိမှန်းတောင်မှ မသိဘဲနဲ့ လျှောက်လုပ်နေခဲ့မိပြီလား ဆိုတာကို ကိုယ့်ဘာသာ အမြဲတမ်း ဆင်ခြင်သုံးသပ် သတိကပ်နေသင့်ပါတယ်။ အထူးသဖြင့် ကိုယ်က တစ်ယောက်တည်းနေတာမဟုတ်ဘဲ ပတ်ဝန်းကျင်နဲ့၊ အသိုင်းအဝိုင်းနဲ့ နေထိုင်တဲ့သူတစ်ဦးဖြစ်နေရင် ပိုပြီးတော့တောင်မှ ဆင်ခြင်သုံးသပ်သင့်ပါတယ်။ ဒါမှသာ မသိဘဲလုပ်လိုက်တဲ့ ကိုယ့်ရဲ့ လုပ်ရပ်တစ်ခုကြောင့် အခက်တွေ့ကြမယ့်ဘေးကနေ ကင်းဝေးစေနိုင်မှာမို့ပါ။

မျောက်အုန်းသီးရသလိုဆိုတဲ့ စကားတစ်ခုရှိပါတယ်။ အုန်းသီးကိုဘယ်လိုခွဲရမယ်ဆိုတာမသိတဲ့ မျောက်ရဲ့လက်ထဲကို အုန်းသီးရောက်သွားတော့ အပေါ်ပိုင်းကစခွဲရမလား၊ အောက်ကနေ စဖွင့်ရမလား၊ ဘယ်ဟာနဲ့ခွဲပြီး ဘယ်လိုစားရမလဲဆိုတာမသိတော့ ဟိုနားကုတ်ခြစ်ကြည့်လိုက်၊ ဒီနားကိုက်ကြည့်လိုက်နဲ့ ချာချာလည်နေတော့တာပါ။ ဒါပေမယ့် ဒါကကိစ္စမရှိပါဘူး။ မျောက်လက်ထဲ အုန်းသီးရောက်တာက သူ့ဘာသာ မခွဲတတ်၊ မစားတတ်တာပဲရှိတယ်။ ဘယ်သူ့ကိုမှ ဒုက္ခမပေးနိုင်ပါဘူး။ မသကာရှိလှမှ အုန်းသီးနဲ့လှမ်းပစ်လိုက်လို့ ကိုယ့်မှန်ရင် နာရုံလောက်ပဲရှိမှာပေါ့။ တကယ်လို့များ အဲဒီမျောက်ရဲ့လက်ထဲမှာ အန္တရာယ်ရှိစေတတ်တဲ့၊ ထိလွယ် ရှလွယ် ပေါက်ကွဲလွယ်တတ်တဲ့ပစ္စည်းတစ်ခုရောက်နေရင်တော့ သူ့ပတ်ဝန်းကျင်အတွက် အရမ်းကိုအန္တရာယ်ကြီးနေပါပြီ။ ဘာကြောင့်လဲဆိုတော့ ဒီမျောက်က သူ့လက်ထဲကဟာကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာကို မသိဘူး။ မသိတဲ့အပြင် သူမသိဘူးဆိုတာကိုလည်း မသိဘူး။ အဲဒီလိုမသိဘဲနဲ့ လျှောက်လုပ်လိုက်လို့ ပွင့်ထွက်ပေါက်ကွဲကုန်မှဖြင့် အားလုံး ခက်ကုန်ရချည်ရဲ့။

ကိုယ်ကိုယ်တိုင်များ အဲဒီလိုအဖြစ်မျိုးကြုံနေရပြီလား ဆိုတာကိုလည်း ပြန်ကြည့်သင့်ပါတယ်။ ကိုယ်နဲ့သက်ဆိုင်သမျှအရာတွေကို အားလုံးမဟုတ်တောင်မှ အထိုက်အလျောက်တော့၊ တတ်နိုင်သမျှတော့ နှံ့နှံ့စပ်စပ် သိအောင် မြင်အောင်၊ နားလည်အောင် လေ့လာအားထုတ်ထားသင့်ပါတယ်။ ဒီလိုလေ့လာမှုကလည်း ဘယ်အချိန်မှာမှ ရပ်တန့်လိုက်လို့မဖြစ်ပါဘူး။ ဘဝတစ်လျှောက်လုံး လေ့လာနေကြရဦးမှာပါ။ လေ့လာနိုင်မှလည်း သိနိုင်မြင်နိုင်၊ နားလည်နိုင်တဲ့သူတစ်ယောက်ဖြစ်လာမှာပါ။ ဒါမှသာ မသိခြင်း၊ မရှိခြင်းတို့ထက် ပိုခက်တဲ့ အရာတွေကြောင့် ဖြစ်ပေါ်လာမယ့်ဘေးတွေကနေ ကင်းဝေးစေနိုင်မှာမဟုတ်ပါလား။

## ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ ရှေးဦးသူနာပြုစုခြင်းသင်တန်းဖွင့်



**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကြက်ခြေနီအသင်းခွဲ ရှေးဦးသူနာပြုစုခြင်း (သာမန်) သင်တန်းအမှတ်စဉ် (၃/၂၀၁၈) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်က ကြက်ခြေနီလုပ်ငန်းသည် မွန်မြတ်သောလုပ်ငန်းဖြစ်သည့်အတွက် အလေးထားသင်ကြားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်လှကြင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်အခြေပြုကြက်ခြေနီ ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်းများ ဖွင့်လှစ်ခြင်းအားဖြင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ရှေးဦးသူနာပြုစုခြင်း နည်းလမ်းများကို လက်တွေ့တတ်မြောက်ပါက မိမိတို့အရပ်ဒေသများတွင် ပြန်လည်အကျိုးပြုနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ သင်တန်းသား သင်တန်းသူ ၃၃ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

## အေဂျင်စီအသစ်ကို ရှာဖွေနေတဲ့ ကမ်တေဟီး

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်သူ ကမ်တေဟီးဟာ အေဂျင်စီဟောင်းနဲ့ စာချုပ်သက်တမ်းပြည့်ခဲ့ပြီဖြစ်တာကြောင့် လတ်တလောမှာတော့ အေဂျင်စီအသစ်ကို ရှာဖွေနေကြောင်း အနုပညာအသိုင်းအဝိုင်းက ပေါ်ထွက်လာတဲ့ သတင်းတွေကို ကိုးကားကာ အောကေပေ့ါ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

ကမ်တေဟီးဟာ ၂၀၁၀ ပြည့်နှစ်အတွင်းမှာ အစ်မဖြစ်သူ တည်ထောင်ထားတဲ့ လူအာအင်န်တာတိန်းမန့်နဲ့ စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ ဒီအေဂျင်စီကိုတော့ ကမ်တေဟီးရဲ့မိဘတွေ ပိုင်ဆိုင်တာ ဖြစ်ပါတယ်။ ကမ်တေဟီးရဲ့ မောင်ဖြစ်သူ လီဝမ်ဟာလည်း လက်ရှိမှာ သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာနယ်ပယ်မှာ လှုပ်ရှားနေပြီဖြစ်တယ်လို့လည်း သိရပါတယ်။

သတင်းရင်းမြစ်တွေရဲ့ ထုတ်ဖော်ပြောကြားချက်အရ ပြီးခဲ့တဲ့ ဇွန်လပိုင်းက စတင်ပြီး ကမ်တေဟီးဘက်က အေဂျင်စီအသစ်ကို ဆက်သွယ်ရှာဖွေလာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ လတ်တလောမှာတော့ ဒီသတင်းကို တရားဝင်ထုတ်ဖော်ပြောကြားခြင်းတော့ မရှိသေးပေမယ့် သတင်းရင်းမြစ်တစ်ဦးကတော့ ကမ်တေဟီးဟာ အေဂျင်စီအသစ်ကို ရှာဖွေကာ အနုပညာလမ်းကြောင်းပေါ် နောက်တစ်ကြိမ်တက်လှမ်းလာမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

ကမ်တေဟီးဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် နှစ်စပိုင်းမှာ နှစ်အတော်ကြာလက်တွဲလာခဲ့တဲ့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ရိန်းနဲ့ လက်ထပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းမှာတော့ သမီးလေးကို မွေးဖွားခဲ့ပြီး လက်ရှိမှာတော့ ရင်သွေးလေးကို စောင့်ရှောက်ရင်း အချိန်တွေကုန်ဆုံးနေတာ ဖြစ်ပါတယ်။ ကမ်တေဟီးကို ဇာတ်လမ်းတွဲတွေ၊ ရုပ်ရှင်တွေအတွက် ကမ်းလှမ်းမှုတွေလည်း ရှိနေပြီး သူကိုယ်တိုင်ကလည်း လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် ပရိသတ်တွေနဲ့ အဆက်အသွယ်လုပ်ခဲ့ပါတယ်။ ဒါကြောင့် ကမ်တေဟီးဟာ အေဂျင်စီအသစ်ကို ရှာဖွေပြီး ဇာတ်လမ်းတွဲသစ်တွေနဲ့ ပရိသတ်ရှေ့ အရောက်ပြန်လာမှာ ဖြစ်တယ်လို့လည်း သတင်းရင်းမြစ်တွေက ပြောကြားခဲ့တာ ဖြစ်ပါတယ်။





## တေးအယ်လ်ဘမ်သစ်နဲ့အတူ နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်သွားမယ့် BTS

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BTS” ဟာ မကြာမီမှာတော့ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာတော့မှာဖြစ်ပြီး ဒီတေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မှုအပြီးမှာတော့ နယ်လှည့်ဖျော်ဖြေပွဲတွေ ကမ္ဘာတစ်ဝန်းမှာ ပြုလုပ်သွားဖို့ရာ စီစဉ်ထားတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“BTS”ဟာ ယခုလ ၂၄ ရက်မှာ ပြန်လည်စုစည်းထုတ်လုပ်သွားမယ့် မီနီတေးအယ်လ်ဘမ်ထွက်ရှိဖို့ ရှိနေတာပါ။ “Love Yourself: Answer”လို့အမည်ရတဲ့ ဒီတေးအယ်လ်ဘမ်မှာတော့ အဖွဲ့ရဲ့ ထွက်ရှိခဲ့ပြီးသမျှသော တေးသီချင်းတွေအနက် လူကြိုက်အများဆုံးသော တေးသီချင်းတွေကို စုစည်းထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်အတွက် ကြိုတင်အမှာစာတွေကို လက်ခံခဲ့ရာ လက်ရှိအချိန်အထိ တေးအယ်လ်ဘမ်ပေါင်း ၁ ဒသမ ၅ သန်း အကြိုရောင်းချခဲ့ရပြီးဖြစ်တယ်လို့လည်း သိရပါတယ်။ တေးအယ်လ်ဘမ်သစ်ထွက်ရှိပြီးနောက်မှာတော့ နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

ဒ့ါအပြင် “BTS”ဟာ တေးစီးရီးတစ်ခုကိုလည်း ထုတ်လုပ်သွားဖို့ရာ ရှိနေပါတယ်။ “The Most Beautiful Moment in Life” လို့ အမည်ပေးထားတဲ့ ယင်းတေးစီးရီးမှာတော့ မီနီတေးအယ်လ်ဘမ်နှစ်ခုနဲ့ တေးအယ်လ်ဘမ်သစ်တစ်ခုဖြစ်တဲ့ “Young Forever” အပြင် အဖွဲ့ဝင်တွေရဲ့ ဒိုင်ယာရီတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ် ၇ ရက်မှာတော့ ယင်းတေးစီးရီးရဲ့ အပိုင်းတစ်ပိုင်းဖြစ်တဲ့ “The Most Beautiful Moment in Life: The Notes” အဖြစ် အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျင်နေရာကနေ ရေးသားထားတဲ့ ဒိုင်ယာရီကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒီထဲမှာတော့ ဂျင်ဟာ ယခင်က အဖွဲ့အစပြုခဲ့ရာနေရာကို ပြန်လည်ရောက်ရှိစဉ် ခံစားခဲ့ရသည်များကို ဖော်ပြထားတာ တွေ့ရပါတယ်။

## ဟောင်ကောင်ပေ့ါ်ပ်ကြယ်ပွင့် အယ်လန်ဂျိုက်စ် တိုက်ပေါ်မှပြုတ်ကျသေဆုံး

ပြီးခဲ့တဲ့ ဩဂုတ် ၅ ရက်မှာတော့ ဟောင်ကောင်ရဲ့ နာမည်ကျော်ပေ့ါ်ပ်ကြယ်ပွင့်တစ်ဦး ဖြစ်သူ အယ်လန်ဂျိုက်စ်ဟာ ဟပ်ပီးဗယ်လီ နေအိမ်တိုက်ပေါ်မှ ပြုတ်ကျသေဆုံးသွားခဲ့ပါတယ်။ ကွယ်လွန်ချိန်မှာတော့ အသက် ၃၂ နှစ်အရွယ်သာရှိသေးတာ ဖြစ်တယ်လို့လည်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရဲဌာနက လူတစ်ယောက် တိုက်ပေါ်မှ ရှင်ဝူးလမ်းပေါ်သို့ ပြုတ်ကျခဲ့ကြောင်း အဆိုပါနေ့ နံနက် ၁၀ နာရီနီးပါးမှာ သတင်းရခဲ့တာကြောင့် သွားရောက်ကြည့်ရှုခဲ့ကြပါတယ်။ ရဲဌာနမှ သတင်းရင်းမြစ်တစ်ဦးရဲ့ သတင်းပေးချက်အရ ရဲတွေအခင်းဖြစ်ရာနေရာကို ရောက်ရှိသွားချိန်မှာတော့ ပြုတ်ကျခဲ့သူဟာ အယ်လန်ဂျိုက်စ်ဖြစ်ကြောင်းနဲ့ သူဟာ အခင်းဖြစ်ရာနေရာမှာပင် ကွယ်လွန်သွားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိအချိန်မှာတော့ စုံစမ်းမှုတွေကို ဆက်လက်လုပ်ဆောင်နေတာဖြစ်တယ်လို့ သိရပါတယ်။

အယ်လန်ဂျိုက်စ်ဟာ ပြီးခဲ့တဲ့ ၂၀၀၁ ခုနှစ် အသက် ၁၅ နှစ်အရွယ်မှာပင် အီမန်လမ်နဲ့တွဲဖက်ကာ “at17”လို့အမည်ရတဲ့ တေးဂီတအဖွဲ့ကို တည်ထောင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်းမှာတော့ သူဟာ လိင်တူစိတ်ဝင်စားသူတစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး အဲဒီနှစ်ရဲ့ “Golden Melody Awards” ဆုပေးပွဲကြီးမှာ ထူးချွန်ဆု လက်ခံရယူအပြီး သူ့ရဲ့ဇနီး ဖစ်ရှာယုကို ကျေးဇူးတင်ကြောင်း ထည့်သွင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

## ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နေဆဲ Mission: Impossible - Fallout

ဟောလိဝုဒ်ရဲ့ နာမည်ကျော် မင်းသားတစ်ဦးဖြစ်သူ တွမ်ခရူးစ် ခေါင်းဆောင်ပါဝင်ထားတဲ့ တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစား “Mission: Impossible”ရုပ်ရှင်တွေရဲ့ နောက်ဆုံးသောရုပ်ရှင် “Mission: Impossible - Fallout” ဟာ မြောက်အမေရိကားမှာ ရုံတင်ခဲ့ရာမှာတော့ အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် ရပ်တည်နေခဲ့ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာလည်း ဒုတိယမြောက် ရုံတင်သီတင်းပတ်အဖြစ် ပြသခဲ့ရာ ဝင်ငွေအကောင်းဆုံးအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တိုက်ခိုက်ရေး စွန့်စားခန်းတွေကြောင့် လူကြိုက်များအောင်မြင်ခဲ့တဲ့ ဟောလိဝုဒ်ဇာတ်လမ်းတွဲ “Mission: Impossible”ရဲ့ ခြောက်ကားမြောက်ရုပ်ရှင် “Mission: Impossible - Fallout”ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ မြောက်အမေရိကားမှာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၅ သန်းရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီဝင်ငွေဟာ တစ်ပတ်အတွင်း ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေရဲ ဝင်ငွေတွေထက် အသာကြီးသာခဲ့ကာ ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် နံပါတ်တစ်နေရာ ရနေတာဖြစ်ပါတယ်။

ဒါကြောင့် စတင်ရုံတင်ခဲ့သည်မှ လက်ရှိအချိန်အထိ ယင်းရုပ်ရှင်ရဲ့ ဝင်ငွေဟာ မြောက်အမေရိကားမှာ ၁၂၄ သန်းနဲ့ နိုင်ငံတကာမှ အမေရိကန်ဒေါ်လာ ၂၀၅ သန်းရရှိခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။ နောက်ဆုံးထွက်ရှိခဲ့တဲ့ ရုပ်ရှင်ဟာ ယခင်ထုတ်လွှင့်ခဲ့ပြီးသမျှသော ဇာတ်လမ်းတွဲမှာပါဝင်တဲ့ ရုပ်ရှင်တွေရဲ့ အဖွင့်သီတင်းပတ်ဝင်ငွေထက်ကျော်လွန်ရရှိခဲ့ကာ အဖွင့်သီတင်းပတ်မှာ ဝင်ငွေအကောင်းဆုံးသော “Mission: Impossible” ရုပ်ရှင်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။ အဖွင့်သီတင်းပတ်မှာ ရရှိခဲ့တဲ့ ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၅ သန်း ဖြစ်ပါတယ်။ ဒါကြောင့် ဟောလိဝုဒ်မီဒီယာတွေက ဒီရုပ်ရှင်ရဲ့ ခေါင်းဆောင်မင်းသား တွမ်ခရူးစ်ကို အသက်ကြီးမှ ပိုမိုအောင်မြင်တဲ့သူဖြစ်ကြောင်း မှတ်ချက်ပြုဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ ရုပ်ရှင်ကတော့ လိုက်ဖ်အက်ရှင်ရုပ်ရှင်အမျိုးအစားဖြစ်ပြီး ဝင်းနီးသယ်ပုရှ်ပါဝင်တဲ့ “Christopher Robinson” ဖြစ်ပြီး ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၂၅ သန်း ဖြစ်ပါတယ်။ တတိယနေရာမှာ ရပ်တည်နေတဲ့ရုပ်ရှင်ကတော့ “The Spy Who Dumped Me” ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃ သန်းသာ ဝင်ငွေရရှိခဲ့တာ ဖြစ်ပါတယ်။



အေးပြည့် - စုစည်းသည်

နိုင်လင်းကြည်

# တစ်ပတ်အတွင်း အားကစားသတင်းများ

## အပြောင်းအရွှေ့ဈေးကွက် မပိတ်မီ အသင်းပြောင်းရွှေ့ဖို့ရှိနေတဲ့ ပရီမီယာလိဂ်ကစားသမားကိုးဦး

လက်ရှိအချိန်ဟာ အပြောင်းအရွှေ့ကာလဖြစ်ပြီး အပြောင်းအရွှေ့ဈေးကွက်ကလည်း ဩဂုတ် ၉ ရက်မှာ ပိတ်သိမ်းတော့မှာဖြစ်လို့ အဲဒီလို မပိတ်သိမ်းမီကာလအတွင်းမှာ ပရီမီယာလိဂ်ကလပ်အသင်းတွေဟာ ကစားသမားသစ်တွေခေါ်ယူအားဖြည့်ဖို့နဲ့ ရောင်းချမှုတွေပြုလုပ်ဖို့ စီစဉ်နေကြတာဖြစ်ပါတယ်။ အဲဒီထဲမှာ ကစားသမားခေါ်ယူမှု တစ်စုံတစ်ရာ ပြုလုပ်ထားခြင်းမရှိသေးတဲ့ စပါးအသင်းက ကစားသမားတစ်ဦး ခေါ်ယူသွားမလား၊ မန်ယူအသင်းကနေ ထွက်ခွာဖို့စီစဉ်နေတဲ့ တိုက်စစ်မှူးမာရှယ် မန်ယူအသင်းမှာပဲ ဆက်ရှိနေမှာလားဆိုတဲ့ သို့လောသို့လော သတင်းတွေနဲ့အတူ အပြောင်းအရွှေ့မပိတ်မီမှာ ပရီမီယာလိဂ်ကစားသမားကိုးဦးအထိ အသင်းပြောင်းရွှေ့မယ်ဆိုတဲ့သတင်းတွေလည်း ထွက်ပေါ်လို့နေပါတယ်။

### အယ်လ်ဒါဝီးလ်(စပါး)



အသက် ၂၉ နှစ်အရွယ်ရှိစပါးနောက်တန်းကစားသမား အယ်လ်ဒါဝီးလ်ဟာ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီမှာ စပါးအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ၁၅ ပွဲပါဝင်ကစားပေးခဲ့တဲ့ကစားသမားပါ။ လက်ရှိမှာ မန်ယူအသင်းက အသင်းရဲ့ နောက်တန်းခံစစ်ပိုင်းကို အားဖြည့်ဖို့ အယ်လ်ဒါဝီးလ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး ပြီးခဲ့တဲ့ ဘောလုံးရာသီက ဒဏ်ရာပြဿနာတွေကြောင့် စပါးအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့ ရုန်းကန်နေခဲ့ရတဲ့ ကစားသမားဖြစ်ပါတယ်။ ဒါ့အပြင် အယ်လ်ဒါဝီးလ်ရဲ့ စာချုပ်သက်တမ်းကလည်း ရာသီကုန်ရင် ကုန်ဆုံးမှာဖြစ်လို့ မန်ယူအသင်းက စိတ်ဝင်စားနေတာဖြစ်ပြီး မန်ယူအသင်းအနေနဲ့ အယ်လ်ဒါဝီးလ်ကို ပေါင် ၇၅ သန်းနဲ့ ခေါ်ယူဖို့စီစဉ်နေတာပါ။



### ဂျက်ဂရီယယ်လစ်ရှ်(အက်စ်တွန်ဗီလာ)

ကွင်းလယ်ကစားသမား ဂရီယယ်လစ်ရှ်ဟာ အသက် ၂၂ နှစ်သာရှိသေးပြီး ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက အက်စ်တွန်ဗီလာအသင်းနဲ့အတူ ပွဲ ၃၀ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုးသုံးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ အဲဒါကြောင့် ကွင်းလယ်ပိုင်းအားဖြည့်ဖို့ လိုအပ်နေတဲ့ စပါးအသင်းနဲ့ ချယ်လ်ဆီးအသင်းက ခေါ်ယူဖို့စီစဉ်နေတာပါ။ ဂရီယယ်လစ်ရှ်ဟာ အက်စ်တွန်ဗီလာအသင်းကို ပရီမီယာလိဂ်တက်ခွင့်ရဖို့ ချန်ပီယံရှစ်မှာ play-off ကစားရတဲ့အခြေအနေအထိ ရောက်အောင်စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဖူလ်ဟမ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ချန်ပီယံရှစ်မှာပဲ ကျန်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီလိုခြေစွမ်းရှိခဲ့တာမို့ စပါးအသင်းနဲ့ ချယ်လ်ဆီးအသင်းက ခေါ်ယူဖို့ စီစဉ်လာတာဖြစ်ပြီး ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ သတ်မှတ်ထားပါတယ်။

### ဒန်နီအင့်(လီဗာပူး)



တိုက်စစ်မှူး ဒန်နီအင့်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက လီဗာပူးအသင်းနဲ့အတူ ရှစ်ပွဲကစား၊ တစ်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး အသက် ၂၆ နှစ်အရွယ်ရှိ ဒန်နီအင့်ကို ခရစ္စတယ်ပဲလေ့အသင်း၊ ဆောက်သမ်တန်အသင်း၊ လက်စတာစီးတီးအသင်းနဲ့ နယူးကာဆယ်အသင်းတို့က ခေါ်ယူဖို့စီစဉ်နေတာဖြစ်ပါတယ်။ လီဗာပူးအသင်းမှာ ပုံမှန်ကစားခွင့်မရတာကြောင့် အသင်းပြောင်းရွှေ့ဖို့ပြင်ဆင်နေတာဖြစ်ပြီး ဒန်နီအင့်ကို ခေါ်ယူလိုတဲ့အသင်းတွေထဲကနေ ခရစ္စတယ်ပဲလေ့စ်အသင်းကတော့ ပေါင်သန်း ၂၀ နဲ့ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။




### မာကွိုင်ယာ(လက်စတာစီးတီး)

လက်စတာစီးတီးနောက်ခံလူ မာကွိုင်ယာဟာ ပြီးခဲ့တဲ့ရာသီက ၃၈ ပွဲကစားပေးခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သူပါ။ အသက် ၂၅ နှစ်အရွယ် မာကွိုင်ယာကို မန်ယူအသင်းက ခေါ်ယူဖို့စီစဉ်နေပြီး ကမ္ဘာ့ဖလားမှာလည်း အင်္ဂလန်အသင်းနဲ့အတူ ခြေစွမ်းပြကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့် နည်းပြမော်ရင်ဟိုက မာကွိုင်ယာကို ခေါ်ယူဖို့ပစ်မှတ်ထားလာတာဖြစ်ပါတယ်။ လက်စတာစီးတီးအသင်းက မာကွိုင်ယာရဲ့ ပြောင်းရွှေ့ကြေးကို နောက်တန်းကစားသမားတစ်ဦးအတွက် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်လာမယ့် ပေါင်သန်း ၈၀ နီးပါးအထိ တောင်းဆိုခဲ့တာဖြစ်ပြီး မော်ရင်ဟိုကတော့ ပေါင် ၆၅ သန်းပေးမယ်လို့ ဆိုထားပါတယ်။

### အန်တိုနီမာရှယ်(မန်ယူ)



တောင်ပံကစားသမား မာရှယ်ဟာ ပြီးခဲ့တဲ့ပရီမီယာလိဂ်ပြိုင်ပွဲမှာ ပွဲပေါင်း ၃၀ ကစားခဲ့ပြီး ကိုးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် စပါး၊ ချယ်လ်ဆီးနဲ့ ပီအက်စ်ဂျီတို့က ခေါ်ယူဖို့ပစ်မှတ်ထားလာခဲ့ပြီး ဆန်းချက်ဇ်ရောက်လာပြီးနောက်ပိုင်း မန်ယူအသင်းမှာနေရာတစ်နေရာရဖို့ ရုန်းကန်ခဲ့ရသူပါ။ အဲဒီရဲ့အကျိုးဆက်က ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလားမှာ ရွေးချယ်မှုမခံခဲ့ရတာပဲဖြစ်ပါတယ်။ ဒါကြောင့် မန်ယူအသင်းကနေ ထွက်ခွာဖို့စီစဉ်နေတာဖြစ်ပြီး မန်ယူအသင်းနည်းပြမော်ရင်ဟိုကတော့ မာရှယ်ရဲ့ အပြောင်းအရွှေ့ကို ပေါင်သန်း ၈၀ အထိလိုချင်တယ်လို့ ဆိုထားပါတယ်။



### မစ်ဂ်နိုလက်(လီဗာပူး)

လီဗာပူးဂိုးသမား မစ်ဂ်နိုလက်ဟာ ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်ပွဲစဉ် ၁၀ ပွဲပဲ ပွဲထွက်ခွင့်ရရှိခဲ့တာပါ။ ဒါကြောင့် အသင်းပြောင်းရွှေ့ဖို့စီစဉ်နေပြီး ဘာစီလိုနာအသင်းနဲ့ ဘီဆစ်ခ်တက်အသင်းတို့က ခေါ်ယူဖို့စီစဉ်နေပါတယ်။ မစ်ဂ်နိုလက်ဟာ ပြီးခဲ့တဲ့ရာသီက ကားရီးယပ်စ်ရှိနေလို့ ပွဲထွက်ခွင့်မရခဲ့သလို အခုနှစ်မှာလည်း ရိုးမားဂိုးသမား အဲလစ်ဆင်ကို ခေါ်ယူခဲ့တာကြောင့် ပွဲထွက်ခွင့်ထပ်မံဆုံးရှုံးရဦးမှာပါ။ ဒါကြောင့် ဘာစီလိုနာအသင်းက တာစတီဂန်ကို အထောက်အကူပြုဖို့ ပစ်မှတ်ထားနေသလို ပေါ်တူဂီကလပ် ဘီဆစ်ခ်တက်အသင်းကလည်း ဖာဘရီကိုဖူလ်ဟမ်ကို ရောင်းပြီးနောက် မစ်ဂ်နိုလက်ကို ခေါ်ယူဖို့စီစဉ်လာတာဖြစ်ပါတယ်။



### အာရွန်ရမ်ဆေး(အာဆင်နယ်)

ရမ်ဆေးဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက အာဆင်နယ်နဲ့အတူ ၂၄ ပွဲပါဝင်ကစားခဲ့ပြီး ခုနစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ လက်ရှိအပြောင်းအရွှေ့ကာလမှာ ချယ်လ်ဆီးအသင်းနဲ့ လီဗာပူးအသင်းက ခေါ်ယူဖို့စီစဉ်နေပါတယ်။ ဝေးလ်လက်ရွေးစင်ကစားသမား ရမ်ဆေးဟာ အာဆင်နယ်အသင်းမှာ ဘောလုံးရာသီ ၁၀ ရာသီကြာကစားခဲ့ရာမှာ ပွဲပေါင်း ၃၀၀ ကျော်ပွဲထွက်ကစားခွင့်ရရှိခဲ့သူပါ။ ဒါပေမယ့် အခုသူ့ရဲ့စာချုပ်သက်တမ်းနောက်ဆုံးနှစ်ထဲကို ရောက်လာတဲ့အချိန်မှာတော့ အာဆင်နယ်အသင်းမှာ ဆက်ရှိ၊ မရှိနဲ့ပတ်သက်ပြီး စိန်ခေါ်မှုတစ်ရပ်နဲ့ ရင်ဆိုင်နေရသူပါ။ နည်းပြသစ်အမ်မရီကတော့ ရမ်ဆေးကို အာဆင်နယ်မှာ ဆက်ထားလိုပေမယ့် ချယ်လ်ဆီးအသင်းက ပေါင် ၃၅ သန်းနဲ့ ကမ်းလှမ်းထားသလို လီဗာပူးအသင်းကလည်း စိတ်ဝင်စားနေတာကြောင့် အာဆင်နယ်အသင်းအတွက် ဆုံးဖြတ်ရခက်နေပါတယ်။




### ဝီလ်ဖရီးဇာဟာ(ခရစ္စတယ်ပဲလေ့)

တောင်ပံကစားသမား ဇာဟာအနေနဲ့ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီမှာ ခရစ္စတယ်ပဲလေ့အသင်းနဲ့အတူ ၂၉ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးကိုးဂိုးသွင်းယူနိုင်ခဲ့သူပါ။ ဒါကြောင့် ဇာဟာကို ဒေါ့မွန်အသင်း၊ ချယ်လ်ဆီး အသင်းနဲ့ စပါးအသင်းတို့က ခေါ်ယူဖို့စီစဉ်နေတာပါ။ ဇာဟာအနေနဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီက ရာသီအစရဲ့ပထမ သီတင်းငါးပတ်မှာ လွဲခဲ့ရပေမယ့် ကိုးဂိုးအထိသွင်းယူနိုင်ခဲ့တဲ့ခြေစွမ်းကြောင့် အခြားကလပ်အသင်းတွေက စိတ်ဝင်စားနေတာဖြစ်ပါတယ်။ ခရစ္စတယ်ပဲလေ့အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်ကတော့ အိုင်ဗရီကို့စ်ကြယ်ပွင့် ဇာဟာကို အသင်းမှာ ဆက်ထားလိုပေမယ့် များပြားတဲ့ပြောင်းရွှေ့ကြေးနဲ့ ကမ်းလှမ်းလာမယ်ဆိုရင်တော့ ရောင်းချမယ်လို့ ဆိုပါတယ်။

### ဝီလီယံ(ချယ်လ်ဆီး)

တောင်ပံကစားသမား ဝီလီယံဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ၃၆ ပွဲကစားပေးခဲ့ရာမှာ ခြောက်ဂိုးသွင်းယူနိုင်ခဲ့သူပါ။ လက်ရှိမှာ ဘာစီလိုနာအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ မန်ယူအသင်းတို့က ခေါ်ယူဖို့စီစဉ်နေတာပါ။ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ဘရာဇီးအသင်းနဲ့အတူ ကွာတားဖိုင်နယ် ပွဲစဉ်အထိ ပွဲတိုင်းပါဝင်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး လက်ရှိကလပ်ချယ်လ်ဆီးအသင်းနဲ့ ဆက်ဆံရေးလည်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့် ဝီလီယံကို ခေါ်ယူချင်တဲ့အသင်းတွေရှိနေပြီး ရီးယဲလ်မက်ဒရစ်အသင်းက ပေါင် ၆၅ သန်းနဲ့ ခေါ်ယူဖို့ချိတ်ဆက်နေပါတယ်။



# အမှတ်(၁၄၁)ပန်းဆိုးတန်းလမ်းရှိမဟာပိန္နဲကျောင်းတိုက်သည် အများအယူနှင့်မတူသောဟိန္ဒူဘုရားရှိခိုးကျောင်း ဖြစ်သော"ကာလိုင် (ကလယ်) ဘုရားရှိခိုးကျောင်း" သာဖြစ်ကြောင်းဝတ်ပြုသူများနှင့်အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိကာလိုင်ဘုရားရှိခိုးကျောင်းသည် အများအယူနှင့်မတူသောဟိန္ဒူဘုရားရှိခိုးကျောင်းဖြစ်၍ ယင်းကာလိုင်ဘုရားရှိခိုးကျောင်းကို ၁၉၅၃ ခုနှစ်၊ တရားလွှတ်တော်၌တရားမကြီးမှုအမှတ် (၁၇) မှပေါက်ဖွားလာသည့် ၁၉၅၃ ခုနှစ် တရားမအယူခံမှုအမှတ် (၈၅) မှ **ပြင်ဆင်သည့် ယုံမှတ်အပ်နှံသည့် အုပ်ချုပ်မှုစည်းမျဉ်းအရ** ဟိန္ဒူ-မြန်မာမိသားစုမှပေါက်ဖွားလာသည့် ကာလိုင်(ခ)ကလယ်ဗုဒ္ဓဘာသာဝင်များ၏သီးသန့် ကိုးကွယ်ရာဘုရားကျောင်းဖြစ်ပါသည်။

"ကာလိုင်" ဟုခေါ်ဝေါ်သည်မှာမဒရာစီဟိန္ဒူယောက်ျားနှင့် မြန်မာဗုဒ္ဓဘာသာမိန်းမတို့မှ ပေါက်ဖွားဆင်းသက်လာသောကလေးနှင့် ယင်းမှ ဆင်းသက်လာသူကို ဆိုလိုသည်ဟု အုပ်ချုပ်မှုစည်းမျဉ်းအပိုဒ် (၂) (က) ၌အတိအကျတရားဝင်ပြဌာန်းအတည်ပြုပြီးဖြစ်သည်။

အောက်မြန်မာနိုင်ငံစီရင်ထုံး အတွဲ-၁၁၊ စာမျက်နှာ-၁၅၅ မရိပ်နှင့် မောင်ချစ်မောင် အမှုတွင် ပရီဗီကောင်စီက ဟင်ဒူမျိုးနွယ်မှ နယ်မြေပြောင်းရွှေ့ နေထိုင်ခြင်း၊ အခြားလူမျိုးဘာသာဝင်များနှင့် ထိမ်းမြားလက်ထပ်ပေါင်းဖက်ခြင်း၊ အလုပ်အကိုင်သစ်များလုပ်ကိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် **ဟိန္ဒူလူမျိုး မဟုတ်သော ဤကလယ်လူမျိုးနွယ်စုတစ်ရပ် သီးခြားပေါ်ပေါက်ခဲ့ရသည်** ဟုတရားဝင် သုံးသပ်ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

ရန်ကုန်ဟိုက်ကုတ်တရားရုံးတော်၏တရားမကြီးမှုအမှတ်-၃၁၁/၁၉၃၃အရမှု ဤမူလဘုရားကျောင်းသည်ကလယ်မျိုးနွယ်စုတို့အားသီးခြားပေးအပ်သည့် မြေပေါ်တွင်ဆောက်လုပ် ထားခြင်းဖြစ်၍၎င်းတို့အနေနှင့် ၎င်းတို့၏ ဘာသာရေးကိုးကွယ်မှုအတွက် ထိုအချိန်ကာလမှစတင်၍ ၎င်းတို့ကသာလျှင် စီမံအုပ်ချုပ် ဆောင်ရွက်လုပ်ကိုင်လာခဲ့ကြလေသည်။ **သို့ဖြစ်ရကား ဤဘုရားကျောင်းသည် ကလယ်ဘုရားကျောင်းစင်စစ်ဖြစ်ကြောင်းထင်ရှားသည်။** ဂေါပကလူကြီးများကို ပူးတွဲခန့်ထားသင့်၊ မသင့်ပြဿနာမှာ ယခင်အမှုတွင်ပေါ်ပေါက်ခဲ့ပြီးဖြစ်ရာ **တရားဝန်ကြီးဒန်ကာလီ** က ယင်းအမှုတွင် အဆိုပြုချက် သည် ဘုရားကျောင်း၏ သမိုင်းနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေကြောင်း၊၎င်းက**ယင်းသို့ပြုလုပ်မည်ဆိုပါက ကလယ်ဂေါပကလူကြီးများကိုခေတ်ပေါင်းဟင်ဒူဘာသာဝင်များ၏ ချယ်လှယ်မှု လက်အောက်သို့ ပုံအပ်သလိုဖြစ်၍ကလယ်မျိုးနွယ်စုတို့အား ၎င်းတို့၏ ကလယ်ဘုရားကျောင်းစီမံအုပ်ချုပ်မှုမှထုတ်ပယ်ပစ်ရာလည်းရောက်ပေမည်** ဟုစီရင် ဆုံးဖြတ် ဖော်ပြခဲ့လေသည်။

ယခုအခါ ထိုဘုရားကျောင်းကိုဘုရားကျောင်းဒါယကာဦးရွှေမောင်၊ ဦးအုန်းခိုင်၊ ဒေါ်ဒေါ်နုတို့မှ ပေါက်ဖွားဆင်းသက်လာသည့် ကလယ်ဗုဒ္ဓဘာသာ မိသားစုများက ၁၈၅၆မှ စတင်၍ ယနေ့အထိ နှစ်ပေါင်း (၁၆၂) တိုင်တိုင် **ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့** ဖွဲ့ကာ စီမံ အုပ်ချုပ်လျက်ရှိပါသည်။ ဘာသာရေး ပွဲတော်များကိုစဉ်ဆက်မပြတ်ကျင်းပပြီး ငြိမ်းချမ်းသာယာစွာဘာသာတရားကိုင်းရှိုင်းသူပုဂ္ဂိုလ်များ၏ ဘာသာရေး နယ်မြေအဖြစ် ကမ္ဘာလှည့်ခရီးသွားများကပင် မှတ်တမ်းတင်ရာဌာန ဖြစ်ပါသည်။မူလကျောင်းတိုက်ဒါယကာဦးအုန်းခိုင်၊ သမီးဒေါ်ဒေါ်နုမှ ဆင်းသက်လာသည့် ကလယ်ဗုဒ္ဓဘာသာမျိုးနွယ်မိသားစုကပင် ဘုရားကျောင်းဝေယျာဝစ္စအပါအဝင် အဆောက်အဦ အလှူဒါနတို့ကိုမတည်လှူဒါန်းစောင့်ရှောက်လျက်ရှိပါသည်။ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ကလည်း လက်ရှိ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကိုအသိအမှတ်ပြုကာပွဲတော်များကျင်းပခွင့်ပြုလျက်ရှိပါသည်။

ကလယ်ဗုဒ္ဓဘာသာဝင် လူမျိုးများကိုးကွယ်ဝတ်ပြုသည့် ဤကျောင်းတော်သည် ခေတ်နှင့်အညီ ကလယ်ဗုဒ္ဓဘာသာဝင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေးလွတ်လပ်စွာဝင်ရောက်ကိုးကွယ်နိုင်သောဘုရားကျောင်းဖြစ်ပြီးဟိန္ဒူဘာသာရေးပွဲတော်များကို လစဉ်ပွဲတော်စဉ်အလိုက်ပူဇော်ခြင်း၊ နေ့စဉ်ပူဇာ ဝတ်ပြုရှိခိုးခြင်း၊ ဗုဒ္ဓဘာသာဝင်များ၏ဝါတွင်းဝါပ၊ ဝါဆိုပွဲ၊ ကထိန်ပွဲအပါအဝင် ပဌာန်းရွတ်ပွဲများကိုလည်း ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာနှင့်အညီကျင်းပခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်အသီးသီးဖြစ်သော ကွမ်းရင်မယ်တော်၊ ချိုကုန်းဘိုးတော်၊ အန်းကုန်းဘိုးတော်အစရှိသော တရုတ်သိဒ္ဓိရှင် ပုဂ္ဂိုလ်ကြီးများ၊ ဘားမဲ့ဆရာတော်၊ ယက္ကန်းစင်တောင်ဆရာတော်၊ အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင် အစရှိသော မြန်မာသိဒ္ဓိရှင် ဆရာတော်များ၊ ပုဂ္ဂိုလ်ထူးများ၊ ဟိန္ဒူပုဂ္ဂိုလ်ထူး၊ ဆိုင်းဘာဘာ၊ ဟိန္ဒူနတ်ဘုရားများ၊ မယ်တော်များဖြစ်ကြသည့် သျှိဝနတ်မင်း၊ စန္ဒီမယ်တော်၊ မဟာပိန္နဲ၊ သူရဿတီ၊ ကာလီ စသည့် ဒေဝါဒေဝီပေါင်းစုံညီတို့ **ငြိမ်းချမ်းစွာစုစည်းလျက်ရှိသော အများနှင့်မတူထူးခြားသော ကျောင်းတိုက် ဖြစ်ပါသည်။**

ဤကျောင်းတိုက်ကိုယခုအခါ **မဟာပိန္နဲကျောင်းတိုက်** ဟုခေါ်တွင်ပြီးကျောင်းဝင်းအတွင်း၌ **သိမ်တော်ကြီးဆရာတော် ကြီးမှူးတည်ထားသည့် ကျိုက်ပါ မဟာပိန္နဲစေတီ နှင့် ဗုဒ္ဓဂယာမှ ပင့်ဆောင်ပူဇော်ထားသည့် 'မဟာဗောဓိ' ပင်ကြီးကို**လည်းလွန်ခဲ့သောနှစ်ပေါင်း (၃၀) ကျော်မှ စ၍စိုက်ပျိုးပူဇော်ထားပါသည်။ ကလယ်ဗုဒ္ဓဘာသာများအနေဖြင့် ဘုံပျံဆရာတော်ကြီးရေးသားသောဗိုလ်တထောင်သမိုင်းအပါဝင် စာပေအထောက်အထား ခိုင်လုံစွာလေ့လာပြီးရှေးယခင် တဖုဿနှင့် ဘလ္လိကညီနောင်အနက် ဘလ္လိက၏ ဆံတော်ရှင်ကျိုက်ပါစေတီတည်ရာမြေကိုအထွတ်အမြတ်ထား၍ သိမ်တော်ကြီး ဆရာတော်၏ ဩဝါဒကို ခံယူကာကျောက်တံတားမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ကျောက်တံတားမြို့နယ် (၉) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ၊ မူလ ကျောင်းတိုက် ဒါယကာဦးအုန်းခိုင်၊ သမီးဒေါ်ဒေါ်နု တို့၏ ကလယ်ဗုဒ္ဓဘာသာမိသားစုများအပါအဝင် ကလယ်ဗုဒ္ဓဘာသာမျိုးနွယ်စုက **"ကျိုက်ပါမဟာပိန္နဲ ဆံတော်ရှင်စေတီတော်"** ကိုတည်ထားကိုးကွယ်လျက်ရှိပါသည်။

သို့ပါ၍ အမှတ်(၁၄၁)ပန်းဆိုးတန်းလမ်းရှိ **မဟာပိန္နဲကျောင်းတိုက်သည် အများအယူနှင့်မတူသောကလယ်ဗုဒ္ဓဘာသာဝင်များ၏ ကာလိုင်ဘုရားရှိခိုးကျောင်း သာ ဖြစ်ကြောင်း** အများသိစေအပ်ပါသည်။

မဟာပိန္နဲကျောင်းထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးအောင်စိုး**

B.A, R.L, D.B.L, D.M.L, D.I.L

Diploma in International Business Organisation (UK), Diploma in International Intellectual Property (UK)

တရားလွှတ်တော်ရှေ့နေ နှင့် နိုတာရီပဗ္ဗလစ် (စဉ်-၂၁၈၂)

AungSoe& ACE Top Law Firm

အခန်း(၁၂)၊ ပထမထပ်၊ Strand Condo ၊ အမှတ် (၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၄၅၃၈၉၀၇၉၂ Email: aung.soe.u@gmail.com

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။**

(၂) **ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။**

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။**

(၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။**

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။**

(၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။**

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းခန်းမ။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ မိုးလုံလေလုံအားကစားခန်းမ။
(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံတပ်ကျောင်း။
(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းဒါယကာကြီး
## ဦးဘနှင်းချစ် (ပခုက္ကူ)
**အသက် (၈၃) နှစ်**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ်(27/A-2)နေ (ဦးချစ်-ဒေါ်ခင်သန်း)တို့၏သား၊ (ဦးအုန်းဖေ-ဒေါ်မြစိန်)တို့၏ သားသမက်၊ (ဒေါ်ထားထားရီ)၏ ခင်ပွန်း၊ ဒေါ်ခိုင်မြတ်ချစ်-ဦးသန်းထိုက်၊ ဒေါ်အေးမြတ်ချစ်၊ ဒေါ်စုမြတ်ချစ်-ဦးမောင်မောင်ကြီးတို့၏မွေးသဖခင်၊ မဆုရည်သန်းထိုက်၊ မဇေကရီသန်းထိုက်တို့၏အဘိုး ဦးဘနှင်းချစ်သည် ၆-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးသန်းလွင် (ခ) Robin Guy (၇၆)နှစ်
**လက်ထောက်အထွေထွေမန်နေဂျာ (ငြိမ်း) (ဟိုတယ်/ခရီး)**
**အကြီးတန်းနည်းပြ (Kandawgyi Palace Hotel)**
**ဟိုတယ်/ခရီးသင်တန်းကျောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ် (၁၄၂၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်နေ (ဦးဂျော်နီဂိုင်-ဒေါ်မေရီ)တို့၏သား၊ (ဦးတာတာ-ဒေါ်သန်းရှင်)တို့၏သားသမက်၊ ဦးစိုးလွင်-ဒေါ်မမကြီးတို့၏မောင်၊ (Mr. RAJ)-ဒေါ်သင့်သင့်စိန်၊ (ဦးတင်ဦး-ဒေါ်ခင်မေမြင့်)၊ ဦးသြဘာသ၊ ဒေါ်သီတာ (မဇ္ဈိမဂုဏ်ဘုရားဖူးအဖွဲ့)၊ (Mr. Kamath) -ဒေါ်လှလှမြင့်၊ ဒေါ်တင်တင်ခိုင်(MPE-ငြိမ်း)၊ ဒေါ်မိမိခင် (MPE-ငြိမ်း)၊ ဦးသိန်းအောင်(ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း)-(ဒေါ်မင်းမင်းထိုက်)တို့၏အစ်ကိုကြီး၊ ဒေါ်မြင့်မြင့်စိန်၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းလွင်သည် ၆-၈-၂၀၁၈ရက် ည ၇း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၈-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် စိန့်အန်ထော်နီဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းခြင်းပြုပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (စိန့်အန်ထော်နီဘုရားကျောင်းမှ မွန်းလွဲ ၁၂း၁၅နာရီနှင့် ဒဂုံမြို့သစ်နေအိမ်တို့မှ ကား များ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးသန်းလွင် (ခ) Robin Guy (၇၆)နှစ်
**လက်ထောက်အထွေထွေမန်နေဂျာ (ငြိမ်း) (ဟိုတယ်/ခရီး)**
**အကြီးတန်းနည်းပြ (Kandawgyi Palace Hotel)**
**ဟိုတယ်/ခရီးသင်တန်းကျောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ် (၁၄၂၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်နေ (ဦးဂျော်နီဂိုင်-ဒေါ်မေရီ)တို့၏သား၊ (ဦးတာတာ-ဒေါ်သန်းရှင်)တို့၏ သားမက်၊ ဒေါ်မြင့်မြင့်စိန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကျော်စိုး(ခ) Bowie Soe (Havione Macau)-Ms. Lita Soe (Hovione Macau)၊ ဦးဖြိုးဝင်းထွန်း-ဒေါ်ခင်မြသီတာ (CLS Myanmar)၊ ဦးသန်းထွန်းအောင်၊ ဒေါ်ဇာနီလွင် (CVML Limited)တို့၏ ချစ်လှစွာသောဖခင်၊ မဝတ်ရည်ပွင့်ဦး(ခ)Jewel (icare Myanmar)၊ မောင်ဉာဏ်လင်းအောင်(ခ) John (အလက-၁၊ ဒဂုံ)တို့၏ အဘိုးသည် ၆-၈-၂၀၁၈ ည ၇း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၈-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် စိန့်အန်ထော်နီဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (စိန့်အန်ထော်နီဘုရားကျောင်းမှ မွန်းလွဲ ၁၂း၁၅ နာရီနှင့် ဒဂုံမြို့သစ်နေအိမ်တို့မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တောက်ခံယူခြင်း**
## ဒေါ်ဗိုင်သွန်ဘီဘီ(ခ) ဒေါ်စု(ပဲခူး) (၉၄)နှစ်

ပဲခူးမြို့၊ ဇိုင်း/မြောက်၊ ဘူတာလမ်း၊ အမှတ် (၂၉၉/၁၅)နေ (ဦးစူလ်တန်)၏ ဇနီး၊ (ဒေါ်မွတ်စလီမား)၊ (ဦးရာဟင်း-ဒေါ်မာမူဒါ)၊ (ဦးမူစာ-ဒေါ်အမီနာ)၊ ဦးအေးလွင်-ဒေါ်စန်းစန်းနွယ်၊ ဦးနာဂူးဂနီ၊ ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ဌေးဌေးဝင်း၊ ဦးဗိုလ်ဝင်း-ဒေါ်ချောစုတို့၏မိခင်၊ မြေး ၁၈ ယောက်၊ မြစ် ၃၈ ယောက်၊ တီ ၁၂ယောက်တို့၏ နာနီကြီးသည် ၆-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ အဆွလ်အပြီးတွင် ပဲခူးမြို့၊ ဆင်ဖြူကွင်း ကဗာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးအေးနိုင် (၅၂)နှစ်

ရန်ကုန်မြို့နေ ဦးရဲမြင့်-(ဒေါ်သန်းမြင့်)တို့၏သားကြီး၊ (ဦးအုန်းမြင့်)-ဒေါ်ခင်ရီတို့၏ သားသမက်၊ (ဦးသန်းဦး-ဒေါ်တင်တင်ဝင်း)တို့၏ ညီ/မောင်၊ ဦးရဲထွဋ်-ဒေါ်မာမာလွင်၊ ဦးမိုးကျော်-ဒေါ်တင်တင်နွယ်၊ (ဦးဆန်းလင်း)၊ ကိုရဲကျော်စွာ၊ ကိုအောင်အောင်တို့၏ အစ်ကို၊ ဒေါ်တင်တင်ထွေး၏ ချစ်လှစွာသောခင်ပွန်း၊ မဟေမာဝင်းနိုင်၊ မောင်အောင်ကျော်မင်းနိုင်တို့၏မွေးသဖခင်ကျေးဇူးရှင်သည် ၆-၈-၂၀၁၈ (တနင်္လာနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကျိုက်စု အအေးတိုက်မှ ကျိုက်စုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် အမှတ်(၉၂၂)၊ စိန်ပဒေသာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သန်းဌေး (၇၃)နှစ်
**(T.T.C)ကျောင်းသူဟောင်း**
**ပညာရေးတက္ကသိုလ်(ငွေစာရင်းဌာန)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြကန်သာ(၂)လမ်း၊ အမှတ် (၉)နေ (ဦးလှမောင်-ဒေါ်တင်ကြည်)တို့၏ သမီး၊ ဦးကြီးမြင့်-(ဒေါ်နှင်းကြည်)တို့၏ ညီမ၊ မဥမ္မာခင်-ကိုကြည်မျိုးသူ၊ မသန္တာအောင်-ကိုဇေယျာဝင်းတို့၏အဒေါ်၊ မြေးလေးယောက်တို့၏ အဘွားသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၈ (တနင်္လာနေ့)တွင် အမှတ် (၉)၊ မြကန်သာ (၂)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မမြတ်သွယ်ထွန်း(မီးကြီး) အသက်(၃၃)နှစ်
**အထက(၁)၊ ကမာရွတ်၊ မရမ်းခြံ**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၈)နေ ဦးသိန်းအောင်(မြိတ်) (တရားလွှတ်တော်ရှေ့နေ)-ဒေါ်စမ်းစမ်းရှင်တို့၏ သမီး၊ မောင်ထွန်းမြတ်ချို-မဇူးသက်မျိုးတို့၏ညီမ၊ မယုမြတ်ထွန်း (တရားလွှတ်တော်ရှေ့နေ)၏ အစ်မသည် ၆-၈-၂၀၁၈ ရက် ည ၉း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးသွေးရောဂါဌာန၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ ရက် ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးရှင်(တိုက်ကြီး) (၁၀၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၈၁/I)နေ (ဦးမောင်တင်)၏ဇနီး၊ (ဒေါ်ကြည်)၊ ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း) (မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်အေးသန်း(ဒု-လ/ထညွှန်ကြားရေးမှူး၊ ကစလ-ငြိမ်း)၊ (ဦးသန်းအောင်)-ဒေါ်စန်းဝင်း (ကစလ-ငြိမ်း)တို့၏မိခင်၊ ဒေါ်နုနုရီ၊ ဒေါ်နုနုကြည်၊ ဦးချမ်းငြိမ်းကျော်(ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းဦးစီးဌာန)-ဒေါ်ဝင်းသီတာ(လ/ထ မန်နေဂျာ Air KBZ Ltd.)၊ ဒေါ်ခိုင်ဇာဝင်း (မြဝတီဘဏ်လီမိတက်)၊ ဦးကျော်သုဝဏ် (ရီရှင်းကုမ္ပဏီ)-ဒေါ်အေးချမ်းမြင့်(MM B Bank)တို့၏ အဘွား၊ မြစ် ၁၁ ယောက်တို့၏ ဘွားဘွားကြီးသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## Miss Josephine D.castro ဒေါ်လေးကြည်
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**အသက် (၁၀၀)**

မြိတ်မြို့၊ ဈေးတန်းရပ်၊ သဟာယလမ်း၊ အမှတ် (၂၀၅)နေ (ဦးဘိုးစိန်-ဒေါ်ချစ်ထူး)တို့၏သမီး၊ (ဒေါ်လွန်)၊ (ဒေါ်ချစ်ဦး)၊ (ဒေါ်ချစ်လုံး)တို့၏ တူမ၊ ဒေါ်ဖရီဒါ (Miss. F.D Castro)၊ (ဦးဦးတုတ်)၊ (ဒေါ်တင်ညွန့်)၊ (ဦးသိန်းဟန်)တို့၏ ညီမ၊ Mrs. Ann Berney (Australia)၊ဦးမြင့်သိန်း၊ ဦးတင်ဝင်း၊ ဒေါ်ကြူကြူဝင်း၊ ဦးမောင်မောင်ညွန့်၊ ဦးညီညီဝင်း၊ (ဦးညီညီဌေး)၊ (ဦးဘိုနီ)၊ ဒေါ်သန်းသန်းလှတို့၏ အဒေါ်သည် ၆-၈-၂၀၁၈ (တနင်္လာနေ့) ညနေ ၃း၃၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၈-၂၀၁၈(သောကြာနေ့) နံနက် ၁၀နာရီတွင် တလိုင်းစု၊ ကက်သလစ်ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ကလွင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးရီ (၈၃)နှစ်
**လ/ထ စက်ရုံမှူး(ငြိမ်း)၊ စက်မှုဝန်ထမ်းဟောင်းအသင်းဝင်**

မုံရွာမြို့၊ ဘုရားကြီးရပ်နေ (ဦးဘရင်-ဒေါ်အေးတင်)တို့၏ သား၊ (ဒေါ်ခင်မလေး)၏ခင်ပွန်း၊ မုံရွာမြို့ထန်းတောရပ်နေ ဦးညီမောင်-ဒေါ်မြသန်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တိုက်(၅)၊ လေးလွှာ၊ (၁၆၃)လမ်းနေ ဦးမောင်မောင်-ဒေါ်အေးအေးရီ၊ ဦးရဲခိုင်ထွန်း-ဒေါ်ဆွေဆွေရီ၊ (ဒေါ်သန္တာရီ)တို့၏ကျေးဇူးရှင်ဖခင်၊ ဗိုလ်ကြီးစိုးရန်နောင် (ခေတ္တ-မော်စကို)၊ မောင်ထက်ဝေယံတို့၏ ချစ်လှစွာသောအဘိုးသည် ၆-၈-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ တိုက်အမှတ်(၅)၊ လေးလွှာ၊ (၁၆၃)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်မြသိန်း (၈၃)နှစ်
**B.S (Engg: Physics) M.S (Maths) M.S (Physics)**
**University of Illinoi, U.S.A**
**ဒုပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**
**အကြံပေးအရာရှိ(ငြိမ်း)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

ရန်ကုန်မြို့ နေ (ဦးဘဦး-ဒေါ်မနု)တို့၏ သား၊ ဦးလှဘော်ဦး-ဒေါ်အေးကြည်၊ (ဦးထွန်းလှအောင်)-ဒေါ်မြကြည်၊ [ဦးကျော်ကျော် (မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)]-ဒေါ်စံသိန်း(လုပ်သားများကောလိပ်-ငြိမ်း)တို့၏ညီ၊ [ဦးကျော်မြသန်း (လ/ထ အထွေထွေမန်နေဂျာ၊ အာရှနေဘဏ်)]-ဒေါ်သွင်သွင်၊ ဗိုလ်မှူးလူသန့်(ငြိမ်း)-ဒေါ်ခင်မိမိ (ထ/ပြ-ငြိမ်း၊ အထက-၁၊ ဒဂုံ)၊ [ဦးလှမောင် (တပ်ကြပ်ကြီး-လေ၊ ငြိမ်း)]-ဒေါ်အေးဟန်တို့၏အစ်ကို ဦးကျော်မြသိန်းသည် ၇-၈-၂၀၁၈ ရက် နံနက် ၈း၂၀ နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူ ညီအစ်ကိုများ

## ဦးဘနှင်းချစ်(ပခုက္ကူ) အသက်(၈၃)နှစ်

ပခုက္ကူခရိုင်အသင်း၏ နာယကဖြစ်သူ ဦးဘနှင်းချစ်သည် ၆-၈-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ပခုက္ကူအသင်းသား၊ အသင်းသူများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့
ပခုက္ကူခရိုင်အသင်း (ရန်ကုန်)

## ဦးကျော်ဖြိုးမောင်မောင် အသက် (၄၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ (၈)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ် (၁၈၂)နေ (ဦးမောင်မောင်တင်)-ဒေါ်စန်းဦးတို့၏သားကြီး၊ ဦးသန်းမောင်-ဒေါ်အေးခင်တို့၏ သားသမက်၊ ဒေါ်လဲ့လဲ့ခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းခန့်မောင်မောင်၊ မဆုမြတ်သက်ဝေတို့၏ဖခင်၊ မမေဖြိုးမောင်မောင်၊ (ကိုသန့်ဖြိုးမောင်မောင်)တို့၏ အစ်ကို၊ ကိုပြည့်ဖြိုးအောင်၊ မဇင်မဒီမောင်မောင်တို့၏ဘကြီး ဦးကျော်ဖြိုးမောင်မောင်သည် ၆-၈-၂၀၁၈(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့ လိပ်ဥကုန်း မြန်မာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘအေး(ရမ်းဗြဲ၊ ကျောက်ဖြူ)
**ပါတီယူနစ် ဥက္ကဋ္ဌဟောင်း(ရမ်းဗြဲမြို့)၊ အလက(၆)လှိုင်မြို့နယ်**
**အသက်(၈၆)နှစ်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်နေ (ဦးဖိုးသန့်-ဒေါ်စိန်ရင်)တို့၏ သား၊ (ဦးရဲကျော်သူ-ဒေါ်စိန်မြဖြူ)တို့၏ သားသမက်၊ (ဦးဘကျော်)၊ (ဒေါ်သာနု)၊ ဒေါ်သိန်းခင်တို့၏ညီ/မောင်၊ (ဦးဘစိန်)၊ ဦးဘသောင်း၊ ဦးညီကျော်၊ ဒေါ်ခင်ခင်အေး၊ ဦးကျော်ငြိမ်း၊ (ဦးကျော်ထွေး)တို့၏ အစ်ကို၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ သုခမြတ်လမ်း၊ အမှတ်(၅၆၉)နေ ဒေါ်ခင်မြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ခင်အေးမြင့်၊ ဦးခင်မောင်သက်-Helen၊ ဦးသက်နိုင်၊ ဒေါ်ခင်သက်ရီ၊ ဦးမြင့်စိုး-ဒေါ်စန္ဒာတို့၏ ချစ်လှစွာသောဖခင်၊ Khevin Thet၊ မစိုးလမင်းမော်၊ မစိုးလမင်းသော်တို့၏ ချစ်လှစွာသော အဘိုးသည် ၆-၈-၂၀၁၈ (တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ သုခမြတ်လမ်း၊ အမှတ်(၅၆၉) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# အာနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ဝင်း (၆၆)နှစ်
**(MD-ERS Technology )**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပြည်တော်သာရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၁၂/ခ)နေ (ဦးသာလွင်-ဒေါ်သင်းမြ)တို့၏သမီး၊ မင်္ဂလာဒုံမြို့နယ်၊(၃/ခ)နေ (ဦးအောင်မြင့်)-ဒေါ်တင်တင်ဝင်း၊ ပတ္တမြားနေ ဦးလှကြည်-ဒေါ်ကြည်အေးတို့၏ညီမ၊ မင်္ဂလာဒုံမြို့နယ်၊ (၃/ခ)နေ ဦးလေးနိုင်-ဒေါ်ခင်ရီ၊ ရွှေပြည်သာနေ (ဦးသန်းအောင်-ဒေါ်စန်း)တို့၏ အစ်မ၊ မင်္ဂလာဒုံမြို့နယ်၊ ပြည်တော်သာရပ်ကွက်နေ ဦးမျိုးကျော်ခိုင်-ဒေါ်သွယ်သွယ်ဦး၊ ဦးမျိုးဇော်ခိုင်-ဒေါ်နှင်းနုနုထွေးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွား၊ (ဦးဗိုလ်ကျင်ခိုင်)၏ဇနီးသည် ၆-၈-၂၀၁၈(တနင်္လာနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈(တနင်္ဂနွေနေ့) နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပြည်တော်သာရပ်ကွက်၊ (၆)လမ်း၊ အမှတ် (၁၂/ခ)နေ ဒေါ်ခင်ဝင်း၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း ဒါယိကာမကြီး
## ဒေါ်ရှုလေ (၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးချစ်နိုင်-ဒေါ်မိ)တို့၏ သမီး၊ (ဦးချစ်တင်-ဒေါ်ခင်သီ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၃၇၄)၊ ကမ်းနားလမ်း၊ (ပ)ထပ်၊ (၅)ရပ်ကွက်၊ လသာမြို့နယ်နေ ဦးကျော်စိုး၏ချစ်လှစွာသောဇနီး၊ မောင်ဟန်ဝင်းထွန်း၊ မသဥ္ဇာဦးတို့၏မွေးသမိခင်သည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀း၃၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးအောင်ချစ်ငြိမ်း (၃၅)နှစ်
**(TTC-2000)**
**GM-Teeh Fcen Myanmar**

မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သန့်စင်လမ်း၊အမှတ်(၄၈)နေ ဦးအောင်စိုးဆွေ-ဒေါ်ကြေးမုံတို့၏ သားကြီး၊ ဦးအုန်းကျော်-ဒေါ်ပြုံးရီတို့၏ သားသမက်၊ ဦးမြတ်ထွန်းစိုး (Ooredoo Co.,)၊ ဦးသက်ဟိန်းအောင်တို့၏ အစ်ကို၊ ဦးစန်းမောင်၊ (မလေးလုံ)၊ (ဒေါ်တင်တင်ဆွေ)၊ ဒေါ်တင်တင်နု၊ ဒေါ်ယဉ်လှဝေ၊ ဒေါ်တင်လှမေ၊ ကိုသိန်းအောင်တို့၏တူ၊ ဝိုင်းဝိုင်း (အထက-၂ စမ်းချောင်း)၊ မေသက်ပိုင်ချစ်တို့၏ဖခင်၊ ဒေါ်ဇင်သီတာ၏ ချစ်ခင်ပွန်း ဦးအောင်ချစ်ငြိမ်းသည် ၇-၈-၂၀၁၈ ရက် နံနက် ၉း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ခန်းမ၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## မမြတ်သွယ်ထွန်း(မီးကြီး) အသက်(၃၃)နှစ်
**Japan Quality Online Shopping**

ရန်ကုန်မြို့၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၈)နေ ဦးသိန်းအောင် (တရားလွှတ်တော်ရှေ့နေ)-ဒေါ်စမ်းစမ်းရှင်တို့၏သမီး၊ ရန်ကုန်မြို့၊ ကန်/နောက်ရပ်ကွက်၊ (၈၇)လမ်း၊ အမှတ်(၃၃)နေ ဦးအေးမင်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်လှလှဝင်းတို့၏ သမီးချွေးမ၊ ကိုထွန်းမြတ်ချို-မဇူးသက်မျိုးတို့၏ညီမ၊ မယုမြတ်ထွန်း(တရားလွှတ်တော်ရှေ့နေ)၏အစ်မ၊ ကိုသီဟသက်-မနန္ဒာအေးမင်းတို့၏ညီမ၊ ကိုဥက္ကာအေးမင်း(JKA. Sushi boys Founder)၏ချစ်လှစွာသောဇနီး၊ မောင်အဂ္ဂါအေးမင်း (အင်္ဂမတန်း-H၊ အထက-၁၊ ဒဂုံ)၏ ချစ်လှစွာသောမိခင်သည် ၆-၈-၂၀၁၈ ရက် ည ၉း၃၀နာရီတွင် ရန်ကုန်မြို့ သွေးရောဂါဌာန၊ ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ ရက် ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရွှေဘုန်းပွင့်စေတီတော်ဩဝါဒါစရိယဆရာတော်
## ဘဒ္ဒန္တ ဝါယမ မဟာထေရ်
## သိက္ခာတော် (၇၃) ဝါ၊ သက်တော် (၉၃) နှစ်
**ရွှေဘုန်းပွင့်ကျောင်းကြီးကျောင်း၊ ပုဇွန်တောင်**
**ရွာသာပျော်ရွာ၊ တပ်ကုန်းမြို့၊ နေပြည်တော်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်တိုက် ကျောင်းကြီးကျောင်း၏ ဦးစီးပဓာန နာယကဆရာတော် ရွှေဘုန်းပွင့်ဩဝါဒါစရိယ ဘဒ္ဒန္တ ဝါယမ မဟာထေရ်သည် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်) ၆-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၅း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁ ရက်) ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူ ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးတစ်စု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ဝဏ္ဏိတ(ခ)ဆရာဦးလှဝင်း
## သိက္ခာတော် (၁၀)ဝါ၊ သက်တော် (၇၂)နှစ်
**သေက္ခတောင်ကျောင်းတိုက်၊ သေက္ခတောင်(ကျိုက်ထို)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေကြွယ် (က)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၉၄)နေ (ခမည်းတော်ဦးအေးမောင်-မယ်တော် ဒေါ်တင်ရွှေ)တို့၏သားကြီး၊ ဒေါ်သင်းသင်းကြည်၏မောင်၊ (ဦးတင်အုန်း)၊ အရှင်နရိန္ဒ(နန္ဒဝန်အလယ်ကျောင်းဆရာတော်)၊ (ဒေါ်မြင့်မြင့်ဝင်း)၊ ဒေါ်ငွေငွေတင်၊ (ဒေါ်တင်တင်သိန်း)၊ ဒေါ်သင်းသင်းရီတို့၏အစ်ကို၊ မဥမ္မာမော်၊ မတင့်တင့်ခိုင်၊ ဗိုလ်မှူးမင်းသူအောင်တို့၏ဘကြီးသည် ၆-၈-၂၀၁၈(တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် သျှင်ပါကူဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတင်အောင် (၉၂)နှစ်
**ပစ္စည်းထိန်း အရာရှိ(၂)(ငြိမ်း)**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၄၁၄/ခ)နေ (ဦးညီပု-ဒေါ်အေးဖြူ)တို့၏သား၊ (ဦးကျော်မြ-ဒေါ်သိန်းကြွယ်)တို့၏သားသမက်၊ (ဒေါ်ခင်ခင်)၏ ချစ်လှစွာသောခင်ပွန်း၊ (Captain ဦးခင်မောင်ဝေ)-ဒေါ်ဆွေဆွေမြင့်၊ ဦးတင်မောင်ဝေ-(ဒေါ်သင်းသင်းဌေး)၊ ဦးမြတ်ဇော်ဦး (CMA SHIPS SINGAPORE PTE LTD)-ဒေါ်ခင်မာဝေ (အလက-၃၊ တာမွေ၊ အလပြ-ငြိမ်း)၊ ဦးမြင့်ဦး-ဒေါ်တင်မာဝေ(ယခင် အထက-၂၊ တာမွေ)တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ မြစ်ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၇-၈-၂၀၁၈ ရက် နံနက် ၁၀း၃၀နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်မြသိန်း (၈၃)နှစ်
**B.S (Engg: Physics) M.S (Maths) M.S (Physics)**
**University of Illinoi, U.S.A**
**ဒုပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**
**အကြံပေးအရာရှိ(ငြိမ်း)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

စင်ကာပူမြို့နေ ဒေါ်စန်းစန်းမြင့် (ယခင်ဌာနခွဲမန်နေဂျာ ကုန်သွယ်ရေး)၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါက်တာချိုချိုစန်း)၊ ဦးဇော်ဝင်းအောင်၊ ဒေါ်ခင်စန္ဒာ-ဦးဇာနည်သန်းဦးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ကောင်းထက်ဇာနည်၏အဘိုး ဦးကျော်မြသိန်းသည် ၇-၈-၂၀၁၈ရက် နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ ရက်တွင် ဈာပနအခမ်းအနားကို စင်ကာပူနိုင်ငံ Mandai Crematorium ၌ ပြုလုပ်မည်ဖြစ်ပါအကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာမြင့်ရွှေ (၇၄)နှစ်
**(B.D.S), (F.I.C.C.D.E), (Dip. D. Sc), (F.I.C.D)**
**မေခလာအထူးကုဆေးခန်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ပဒေသာတိုက်နေ (ဦးဘိုကြီး-ဒေါ်အုန်းခင်)တို့၏သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးစံတင်-ဒေါ်လှရီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၁၁၉)နေ ဒေါက်တာဒေါ်ကြည်ကြည်ဝင်း(မေခလာအထူးကုဆေးခန်း)၏ ခင်ပွန်း၊ ဦးဇာနည်ထွန်း-ဒေါ်ကလျာမြင့်၊ ဦးထက်လိုင်ဝင်း-ဒေါ်ဇာဖြူမြင့်၊ ဦးပြေဖြိုးမြင့်-ဒေါ်ကေခိုင်နှင်း၊ ဒေါက်တာဇေဖြိုးမြင့်-ဒေါ်အမရာမြတ်၊ ဦးကျော်သူ-ဒေါ်ဥမ္မာမြင့်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဒေါက်တာမြင့်ရွှေသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၃း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်မော် (၄၇)နှစ်
**အကြီးတန်းမန်နေဂျာ (UAB ဘုရင့်နောင်ဘဏ်ခွဲ)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘောဂလမ်းနေ (ဦးစိုးသိန်း-ဒေါ်ခင်ကြိုင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဦးလှော်ခြံလမ်း၊ အမှတ်(၁၀)နေ ဦးသန်းဝင်း-ဒေါ်တင်ဝင်းတို့၏ သမီးချွေးမ၊ (ဦးမြတ်သာ)-ဒေါ်သန်းသန်းမော်၊ ဒေါ်ယဉ်ယဉ်မော်၊ ဦးအောင်နိုင်-ဒေါ်ဝင်းဝင်းမော်တို့၏ ညီမ၊ ဦးကျော်ကျော်ဝင်း(AGDဘဏ်)၏ ချစ်လှစွာသောဇနီး၊ မခိုင်ယဉ်ဖြိုး (အထက-၂၊ ကမာရွတ်)၏မွေးသမိခင် ဒေါ်မြင့်မြင့်မော်သည် ၆-၈-၂၀၁၈ (တနင်္လာနေ့) ည ၇း၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် အမှတ်(၁၀)၊ ဦးလှော်ခြံလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အထိမ်းအမှတ် ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်း၌ ဆက်လက်ကျင်းပ



ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အထိမ်းအမှတ် နိုင်ငံရေးဆွေးနွေးပွဲကို ရန်ကုန်တက္ကသိုလ်နယ်မြေ ဝိဇ္ဇာခန်းမ၌ ကျင်းပစဉ်။

**ရန်ကုန် ဩဂုတ် ၇**

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အထိမ်းအမှတ် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယနေ့)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်း၌ ဆက်လက်ကျင်းပရာ အဆိုပါ အရေးတော်ပုံတွင် ပါဝင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ရဟန်းရှင်လူပြည်သူများ တက်ရောက်ဆွေးနွေးကြသည်။

ယနေ့နံနက် ၉ နာရီတွင် အဆိုပါ တက္ကသိုလ်နယ်မြေအတွင်းရှိ ဝိဇ္ဇာခန်းမ၌ နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယနေ့)ကို ကျင်းပရာ "မြန်မာ့နိုင်ငံရေးနှင့် စစ်အာဏာရှင်စနစ်" ခေါင်းစဉ်ဖြင့် တက်ရောက်လာကြသူများက အလှည့်ကျဆွေးနွေးမှုများပြုလုပ်ကြပြီး ဆွေးနွေးမှုရလဒ်များကို မှတ်တမ်းတင်သည်။

အလားတူ နိုင်ငံရေးဆွေးနွေးပွဲ ပထမနေ့(ဩဂုတ် ၆ ရက်)နံနက်ပိုင်းတွင် "ဒီမိုကရေစီရေး နှစ်သုံးဆယ်ခရီး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် "တိုင်းရင်းသားများ တန်းတူညီမျှရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု"ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးမှုများပြုလုပ်ကြပြီး ဆွေးနွေးမှုရလဒ်များကို မှတ်တမ်းတင်သည်။

ယနေ့ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံတွင် ပါဝင်ခဲ့ကြသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ရဟန်းရှင်လူပြည်သူများ တက်ရောက်ကြသည်။

ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀) ပြည့် အထိမ်းအမှတ်အနေဖြင့် ရှစ်လေးလုံးအရေးတော်ပုံ သမိုင်းဖြစ်စဉ်ကို လူငယ်များသိရှိစေရန်အတွက် အဆိုပါ တက္ကသိုလ်ဝင်းအတွင်းရှိ အပန်းဖြေရိပ်သာ (RC) ၌ အရေးတော်ပုံမတိုင်မီ နိုင်ငံရေးအခြေအနေများ၊ အရေးတော်ပုံကာလနှင့် အရေးတော်ပုံကာလအလွန် နိုင်ငံရေးအခြေအနေများ၊ အရေးတော်ပုံ ကာလအတွင်းမှ ရဟန်းရှင်လူ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထု၏ လှုပ်ရှားမှုပုံရိပ် မှတ်တမ်းဓာတ်ပုံများ၊ သတင်းထုတ်ပြန်ချက်များ၊ အရေးတော်ပုံကာလအတွင်း အသုံးပြုခဲ့သည့် အလံများနှင့် အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသထားသည့်အပြင် အရေးတော်ပုံနှင့်ပတ်သက်သည့် ကာတွန်းများ၊ ပိုစတာများကို အများပြည်သူကြည့်ရှုနိုင်ရန် ပြကွက်များဖြင့် ပြသထားသည်။

အဆိုပါ အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်း၌ သုံးရက်ကြာပြုလုပ်လျက်ရှိပြီး ဩဂုတ် ၈ ရက်တွင် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ-ဖေဇော်**

## ပခုက္ကူမြို့နယ်၌ ကျင်းပမည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံပြည်သူများ စကားဝိုင်း(Peace Talk) အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၉ နာရီ ၄၅ မိနစ်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ mntv၊ SKY Net Up to Date၊ SKY Net တိုင်းရင်းသား၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ MIR (Radio) နှင့် MOI Webportal Myanmar Facebook၊ MRTV Facebook၊ Myanmar Digital News Facebook၊ President Office၊ Myanmar State Counsellor Office နှင့် Information Committee Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးကဲဒီရေတက်မည့် အခြေအနေအား မိဘပြည်သူများသို့ အသိပေး ပန်ကြားခြင်း

ရန်ကုန်မြို့၏ ရေစွန့်ထုတ်မှုစနစ်သည် ဒီရေအတက်အကျရှိသော ရန်ကုန်မြစ်ကို အခြေခံထားခြင်းဖြစ်ရာ ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်သည့် အချိန်များတွင် အနိမ့်ပိုင်းနေရာများသို့ ဒီရေဝင်ရောက်မှုများ ရှိနိုင်သည်။

ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်အထိ ကာလတွင် ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်မည်ဖြစ်ပါသဖြင့် ဒီရေတက်သည့် အချိန်နှင့် မိုးသည်းထန်စွာ ရွာသွန်းချိန် တိုက်ဆိုင်ပါက အနိမ့်ပိုင်းနေရာများတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေး ပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

"Psychology in Management-Marketing-Education ဘာသာရပ်များအကြောင်း"

National University of Singapore မှ PhD ရရှိထားသော Dr Lidia Suarez မှ ရှင်းလင်းပြောကြားပေးပါမည်

➤ What is Psychology?

Psychology ဘာသာရပ်ဆိုတာဘာလဲ ..... ဘွဲ့ရပြီးရင် ဘယ်လိုနယ်ပယ်နေရာတွေမှာ အလုပ်လုပ်လို့ရနိုင်လဲ .....

➤ iGCSE ဖြေဆိုထားသူများ၊ မြန်မာနိုင်ငံမှာ (၁၀)တန်းအောင် ကျောင်းသူကျောင်းသားများအတွက်

- မြန်မာနိုင်ငံတွင် (၁)နှစ် + စင်ကာပူနိုင်ငံတွင် (၂)နှစ်ခန့်တက်ရောက်ပြီး ရယူနိုင်သည့် ထိပ်တန်းသြစတြေးလျဘွဲ့ဒီဂရီများ
- စိတ်ပညာဘာသာရပ် Psychology နှင့်ဆက်စပ်သည့် Management-Marketing-Education နယ်ပယ်များနှင့် ဆက်စပ်အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကိုပါ ထည့်သွင်းဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

12th AUG 2018
10:00 am - 12:00 pm
NOVOTEL HOTEL

ဖုန်းနံပါတ် - ၀၁ ၅၂၇ ၈၃၈၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၁ ၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၂ ၊ ၀၉ ၄၅၀ ၂၀၀ ၀၈၀



DR. LIDIA SUÁREZ (Senior Lecturer / Head of Academic)
PhD - National University of Singapore (Singapore)

CROWN EDUCATION
ROYAL ACADEMIC INSTITUTE
JAMES COOK UNIVERSITY SINGAPORE Celebrating 15 YEARS 2003-2018